မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက် ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၂၈၃)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး(၂/ ၂၀၁၉) တွင် အမှာစကားပြောကြား



နေပြည်တော် ဇူလိုင် ၉

**အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး (၂/ ၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။**

ညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီအကြံပေး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းပြီးနောက် ရေနှင့်ဆက်နွယ်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲရေးနှင့် အကျိုးရှိစွာ အသုံးချနိုင်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများ ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ်ကဏ္ဍဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးရန် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးများကို ကျင်းပလျက်ရှိရာ ယခုအခါ (၁၀)ကြိမ်မြောက်ဖြစ်ပါကြောင်း။

ညှိနှိုင်းအစည်းအဝေးများမှတစ်ဆင့် ရေနှင့်ဆက်နွယ်သည့်ဝန်ကြီးဌာန အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ကော်မတီ၏

*စာမျက်နှာ ၃ ကော်လံ ၁* ✽

**အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး (၂/ ၂၀၁၉)တွင် အမှာစကား ပြောကြားစဉ်။**

သတင်းစဉ်



KBZ BANK
(6) CONSECUTIVE YEARS
'BANK OF THE YEAR IN MYANMAR 2018'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ပင်လယ်ငါးဖမ်းလုပ်သားများဘဝ စနစ်တကျနှင့် အာမခံချက်ရကြစေဖို့

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လာခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ပြီဖြစ်သော်လည်း လူကုန်ကူးမှုများမှာ စဉ်ဆက်မပြတ်ဖြစ်ပွားနေဆဲဖြစ်ကြောင်း ၂၀၁၈ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းသို့ဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းရင်းမှာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ လူနေမှုဘဝအခြေအနေများကြောင့် ဖြစ်သည်ဟုလည်း ဆိုထားသည်။ လူကုန်ကူးမှုဟုဆိုရာတွင် အိမ်နီးချင်းနိုင်ငံများသို့ လည်းကောင်း၊ ပြည်တွင်း၌ပင်လည်းကောင်း လူကုန်ကူးမှုများ ဖြစ်ပွားနေကြောင်း၊ လူကုန်ကူးခံရမှုဖြစ်စဉ်များတွင် အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မထိမ်းမြား လက်ထပ်ခြင်း၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း၊ အဓမ္မမွေးစားခြင်းနှင့် ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း စသော ပုံစံ (၅)မျိုးအပြင် ထူးခြားမှုခင်းအဖြစ် အဓမ္မအငှားကိုယ်ဝန်ဆောင်ခံရမှုကိုလည်းတွေ့ရကြောင်း အဆိုပါ အစီရင်ခံစာအရ သိရှိရသည်။

လူကုန်ကူးမှုဟူသည် “ခေါင်းပုံဖြတ်ခြင်းပြုရန်” အတွက် လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းတို့ ပြုလုပ်ခြင်းဖြစ်သည်။ ဤသို့ ပြုလုပ်ရာတွင် လူကုန်ကူးခံရသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ-ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေးသို့မဟုတ် အကျိုးအမြတ်ကို ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းများ အကျုံးဝင်သည်။

၂၀၁၈ ခုနှစ်အတွင်း အဓမ္မလက်ထပ်ထိမ်းမြားမှု ၁၅၅ မှု၊ အဓမ္မပြည့်တန်ဆာပြုမှု ၂၈ မှု၊ အဓမ္မစေခိုင်းမှု ၁၈ မှု၊ အဓမ္မမွေးစားမှု တစ်မှု၊ အဓမ္မအငှားကိုယ်ဝန်ဆောင်မှု လေးမှုဖြစ်ပွားခဲ့ကြောင်းနှင့် လူကုန်ကူးခံရသူ စုစုပေါင်း၏ ၁၁ ဒသမ ၉၉ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ပြီး ၈၈ ဒသမ ၀၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်းလည်း လေ့လာသိရှိရသည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများ၏ ရေလုပ်ငန်းများနှင့် မြန်မာ့ပင်လယ်ပြင် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများအတွင်း ရေလုပ်သားများအဖြစ် လုပ်ကိုင်ခြင်းမှတစ်ဆင့် လူကုန်ကူးခံရခြင်းမှ တားဆီးနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယ (၅) နှစ် စီမံကိန်း၏ လုပ်ငန်းစီမံချက်များတွင် ပူးပေါင်းပါဝင်နိုင်ရန် အကောင်အထည်ဖော်နေကြောင်းလည်း သိရှိရသည်။

တစ်ပြိုင်တည်းမှာပင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ဆက်စပ်နေသည့် ကမ်းနီးကမ်းဝေးပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် ရေလုပ်သားများ အဓမ္မခိုင်းစေခံရမှု၊ လုပ်အားခေါင်းပုံဖြတ်မှု၊ ထိုက်သင့်သည့် လုပ်ခလစာမရရှိမှု၊ လူမှုဖူလုံရေးဆိုင်ရာ ခံစားခွင့်များမရရှိမှု၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေကြောင်း သတင်းများကို သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ သိရှိနေရသည်။ စာရင်းဇယားတစ်ရပ်အရ မြန်မာနိုင်ငံ၏ ရေချိုရေငန်ငါးလုပ်ငန်းများတွင် အချိန်ပြည့်၊ အချိန်ပိုင်းဝင်ရောက်လုပ်ကိုင်နေသူ ၃၂ သိန်းကျော်ရှိနေပြီး ယင်းအနက် ၅၇ ရာခိုင်နှုန်းသည် ရေချိုငါးလုပ်ငန်းတွင် လည်းကောင်း၊ ၄၃ ရာခိုင်နှုန်းသည် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းတွင်လည်းကောင်း လုပ်ကိုင်နေကြသည်ဟုဆိုထားရာ လျစ်လျူရှုထားရန် မသင့်သည့်အခြေအနေတစ်ရပ်ပင်ဖြစ်သည်ဟု ဆိုရပေမည်။

မိမိတို့၏ အိမ်နီးချင်းနိုင်ငံတစ်ခုမှ ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ၎င်းနိုင်ငံ၏ နာမည်တွင် အမည်းစက်များ စွန်းထင်းခဲ့ရသည့် သာဓကကို သင်ခန်းစာယူ၍ မြန်မာ့ပင်လယ်ပြင်ငါးလုပ်ငန်းများတွင် အလားတူအဖြစ်မျိုးမဖြစ်ရအောင် တားဆီးနိုင်ပါစေကြောင်း။ ။

# မွေးကင်းစမှ အသက် ငါးနှစ် အရွယ်ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်း သုံးကြိမ် မပျက်မကွက်တိုက်ကျွေးကြရန် အသိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် အသွင်ပြောင်းပိုလီယိုပိုးတွေ့ရှိမှုအပေါ်တွင် ကူးစက်မှုလျင်မြန်စွာ ထိန်းချုပ်တားဆီးနိုင်ရန်အတွက် ယင်းမြို့နယ်နှင့်နယ်မြေထိစပ်လျက်ရှိပြီး ကာကွယ်ဆေးထိုးလွှမ်းခြုံမှုအားနည်းသော မြို့နယ် ၁၂ မြို့နယ်၌ ရည်မှန်းကလေးသုံးသိန်းခန့်ကို ပိုလီယိုကာကွယ်ဆေးအပိုဆောင်း သုံးကြိမ် နှစ်ပတ်ခြားကာ ဇူလိုင် ၇ ရက်က စတင်တိုက်ကျွေးခဲ့ကြောင်း သိရသည်။

မွေးကင်းစမှ အသက် ၁၅ နှစ်အထိ ကလေးများကို ကရင်ပြည်နယ် ဖာပွန်မြို့နယ်နှင့် ယင်းပြည်နယ်အတွင်း အခြားမြို့နယ် ခြောက်မြို့နယ်စလုံးတွင် လည်းကောင်း၊ မွေးကင်းစမှ အသက် ငါးနှစ်အရွယ် ကလေးငယ်များကို မွန်ပြည်နယ် သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့တွင်လည်းကောင်း ပိုလီယိုကာကွယ်ဆေး အပိုဆောင်းသုံးကြိမ် မပျက်မကွက်တိုက်ကျွေးကြရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

ပိုလီယိုကာကွယ်ဆေးကို ဇူလိုင် ၇ ရက်မှ ၉ ရက်အတွင်း ပထမအကြိမ်၊ ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အတွင်း ဒုတိယအကြိမ်နှင့် ဩဂုတ် ၄ ရက်မှ ၆ ရက်အတွင်း တတိယအကြိမ် တိုက်ကျွေးသွားမည်ဖြစ်ပြီး ပိုလီယိုကာကွယ်ဆေး တိုက်ခြင်းဖြင့် သင့်ကလေးငယ်ကို ပိုလီယိုရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်မည်ဖြစ်ပြီး ရာသက်ပန်မသန်စွမ်းဖြစ်ခြင်းမှ ကင်းဝေးမည်ဟု သိရသည်။

**မောင်လူမော်**

# စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဝင်များ ဥပဒေအကြံပေးအဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ စိစစ်အတည်ပြုရန် ဖွဲ့စည်းခဲ့သည့် စုံစမ်းစစ်ဆေးရေးခုံရုံး (Court of Inquiry) သည် ယနေ့တွင် စစ်ဥပဒေချုပ်ရုံး၌ ဥပဒေအကြံပေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ စုံစမ်းစစ်ဆေးရေးခုံရုံးသည် ဘူးသီးတောင်နယ်မြေသို့ ပထမအကြိမ် သွားရောက်ခဲ့ပြီး ကွပ်ကဲမှုဌာနချုပ်တစ်ခုအပါအဝင် တပ်ရင်း/တပ်ဖွဲ့သုံးခု၊ ရဲစခန်း သုံးခု၊ အကျဉ်းထောင်တစ်ခုနှင့် ကျေးရွာငါးရွာတို့သို့ သွားရောက်၍ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် စုံစမ်းစစ်ဆေးခဲ့သည့် အခြေအနေများ၊ ဆက်လက်စုံစမ်းစစ်ဆေးမည့် အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည့် ဥပဒေအကြံပြုချက်များ ရယူနိုင်ရန်အတွက် စစ်ဥပဒေချုပ်ရုံး ဥပဒေအကြံပေးအဖွဲ့နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ဥပဒေအကြံပေးအဖွဲ့ကလည်း လိုအပ်သည့် သက်သေခံအချက်အလက် စုဆောင်းခြင်းဆိုင်ရာများ၊ ဥပဒေကြောင်းဆိုင်ရာများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာများကို အကြံပြုဆွေးနွေးခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မန်းရေနံမြေဒေသခံများအတွက် အသင့်စား စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းပို့ချ

**မင်းဘူး ဇူလိုင် ၉**



မန်းရေနံမြေဒေသခံအမျိုးသမီးများအား စားသောက်ကုန်ထုတ်နည်းသင်တန်းပို့ချနေစဉ်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီနှင့် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ အသင့်စား စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းကို မန်းရေနံမြေ အေးမြကျေးရွာတွင် ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ရာ မန်းရေနံမြေနှင့်ထိစပ်ကျေးရွာများရှိ ဒေသခံအမျိုးသမီး၁၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အသင့်စား စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းတွင် ဒေသထွက်မြေပဲဆီ၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ငရုတ်သီးဆော့စ်၊ ခရမ်းချဉ်သီးဆော့စ်၊ ပါပလာ၊ ငှက်ပျောခြောက်ကြော်၊ စာလေးခွေကြော်၊ အာလူးကြော်၊ မြေပဲဆားလှော်တို့ကို ဈေးကွက်ဝင်ပစ္စည်းအဖြစ် ထုတ်လုပ်နိုင်ရန် လက်တွေ့လေ့ကျင့်သင်ကြားပို့ချခဲ့သည်။

အလားတူ စွမ်းရည်မြှင့်သင်တန်းများ၊ သက်မွေးပညာ အထောက်အကူပြုသင်တန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး အလေ့အကျင့်ကောင်းများကို မျှဝေသည့် သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ပြီးခဲ့သည့်ဘဏ္ဍာနှစ် နှစ်နှစ်အတွင်း သက်မွေးပညာသင်တန်း ၁၀ ခုကို ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ ၁၉၆ ဦး တက်ရောက်ခဲ့သည်။ **သတင်းစဉ်**

# မိတ္ထီလာတွင် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၉**



မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၉ ရက်က ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိရာ ကျောင်းသူကျောင်းသားများက စာအုပ်စာပေများကို စိတ်ဝင်တစား လာရောက်ဝယ်ယူအားပေးကြောင်း သိရသည်။

“ဒီစာပေပွဲတော်ကို မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ရန်ကုန်မြို့က စာပေတိုက်တွေ ချိတ်ဆက်ပြီး နှစ်စဉ်ကျင်းပတာဖြစ်ပါတယ်။ ဒီနှစ်တော့ စာအုပ်စာပေပြပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော်အပြင် (၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ပုံတူပန်းချီပြိုင်ပွဲ စတဲ့ကျောင်းသူကျောင်းသားတွေအတွက် ပြိုင်ပွဲလေးတွေလည်း ထည့်သွင်းကျင်းပပါတယ်။ အဲဒီပြိုင်ပွဲကို လာရောက်တဲ့ကျောင်းသူကျောင်းသားလေးတွေရော၊ စာအုပ်ဈေးရောင်းပွဲတော်ကို သီးသန့်လာရောက်တဲ့ ကျောင်းသူကျောင်းသားလေးတွေရောက ကလေးစာပေတွေကို စိတ်ဝင်တစားလာရောက်ဝယ်ကြတယ်” ဟု ခရိုင်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်အိအိသန်းက ပြောသည်။

အဆိုပါစာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ရန်ကုန်မြို့မှ နန်းတော်ဝင်နှင့် မမာလာစာပေတိုက်တို့မှ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်၍ သုတရသစာပေအမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး ၎င်းစာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၁၂ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# အင်ဂျင်နီယာ အခြေခံစံနှုန်းများနှင့် ခန့်မှန်းတွက်ချက်မှုရေးဆွဲနည်း သင်တန်းဖွင့်လှစ်

**ပုသိမ် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးအထောက်အကူပြု အင်ဂျင်နီယာ အခြေခံစံနှုန်းများနှင့် ခန့်မှန်းတွက်ချက်မှုရေးဆွဲနည်းသင်တန်း ဖွင့်ပွဲကို ဇူလိုင် ၈ ရက်က ပုသိမ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၃ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **၀၀၇**

# ဒီမိုကရေစီဝါဒကို ခေတ်စားအောင် လုပ်ရမယ်

ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ ဗမာနိုင်ငံထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် (ဒီမိုကရေစီ)ဝါဒကို ကျွန်တော်တို့ ရည်ရွယ်ရမယ်။

(၁၉၄၅ ခုနှစ် ဩဂုတ်လ စတုတ္ထအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



✽ ရှေ့ဖုံးမှ

လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရေဆိုင်ရာပြဿနာများ ဖြေရှင်းမှုတို့အတွက် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

**ကြိုတင်ပြင်ဆင်**

ယခုအခါမိုးတွင်းကာလသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် ရေကြီးရေလျှံမှု ကာကွယ်ရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် Early Warning စနစ်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများအပြင် သက်ဆိုင်ရာဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းများနှင့် အများပြည်သူအတွက် အသိပညာပေးလုပ်ငန်းများကို တွဲဖက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ရေကြီးရေလျှံမှုနှင့် ဆက်နွယ်သည့် နောက်ဆက်တွဲရောဂါများအတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ဝန်ကြီးဌာနအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များရှိပါကလည်း ထည့်သွင်းဆွေးနွေးပေးကြစေလိုပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် ရေဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ထိရောက်စွာ ဆောင်ရွက်**

မိမိတို့နိုင်ငံအတွင်းတွင် နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ နော်ဝေ၊ ပြင်သစ်၊ ကမ္ဘာ့ဘဏ်၊ ADB စသည့်နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီမံကိန်းများ၊ လေ့လာမှုများအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ Focal အဖြစ် ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ထိရောက်စွာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

တစ်ဖက်တွင်လည်း အဆိုပါပူးပေါင်းဆောင်ရွက်မှုများ၊ စီမံကိန်းများ၊ လေ့လာမှုများသည် မိမိတို့နိုင်ငံနှင့် နိုင်ငံသားအများစုအတွက် အမှန်တကယ် ထိရောက်အကျိုးရှိစေရန် လိုအပ်ပါကြောင်း၊ ထို့ပြင် Cost and Benefit ကိုလည်း ချင့်ချိန်သုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအဖွဲ့အစည်းများအကြား ရေဆိုင်ရာ အချက်အလက်များကို စနစ်တကျ မျှဝေ၍ ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ရေကဏ္ဍအပါအဝင်ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံသားတို့၏ မြို့ပြနှင့် ကျေးလက်ဒေသတို့တွင် လူနေမှုဘဝတိုးတက်စေရန်အတွက် နှစ်စဉ်ဘဏ္ဍာငွေများစွာ ကျခံဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများ အနေဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေကို ထိရောက်အကျိုးရှိစွာ သုံးစွဲရာတွင် ဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ကြီးကြပ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**Task Force ဖွဲ့စည်းပေးထား**

ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးများမှ ဆုံးဖြတ်ချက်များနှင့် ပတ်သက်ပြီး အများစုကို ဆောင်ရွက်ပြီးဖြစ်၍ ကျန်ရှိနေသည့်လုပ်ငန်းများကို ပြီးစီးအောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အမျိုးသားရေဥပဒေပြုစုရေးနှင့် ပတ်သက်၍ Task Force ဖွဲ့စည်းပေးထားပြီးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် အချိန်မီပြီးစီးအောင် အားလုံးဆက်လက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း၊ ဝန်ကြီးဌာန အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လိုအပ်ချက်များရှိပါကလည်း တင်ပြကြရန်ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ကော်မတီနှင့် ဆက်နွယ်သည့်ဝန်ကြီးဌာန အဖွဲ့အစည်းများမှ ကော်မတီဝင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဝန်ကြီးဌာနအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ အကြံပြုချက်များနှင့် ပတ်သက်၍ တက်တက်ကြွကြွ ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုပါကြောင်း၊ နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရှိစေသည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများမှလည်း ဆက်လက်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေအရင်းအမြစ် ဘက်စုံစီမံကိန်း လုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ရေနှင့် ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး လုပ်ငန်းများအတွက် ဝိုင်းဝန်းညှိနှိုင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက် ဆောင်ရွက်ရမည့်အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီတွဲဖက်အတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရောဝတီမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေး ဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ဒေါက်တာ ရဲမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေရရှိရေးဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနအလိုက် ရေအရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ရေအရင်းမြစ်များသုံးစွဲနေမှု၊ ရေဆိုးထုတ်လုပ်နေမှုများအား ကွင်းဆင်းကြပ်မတ် ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေ အခက်အခဲမရှိစေရေးအတွက် ဆည်များ၊ ကန်များ၊ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးနေမှု၊ အကြံပေးကော်မတီ၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ရေလမ်းကြောင်းများ ကောင်းမွန်အောင် ရေနုတ်မြောင်းများ ဆောင်ရွက်သွားမည့် အခြေအနေ၊ ငါးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြစ်ချောင်းများ၊ အင်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ တက္ကသိုလ်များတွင် ရေနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ကယ်ဆယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် လက်ရှိရေပေးဝေနေမှုနှင့် တိုးချဲ့ရေပေးဝေနိုင်ရေး ဆောင်ရွက်နေမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှု၊ ရေဘေးကာကွယ်ရေးနှင့် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ၊ ရေကြီးရေလျှံမှု လျော့ပါးရေးလုပ်ငန်းများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တိမ်ကောမှုနှင့် ပြန်လည်တူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးမှု အခြေအနေနှင့် ရောဝတီမြစ်ရေ လမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ မြစ်ကြောင်းများ ကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဦးချိုချိုက အမျိုးသားရေဥပဒေရေးဆွဲခြင်းနှင့် ပတ်သက်၍ လုပ်ငန်းတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီအကြံပေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်နီနီသိန်းက အကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများအားလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အမျိုးသားအဆင့်ရေအရင်းအမြစ် ကော်မတီ၏ ရှေ့လုပ်ငန်းများနှင့် ရေနှင့် ဆက်နွယ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြပြီး ကော်မတီမှ အတည်ပြုဆုံးဖြတ်ပေးရန် ကိစ္စရပ်များကို အတည်ပြု ဆုံးဖြတ်ကြသည်။

**အကျိုးရလဒ်များ ရရှိလာ**

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရေအရင်းအမြစ်နှင့် ရေဘက်စုံစီမံခန့်ခွဲမှု ဗဟိုဌာနကို အကောင်အထည်ဖော် တည်ဆောက်ပြီးပါက နိုင်ငံတော်အတွက် ထိရောက်ထူးခြားကောင်းမွန်သည့် အကျိုးရလဒ်များ ရရှိလာမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု လုပ်ငန်းများ အောင်မြင်စေရေးအတွက် တာဝန်ရှိသူအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်။



အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်။



အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း။

**“ နိုင်ငံတော်အနေဖြင့် ရေကဏ္ဍအပါအဝင်ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံသားတို့၏ မြို့ပြနှင့် ကျေးလက်ဒေသတို့တွင် လူနေမှုဘဝတိုးတက်စေရန်အတွက် နှစ်စဉ်ဘဏ္ဍာငွေများစွာ ကျခံဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေကို ထိရောက်အကျိုးရှိစွာသုံးစွဲရာတွင် ဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျကြီးကြပ် ဆောင်ရွက်သွားကြရမည်ဖြစ် ”**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၉-** မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၆ ဒသမ ၁၀ လက်မ၊ မြောက်ဦးမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ပလက်ဝမြို့တွင် ၄ ဒသမ ၂၁ လက်မ၊ ညောင်လေးပင်မြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ခန္တီးမြို့နှင့် ရွှေကျင်မြို့တို့တွင် ၃ ဒသမ ၇၀ လက်မစီ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၃၉ လက်မ၊ မဒေါက်မြို့တွင် ၃ ဒသမ ၃၁ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၃ ဒသမ ၁၉ လက်မနှင့် ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ)နှင့် သထုံမြို့တို့တွင် ၃ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန် ဇူလိုင် ၉**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မာစာရက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြပြီး



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်

ပထမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က အတည်ပြုချက်ရယူသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တော၀ဗောဓိယာ မူလေ အစချီသည့် နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓု သုံးကြိမ်ခေါ်ဆိုကာ အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပ ပြီးစီးခဲ့သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ကျိုက္ကစံ ဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက် ဆရာတော် သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ မာနိတနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက သတ္တဝီသတိမ (၂၇)ကြိမ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**

# နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် အိန္ဒိယနိုင်ငံက ဆောက်လုပ်လှူဒါန်းသောနေအိမ်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၉**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် Union Enterprise for Humanitariun Assistance, Resettlement and Development in Rakhine State (UEHRD) ကော်မတီမှ ဦးတိုးအောင်နှင့်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ASEAN Secretariat နှင့် AHA Centre မှ ကိုယ်စားလှယ်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

**နေအိမ်အလုံး ၂၅၀ လွှဲပြောင်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Shri Saurabh Kumar၊ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့နှင့်အတူ မောင်တောမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး နေရပ်စွန့်ခွာသူများအတွက် အိန္ဒိယနိုင်ငံက ဆောက်လုပ်လှူဒါန်းသည့် နေအိမ် အလုံး ၂၅၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Shri Saurabh Kumar က လှူဒါန်းရသည့်အကြောင်းရင်းကို ပြောကြားပြီး အိမ်ရာဆိုင်ရာ စာရွက်စာတမ်းများကို နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံထံ လွှဲပြောင်းပေးအပ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**စီမံကိန်း ၂၂ ခု အကောင်အထည်ဖော်ရန်ညှိနှိုင်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယနိုင်ငံ အစိုးရတို့အကြား ရေးထိုးထားသောနားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံက ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅ သန်းဖြင့် ငါးနှစ်တာကာလအတွင်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၅ သန်း



နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး အိန္ဒိယနိုင်ငံက ဆောက်လုပ်လှူဒါန်းသော နေအိမ်များ လွှဲပြောင်းပေးအပ်စဉ်။ သတင်းစဉ်

ထောက်ပံ့သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါအကူအညီများမှ ပထမနှစ်အနေဖြင့် Prefabricated Houses များကို ရွှေဇားကျေးရွာတွင် ၁၄၈ လုံး၊ နံသာတောင်ကျေးရွာတွင် ၄၂ လုံး၊ ကြိမ်ချောင်းတောင်ကျေးရွာတွင် အလုံး ၆၀ စုစုပေါင်း အလုံး ၂၅၀ အား ဆောက်လုပ်ပြီးစီးခဲ့ပြီး ယနေ့တွင် မြန်မာနိုင်ငံအစိုးရသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပါကြောင်း၊ နားလည်မှုစာချွန်လွှာအရ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး၊ ရေနှင့်သန့်ရှင်းရေးစသည့် ကျယ်ပြန့်သော နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်း ၂၂ ခုကို ဆက်လက်အကောင်အထည်ဖော်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များတွင်သာမက ရခိုင်ပြည်နယ်ရှိ လူ့အသိုင်းအဝိုင်းအားလုံးအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင်ပါ ကူညီထောက်ပံ့မှုများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံအကြား သမိုင်းကြောင်းတစ်လျှောက် တည်ရှိခဲ့သော ဆက်ဆံရေးကောင်းများကို တန်ဖိုးထားပါကြောင်းနှင့် အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းကောင်းပီသသော အကူအညီကောင်းများအတွက် အသိအမှတ်ပြုသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ အာဆီယံနိုင်ငံများမှလည်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိပြီး အာဆီယံနိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် ASEAN Emergency Response and Assessment Team (ERAT Team) သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကနဦးလိုအပ်ချက်များ လေ့လာဆန်းစစ်မှုအား ပြုလုပ်ပြီးစီးခဲ့ပြီး အာဆီယံနိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကို ဖော်ထုတ်ခဲ့ပြီး ဖြစ်ပါကြောင်း။

**ချိတ်ဆက်ဆောင်ရွက်သွားမည်**

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ၊ ဒေသတွင်း အာဆီယံနိုင်ငံများသာမက ဂျပန်နိုင်ငံ စသည့် မိတ်ဆွေနိုင်ငံများ၏ အပြုသဘောဆောင်သော အကူအညီအထောက်အပံ့များသည် မြန်မာနိုင်ငံအစိုးရ၏ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ ပြင်ဆင်မှုများနှင့် အခြေအနေကောင်းများ ဖန်တီးပေးမှုများအတွက် များစွာအကူအညီဖြစ်ပါကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာလုပ်ငန်းစဉ်များမှာ အိမ်ရာများအပါအဝင် အခြေခံအဆောက်အဦများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာအကူအညီများလည်း လိုအပ်ပါကြောင်း၊ ယခုဆောက်လုပ်ပြီးစီးသွားသော နေအိမ်များကိုလည်း လိုအပ်သည့် ရေ၊ မီး၊ ကျန်းမာရေး၊ ပညာရေး၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ စသည်တို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် အိန္ဒိယနိုင်ငံအပါအဝင် မိတ်ဖက်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးအင်ဂျင်နီယာက အိမ်ပုံစံတူကို ပေးအပ်ရာ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လက်ခံပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Shri Saurabh Kumar နှင့်အတူ လွှဲပြောင်းပေးအပ်သည့် အဆောက်အဦများအတွက် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးခဲ့ကြပြီး အဆောက်အဦများကို လှည့်လည်ကြည့်ရှုခဲ့ကြကာ ဒေသခံများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းရှင်များ တွေ့ဆုံ

**ပုသိမ် ဇူလိုင် ၉**
ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လုပ်ငန်းလုပ်ကိုင်သူများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ခရိုင်ခြောက်ခုမှ ကိုယ်စားပြု စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၈ ရက်က ပုသိမ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးခန်း၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က နိုင်ငံတစ်ခုတည်ဆောက်ရာတွင် နိုင်ငံရေးတစ်ခုတည်းဖြင့် ရပ်တည်၍မရကြောင်း၊ စီးပွားရေးနှင့် တွဲဖက်လုပ်ကိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှာ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ခြင်းထက် ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်သော လုပ်ငန်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မြေယာပိုင်ဆိုင်မှုအပေါ် အကောင်းဆုံးအသုံးချစေလိုကြောင်း၊ တောင်သူများ၏ စီးပွားရေးပြေလည်လာပါက နိုင်ငံ၏စီးပွားရေးလည်း တောင့်တင်းလာမည်ဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍတွင် နိုင်ငံခြားသို့ တင်ပို့နိုင်ရန် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးပြီး နိုင်ငံခြားဝင်ငွေရရှိရေး ထိုးဖောက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ခရိုင်ခြောက်ခုမှ ကိုယ်စားပြု စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများက မိမိတို့၏ လိုအပ်ချက်နှင့် အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကိုယ်စားပြု လုပ်ငန်းရှင်များ၏ မေးမြန်းမှုများအပေါ် ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **တိုင်းဒေသကြီး(မြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀ဝ၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၂၃/၂၀၁၉) ကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀ဝ၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၃/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀ဝ၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀ဝ၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀ဝ၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၃/၂၀၁၉) ကျင်းပစဉ်။
သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့ နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ဒေသအရေးနှင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးကိစ္စ၊ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇူလိုင် ၉**

ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇူလိုင် ၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်ထူးက ၂၀၁၉ ခုနှစ် လုပ်ငန်းစီမံချက်တွင်ပါရှိသော ကြိုတင်ကာကွယ်ရေးကဏ္ဍ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လူကုန်ကူးမှု အမှုအခင်းဖြစ်စဉ်များတွင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် မျိုးဆွေဝင်းက အမေရိကန်နိုင်ငံမှ ထုတ်ပြန်သော ၂၀၁၉ ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းအဖွဲ့ဝင်များက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများကို အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။ **သတင်းစဉ်**







အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး Ms. Tone Tinnes အား လက်ခံတွေ့ဆုံစဉ်။
သတင်းစဉ်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည် နော်ဝေသံအမတ်ကြီး Ms.Tone Tinnes အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး Ms. Tone Tinnes အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်ဦးနှစ်ဖက် ကျွမ်းကျင်မှုနှင့် နည်းပညာဆိုင်ရာ အကူအညီပေးရေး ကိစ္စရပ်များ၊ အထူးသဖြင့် ငါးလုပ်ငန်းကဏ္ဍတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့လူဦးရေနေ့အကြောင်း တစေ့တစောင်း

**မယု(စက်မှု)**

**နိုင်ငံတစ်နိုင်ငံ၏ လူဦးရေဆိုင်ရာ ပမာဏ၊ ကျား/မ ပါဝင်မှု အချိုးအစား၊ လူဦးရေပြောင်းလဲမှုများသည် ယင်းနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး နယ်ပယ်များအပေါ် များစွာအကျိုးသက်ရောက်လျက်ရှိပါသည်။ ဥပမာအနေဖြင့် လူဦးရေ အဆမတန် တိုးပွားလာမှုသည် လူသားများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေးအခက်အခဲများ၊ စိုက်ပျိုးမြေအခက်အခဲများ၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုဆိုင်ရာပြဿနာများ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ရင်ဆိုင်ရမည်ဖြစ်သလို တစ်ဖက်တွင် လူဦးရေတိုးပွားမှုမှတစ်ဆင့် လုပ်သားအင်အားကြီးထွားမှုကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်သဖြင့် လူဦးရေတိုးပွားလာခြင်းနှင့်အတူ ကောင်းကျိုး၊ ဆိုးကျိုး အဖြာဖြာကို ကြုံတွေ့ရမည် ဖြစ်ပါသည်။**




ကမ္ဘာ့လူဦးရေသည် ပျမ်းမျှတစ်နှစ်လျှင် ၈၃ သန်းနီးပါး တိုးပွားလျက်ရှိပြီး ၁၉၀၀ ပြည့်နှစ်တွင် သန်း ၁၅၀၀၊ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် သန်း ၆၀၀၀ ကျော်ရှိခဲ့ရာမှ လက်ရှိအခြေအနေတွင် ၇ ဒသမ ၆ ဘီလီယံကျော် ရှိနေပါသည်။ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၈ ဒသမ ၆ ဘီလီယံနှင့် ၂၀၅၀ ပြည့်နှစ်တွင် ၉ ဒသမ ၈ ဘီလီယံ၊ ၂၁၀၀ ပြည့်နှစ်တွင် လူဦးရေ ၁၁ ဒသမ ၂ ဘီလီယံအထိ တိုးလာမည်ဟု ကမ္ဘာ့ကုလသမဂ္ဂမှ ခန့်မှန်းထားပါသည်။ ဥရောပတိုက်အနေဖြင့် လူဦးရေတိုးပွားနှုန်း အနည်းဆုံးဖြစ်ပြီး ကလေးမွေးဖွားနှုန်း ၁ ဒသမ ၆ ရာခိုင်နှုန်းသာရှိပြီး အာဖရိကတိုက် နိုင်ငံများအနေဖြင့် ကလေးမွေးဖွားနှုန်း ၄ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရှိပါသည်။ ထို့အပြင် ကုလသမဂ္ဂ၏ အစီရင်ခံစာ တစ်ခုအရ ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကျော်လွန်ကာ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံဖြစ်လာမည်ဟု လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၅၀ ပြည့်နှစ်အကြား ကမ္ဘာ့လူဦးရေတိုးနှုန်း၏ ထက်ဝက်ကျော်သည် အာဖရိက နိုင်ငံများမှဖြစ်ကြောင်းကိုလည်းကောင်း လေ့လာသိရှိရပါသည်။

လူဦးရေတိုးပွားလာခြင်း၏ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ၁၉၈၉ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် အုပ်ချုပ်ရေးကောင်စီ၏ အကြံပြုချက်နှင့်အတူ လူဦးရေဆိုင်ရာ ကိစ္စရပ်များ၏ အရေးကြီးမှုနှင့် အရေးပါမှုတို့အပေါ် ကမ္ဘာသူကမ္ဘာသားများက ပိုမိုအာရုံစိုက်လာနိုင်စေရန် **ကမ္ဘာ့လူဦးရေသန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို ကုလသမဂ္ဂက ကမ္ဘာ့လူဦးရေနေ့**အဖြစ် ၁၉၈၉ ခုနှစ်တွင် စတင် သတ်မှတ်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှစ၍ လူဦးရေဆိုင်ရာပြဿနာနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့၏ ဆက်နွယ်မှုကို ပိုမိုသဘောပေါက်လာစေရန် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်မတူညီသော ဆောင်ပုဒ်များချမှတ်ပြီး နိုင်ငံအသီးသီးတွင် ကျင်းပလာခဲ့ပါသည်။

## ယခုနှစ်ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ဆောင်ပုဒ်မှာ **“25 Years of the ICPD : Accelerating the Promise’ “ကတိကဝတ်များကို အရှိန်အဟုန်မြှင့် ဖြည့်ဆည်းလို့ ၂၅ နှစ်မြောက် ICPD ကို ဂုဏ်ပြုစို့”**ဟူ၍ ချမှတ်ထားပါသည်။ ၁၉၉၄ ခုနှစ်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် နိုင်ငံပေါင်း ၁၇၉ နိုင်ငံမှ ကိုယ်စားလှယ်များဖြင့် **အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံ** (International Conference on Population and Development-ICPD)ကို ကျင်းပခဲ့ပါသည်။ အဆိုပါညီလာခံတွင် လူတိုင်းအတွက် ပညာရေး၊ တစ်နှစ်အောက်ကလေးနှင့် ငါးနှစ်အောက် ကလေးများ သေဆုံးမှုလျော့ချရေး၊ မိခင်သေဆုံးမှုလျော့ချရေး၊ သားဆက်ခြား စီမံကိန်းအပါအဝင် မျိုးဆက်ပွားနှင့် လိင်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လူတိုင်းလက်လှမ်းမီရရှိရေး စသည့်ရည်မှန်းချက်များ ချမှတ်ခဲ့ပါသည်။ တစ်နည်းအားဖြင့် အဆိုပါ ရည်မှန်းချက်များသည် ၂၀၀၀ ပြည့်နှစ် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များအပေါ် အခြေခံပြီး ပေါက်ဖွားခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ညီလာခံက ကတိကဝတ်ပြုခဲ့ကြသည့် ရည်မှန်းချက်များမှတစ်ဆင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၊ ယင်းတို့၏ မိသားစုဝင်များနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အကျိုးကိုမြှင့်တင်ပေးခြင်းဖြင့် အနာဂတ် ကမ္ဘာကြီးသာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားရန် ယခုနှစ်ဆောင်ပုဒ်မှ မီးမောင်းထိုးပြထားခြင်းပင်ဖြစ်သည်။

၁၉၉၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ညီလာခံအပြီး ၂၅ နှစ်အကြာ ယခုနှစ် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်မှ ၁၄ ရက်အထိ အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာညီလာခံကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ကျင်းပသွားမည် ဖြစ်ပါသည်။ ယခုနှစ် ညီလာခံတွင် လူတိုင်းအတွက် မျိုးဆက်ပွားနှင့် လိင်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လူတိုင်းလက်လှမ်းမီရရှိစေရေး၊ ICPD အတွက် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ လူဦးရေဆိုင်ရာ ပြန့်ပွားမှုမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရရှိစေရေး၊ ကျား/ မ အခြေပြု အကြမ်းဖက်မှုများ လျော့ကျစေရေး စသည့်ကိစ္စရပ်များကို ဦးစားပေး ဆွေးနွေးသွားမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ICPD ချမှတ်ထားသည့် ကတိကဝတ်များကို ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များနှင့်အပြိုင် အရှိန်အဟုန်မြှင့်လိုက်ပါဆောင်ရွက်ပြီး ၂၅ နှစ်ကြာ ICPD ကို ဂုဏ်ပြုကြိုဆိုနိုင်ရေးအတွက် ရည်ရွယ်ပါသည်။

မိမိတို့နိုင်ငံအနေဖြင့် ICPD ၏ ကတိကဝတ်များနှင့်အညီ လူဦးရေတိုးပွားလာခြင်း ကိစ္စရပ်များအပေါ် ဦးစားပေးရမည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များနှင့် ပတ်သက်၍ တင်ပြရလျှင်-

- ဆင်းရဲနွမ်းပါးမှုသည် တိုးပွားလာသည့် နိုင်ငံ့လူဦးရေအပေါ်တွင် များစွာသက်ရောက်နိုင်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ် အပိုင်းအခြားတွင် လူဦးရေပိုမိုများပြားသည့်အတွက် လူဦးရေဆုလာဘ်ဟု တင်စား ခေါ်ဆိုနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အရေးတစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။ အဆိုပါ အချက်ကိုအခြေခံ၍ လူဦးရေတိုးပွားလာသော်လည်း လုပ်သားအင်အားများပြားသည့် အားသာချက်ဖြင့် ဆင်းရဲနွမ်းပါးမှုသံသရာကို အချိန်မီ ကုစားသွားနိုင်မည် ဖြစ်သည်။ ထိုမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်(၁) ဖြစ်သည့် **“နေရာအနှံ့ဆင်းရဲမှု ပုံစံအားလုံး အဆုံးသတ်ရေး”** ဟူသည့် ပန်းတိုင်ကို ပြည့်မီစေမည် ဖြစ်ပါသည်။
- ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အမျိုးသမီးတစ်ဦးလျှင် ကလေး ၂ ဒသမ ၅ ဦးနှုန်း မွေးဖွားသည်ကို တွေ့ရပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်းတွင် သားဖွားမိခင် သေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံများထဲတွင် ပါဝင်နေပြီး ကလေးအရှင် ၁ သိန်းမွေးဖွားတိုင်း မိခင် ၂၈၂ ဦး သေဆုံးလျက်ရှိကြောင်းနှင့် နှစ်စဉ် မြန်မာနိုင်ငံတွင် မိခင် ၂၇၀၀ ခန့်သည် ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားစဉ်တွင် သေဆုံးနေသည်ဟု စာရင်းများအရ သိရှိရပါသည်။ သို့ပါ၍ ထိရောက်သည့် မိသားစုစီမံကိန်းများနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လူတိုင်း လက်လှမ်းမီအောင်၊ လူတိုင်းအခွင့်အရေး ရရှိနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ယင်းအတွက် လိင်မှုဆိုင်ရာ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးမူဝါဒ (Sexual and Reproductive Health and Rights Policy) ကို ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ - UNFPA နှင့် ပူးပေါင်းရေးဆွဲလျက်ရှိပြီး မကြာမီထုတ်ပြန်သွားမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်(၃) ဖြစ်သည့် **“လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး”** ဟူသည့် ပန်းတိုင်ကို အရောက်လှမ်းနိုင်မည်ဖြစ်သည်။
- မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် အိမ်အကြောင်းအရာနှင့် လူဦးရေ သန်းခေါင်စာရင်းအရ အသက်(၁၅-၁၉)နှစ် အုပ်စုတွင် အမျိုးသမီး ၂ ဒသမ ၂ သန်းရှိပြီး ယင်းအနက် ၁၃ ဒသမ ၂ ရာခိုင်နှုန်းသည် အရွယ်မတိုင်မီ မိခင်ဘဝရောက်ရှိခြင်းနှင့်အတူ အနာဂတ်မျှော်လင့်ချက်များ ဆုံးရှုံးပြီး ပညာရေးခရီးလမ်း ကျောခိုင်းမှုများနှင့် ကြုံတွေ့နေရပါသည်။ သို့ပါ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်(၄) ဖြစ်သည့် **“လူတိုင်းအတွက် ပညာရေး”**ပန်းတိုင်ကို ထိရောက်သည့် မိသားစုစီမံကိန်းများမှတစ်ဆင့် အမျိုးသမီးငယ်ကလေးများ၏ ပညာရေးမဏ္ဍိုင် အတွက် ပီပီပြင်ပြင် တွန်းအားပေး ဆောင်ရွက်သွားရမည် ဖြစ်သည်။
- ပန်းတိုင်(၅) ဖြစ်သည့် **“ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ စွမ်းပကား မြှင့်တင်ရေး”**ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ရာ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် ခွဲခြားဆက်ဆံမှုမရှိစေရေး၊ အကြမ်းဖက်မှု ပပျောက်ရေး၊ အရွယ်မတိုင်မီ လက်ထပ်စေမှုနှင့် အတင်းအဓမ္မလက်ထပ်မှု မရှိစေရေးတို့အတွက် လုပ်သားထုတွင် အမျိုးသမီးလုပ်သားထု ပိုမိုပါဝင်လာစေရေး၊ သတင်းအချက်အလက်နှင့် နည်းပညာရပ်ဝန်းတို့တွင် အလေးထားမြှင့်တင် ဆောင်ရွက်ပေးသွားရမည် ဖြစ်သည်။

ထို့အပြင် နိုင်ငံအတွက် အရေးကြီးပြီး အခြေခံကျသည့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များ ဖြစ်သည့် မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်း၊ မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်း၊ ပြည်ပသို့ ထွက်ခွာ အခြေစိုက်ခြင်း၊ ပြည်တွင်းသို့ ဝင်ရောက်အခြေစိုက်ခြင်း၊ ကျား/ မ တန်းတူညီမျှမှုနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်အားလုံးတို့အား ခြုံငုံမိစေမည့် မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများနှင့် ကိုက်ညီစေမည့် **လူဦးရေဆိုင်ရာမူဝါဒ** (National Population Policy)တစ်ရပ် ပေါ်ထွက်လာရန် အထူးလိုအပ်နေပါသည်။

သို့ပါ၍ အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံမှ ယခင်ချမှတ်ထားသည့်၊ နောင်ချမှတ်မည့် ကတိကဝတ်များကို ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များနှင့်အညီ ပုံဖော်သွားခြင်းဖြင့် အနာဂတ်တွင် လူဦးရေတိုးပွားလာခြင်း ပြဿနာများကို ရင်ဆိုင် ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

**“ယခုနှစ် ညီလာခံတွင် လူတိုင်းအတွက် မျိုးဆက်ပွားနှင့် လိင်မှုဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုတို့ကို လူတိုင်းလက်လှမ်းမီရရှိစေရေး၊ ICPD အတွက် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ လူဦးရေဆိုင်ရာ ပြန့်ပွားမှုမှတစ်ဆင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရရှိစေရေး၊ ကျား/ မ အခြေပြု အကြမ်းဖက်မှုများ လျော့ကျစေရေး စသည့်ကိစ္စရပ်များကို ဦးစားပေးဆွေးနွေး သွားမည်ဖြစ်”**

## လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးသင်တန်း မန္တလေးမြို့၌ ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် Care Myanmar အဖွဲ့တို့ ပူးပေါင်း၍ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးသင်တန်းကို ယမန်နေ့က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မန္တလေးဘူတာကြီး အပေါ်ထပ်ရှိ Hotel Marvel ခန်းမ၌ ဖွင့်လှစ်ပို့ချသည်။

ယင်းသင်တန်းတွင် ရဲမှူးမျိုးဇင်က လူကုန်ကူးမှုသမိုင်းကြောင်း၊ မန္တလေးမြို့၏ လူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ချက်များ၊ စုံစမ်းဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းဗျူဟာများ၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအကြောင်း စသည်တို့ကို ရှင်းလင်းဆွေးနွေး ပို့ချခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ချောင်းဆုံ ဇူလိုင် ၉**

ချောင်းဆုံမြို့နယ်အတွင်းရှိ မော်တော်ယာဉ်မောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများရရှိစေရန်အတွက် မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအဖွဲ့မှ ဇူလိုင် ၇ ရက်က တော်ကနာတိုက်ကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောခြင်းနှင့် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကိုကျင်းပသည်။

ရှေးဦးစွာ(ယထက)ရုံးအဖွဲ့မှူး ဦးရဲဏီလင်းက အခမ်းအနားတက်ရောက်သည့် ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများဟောပြောခဲ့ပြီး ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူ ၄၅ ဦးတို့ကို ဉာဏ်စမ်းပဟေဠိအမေးအဖြေများ ပြုလုပ်ပေးခဲ့ကာ မေးခွန်းအများဆုံးနှင့် အမှန်ကန်ဆုံးဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ခြင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နယ်စပ်ဒေသများတွင် နယ်စပ်ဝင်ပေါက် ၈ ခုမှ နှစ်နိုင်ငံပြည်သူများ ဝင်ထွက်ခွင့်နှင့် ပတ်သက်၍ နယ်စပ်ဂိတ်များအား အဆင့်မြှင့်တင်နိုင်ရန်ကိစ္စ၊ အနာဂတ်တွင် နှစ်နိုင်ငံကူးသန်းသွားလာမှု ပိုမိုများပြားလာနိုင်သည့်အတွက် လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာခွင့်ရရှိရေးနှင့် အခက်အခဲများရှိပါက နှစ်နိုင်ငံပူးပေါင်းဖြေရှင်းသွားမည့် အခြေအနေ၊ နယ်စပ်ဒေသများနှင့် ပတ်သက်၍ လတ်တလောတွင် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass –BP) နှင့်ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Temporary Boder Pass-TBP) ဖြင့် နှစ်နိုင်ငံပြည်သူများ သွားလာလျက်ရှိပြီး နောင်တွင် ပတ်စပို့၊ ဗီဇာဖြင့် သွားလာနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စဉ်းစားဆောင်ရွက်နေမှု၊ နှစ်နိုင်ငံပြည်သူများ ဝင်ထွက်ခွင့် အဆင်ပြေချောမွေ့စေရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ခြင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်း ယာယီစခန်းများတည်ဆောက်ခြင်းနှင့် ပြန်လည်နေရာချထားခြင်းကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၉**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တိုက်ပွဲရှောင်ပြည်သူများဖြစ်သော တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများအတွက် ယာယီခိုလှုံရန် နေရာများကို အစိုးရကတာဝန်ယူ၍ ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများနှင့်ညှိနှိုင်းကာ လိုအပ်သော ယာယီစခန်းများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ယာယီနေထိုင်ရန်အတွက်သာ ဖြစ်ပါကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာများကို ယခုနှစ်ဇန်နဝါရီလမှ စတင်၍ လစဉ်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ယာယီနေထိုင်ရန် အဆောက်အအုံများကို ပြည်နယ်အစိုးရရန်ပုံငွေနှင့် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီရန်ပုံငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးအကြံပြုပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက တိုက်ပွဲရှောင်ပြည်သူများ၏ ယာယီခိုလှုံမှုအခြေအနေ၊ ရိက္ခာရရှိမှုနှင့် လက်ကျန်အခြေအနေ၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်မှုအခြေအနေ၊ တွဲဖက်ပညာသင်ကြားနေမှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ ယာယီစခန်းများဆောက်လုပ်ရန် မြေနေရာလျာထားမှုနှင့် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် UEHRD ကော်မတီ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်က UEHRD ၏ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဒုတိယဝန်ကြီး ဦးစိုးအောင်က ထောက်ပံ့ကူညီမှုများ လိုအပ်လျက်ရှိသော ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ထားရှိမှုအခြေအနေတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့ပြင် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး အခြေအနေ၊ နေရပ်စွန့်ခွာခြင်းမပြုဘဲ ကျန်ရှိသူများအား နေရာချထားရေးနှင့် ကူညီထောက်ပံ့မှုပေးရေးတို့ကို ဆက်လက်ဆွေးနွေးရာ အာဆီယံနိုင်ငံများက ပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ ကုလသမဂ္ဂအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည့် စီမံချက်များ၊ နိုင်ငံတကာနှင့် မိတ်ဆွေနိုင်ငံများက UEHRD မှတစ်ဆင့် ထောက်ပံ့ကူညီကြမည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ဆွေးနွေးအကြံပြုချက်များအပေါ် ပြန်လည်ညှိနှိုင်းပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး နော်ဝေသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Tone Tinnes အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Tone Tinnes အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးစီးမှု၊ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေမှု၊ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာများနှင့် ပညာသင်စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

လေ့ကျင့်မှုပြုလုပ်မည် ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး စက်တင်ဘာလဆန်းတွင် နိုင်ငံတကာခြေစမ်းပွဲကစားရန် ဩဂုတ် ၁၉ ရက်၌ စတင်လေ့ကျင့်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့်လူစာရင်းတွင် ပိုပေါ့ဗ်လက်ထက် ပုံမှန်ပါဝင်နေသည့် ကစားသမားများဖြစ်သော ဆန်းဆက်နိုင်၊ ဘုန်းသစ္စာမင်း၊ စိုးအာကာ၊ ရဲမင်းသူ၊ ရဲရင့်အောင်၊ ဟိန်းဖြိုးဝင်း၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့် စသည့် ကစားသမားများ ပါဝင်လာပြီး ထက်လင်းလင်း၊ မင်းမြတ်စိုး၊ ညီညီဖြိုး၊ လှမ်းမိုးဦး၊ ပြည့်မောင်မောင်၊ မင်းကိုကို စသည့်ကစားသမားသစ်များလည်း ရွေးချယ်ခံခဲ့ရသည်။

မြန်မာ ယူ-၂၂ အသင်းတွင် **ဂိုး**-ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ စိုးအာကာ (မကွေး)၊ ထွန်းနန္ဒဦး (မြဝတီ)၊ **နောက်တန်း**-ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဇွဲသက်ပိုင်၊ (ရှမ်းယူနိုက်တက်)၊ ဇင်ရဲနောင်၊ ဝေလင်း ဖြိုး (အား/ကာ သိပ္ပံ)၊ စိုးမိုးကျော် (ရောဝတီ)၊ ရဲရင့်အောင်၊ ကျော်သက်ဦး (ရတနာပုံ)၊ သူရိန်စိုး၊ ထူးခန့်လွင် (ရန်ကုန်)၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ (ဇွဲကပင်)၊ သီဟစိုးထက် (စစ်ကိုင်း)၊ ဝင်းမိုးကျော်၊ ကျော်သူထွန်း (မကွေး)၊ **အလယ်တန်း**-လွင်မိုးအောင်၊ နန်းထိုက်ဇော် (ရောဝတီ)၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ပြည့်မောင်မောင်၊ ကျော်မိုးနိုင်၊ မင်းမြတ်စိုး၊ ညီညီဖြိုး၊ (အား/ကာ သိပ္ပံ)၊ မြတ်ထွန်းသစ်၊ မင်းကိုကို၊ စိုးလွင်လွင်၊ နေမိုးနိုင် (မကွေး)၊ မျိုးမင်းဖြိုး (စစ်ကိုင်း)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ သက်ပိုင်ထူး (ရှမ်းယူနိုက်တက်)၊ ရဲရင့်အောင် - ၂ (ရတနာပုံ)၊ **ရှေ့တန်း**-ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ စအောင်ပြည့်ကို၊ ရွှေကို၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)၊ လှမ်းမိုးဦး၊ ကောင်းထက်စိုး (ရန်ကုန်)၊ ထက်လင်းလင်း (ဟံသာဝတီ) နှင့် ဇင်မင်းထွန်း (မကွေး) တို့ ပါဝင်ကြသည်။ **ညီမြတ်သော်တာ**



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်ပြီး စိန်ပန်းပင်အား စိုက်ပျိုးပေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းနှင့် အမှုထမ်းများက စိန်တစ်လုံးသရက်ပင် ၉၅၀ ၊ ပတ္တမြားငမောက်သရက်ပင် ၇၀၀၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီပင် ၅၀၀ နှင့် အရိပ်ရစိန်ပန်း၊ ရေတမာ၊ ငုသိမ်ဝင်၊ ငုစပ်ဝင် စုစုပေါင်း ၂၅၅၀ တို့အား စိုက်ပျိုးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် စိုက်ပျိုးဖြစ်ထွန်းနေသည့် စိန်တစ်လုံးသရက်ပင်၊ ပတ္တမြားငမောက်သရက်ပင်များအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်တွင် စိန်ပန်းပင်အား စိုက်ပျိုးပေးစဉ်။ သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး Mr. Bhim K. Udas အား ယနေ့နံနက် ၁၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လာမည့်နှစ်တွင် မြန်မာ-နီပေါ နှစ်နိုင်ငံ သံတမန်အဆက်အသွယ် စတင်ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားပြုလုပ်မည့်ကိစ္စ၊ နှစ်နိုင်ငံအစိုးရကြား မီဒီယာနှင့် ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံပြည်သူများ ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး Mr. Bhim K. Udas အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်



# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် ကေအဲန်ယူတို့ အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၉**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး(KNU)တို့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**ဖွံ့ဖြိုးရေးကိစ္စရပ်များဆွေးနွေး**

အလွတ်သဘောတွေ့ဆုံဆွေးနွေးရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင်ပါရှိသည့် ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များ၊ အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ပြိုင်တည်းဆောင်ရွက်သွားမည့် လမ်းကြောင်းလေးခု အဆိုပြုချက်၊ ဒေသခံတိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး လာမည့်ဩဂုတ်လတွင် နှစ်ဖက်ပြန်လည်တွေ့ဆုံရန် လျာထားသတ်မှတ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အစိုးရဘက်ကတော့ ပြီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများအစည်းအဝေးမှာ လမ်းကြောင်းလေးခု တစ်ပြိုင်တည်းသွားဖို့ အဆိုပြုထားတာရှိတယ်။ ဒါကို ပြန်ရှင်းပြတယ်။ KNU ဘက်ကတော့ NCA အရ ဖြစ်ပေါ်လာတဲ့ ကြားကာလနဲ့ပတ်သက်ပြီး ဆောင်ရွက်ရမယ့်အပိုင်းတွေကို ဆွေးနွေးတယ်။ KNU ရဲ့သဘောထားရော ကျွန်တော်တို့ အစိုးရဘက်က သဘောထားရော ပွင့်ပွင့်လင်းလင်း ဆွေးနွေးတယ်။ အချက် (၅) ချက်လောက်ရပါတယ်။ နောက်ဆုံးအချက်ကတော့ ကျွန်တော်တို့ လာမယ့်ဩဂုတ်လအတွင်းမှာ ပြန်တွေ့ဖို့ပါ။ အစိုးရဘက်က ကမ်းလှမ်းချက်တွေကို ကျွန်တော်တို့ပေးလိုက်တယ်။ အဲ့ဒီကမ်းလှမ်းချက်တွေကို KNU အလုပ်အဖွဲ့မှာ ဆွေးနွေးမယ်။ ပြီးရင် ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ပြန်တင်ပြပြီး ဩဂုတ်လအတွင်းမှာ ပြန်တွေ့ဖို့ နှစ်ဖက်လုံးကြိုးစားမယ်ဆိုပြီး လုပ်ထားတယ်။ အထူးသဖြင့်ကတော့ NCA လက်မှတ်ရေးထိုးပြီးတဲ့နောက်မှာ ယုံကြည်မှုတည်ဆောက်ရေးက အလွန်အရေးကြီးတယ်။ အဲ့ဒီဒေသမှာရှိတဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေရဲ့ဖွံ့ဖြိုးရေးကိစ္စတွေပေါ်မှာ ဘယ်လိုလုပ်ကြမလဲဆိုတာကို ခြုံငုံပြီး ဆွေးနွေးတာ ဖြစ်ပါတယ်"ဟု ပြောသည်။

အစိုးရ၏ တစ်ပြိုင်တည်းဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအနေဖြင့် NCA အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကြားကာလဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အဆိုပြုဆွေးနွေးရန်၊ NCA လမ်းကြောင်းဖြစ်စဉ်အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ဖက်ဒရယ်အခြေခံမူများရရှိအောင် ဆောင်ရွက်ရန်၊ ၂၀၂၀ မတိုင်မီနှင့် ၂၀၂၀ အလွန်ကာလများတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) ဆွေးနွေးဖက်များအကြား အဆင့်လိုက်ဆောင်ရွက်သွားရမည့် အရာများဆောင်ရွက်ရန်နှင့် NCA လက်မှတ်ရေးထိုးထားခြင်း မပြုရသေးသည့်အဖွဲ့များပါဝင်ရေး ဆောင်ရွက်ရန်၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းရေး၏ အကျိုးတရားများ လက်တွေ့ခံစားနိုင်ရန်အတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည့် အဆိုပြုချက်များပါဝင်ကြောင်း သိရသည်။

**ငြိမ်းချမ်းရေးရဲ့အကျိုးတရား**

"NCA အကောင်အထည်ဖော်မှုနဲ့ ပတ်သက်တာတွေ လက်ခံနိုင်အောင်လုပ်မယ်။ ငြိမ်းချမ်းရေးညီလာခံမှာ ဖက်ဒရယ်အခြေခံမူတွေ ရနိုင်အောင် ကျွန်တော်တို့ အတတ်နိုင်ဆုံးလုပ်မယ်။ နောက် ၂၀၂၀ မတိုင်ခင် ငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်အောင် လုပ်ဆောင်ပြီး ဘာတွေရအောင် လုပ်မလဲ။ ၂၀၂၀ ကျော်ရင် အဆင့်လိုက် ဘယ်လိုသွားကြမလဲ။ နောက်ထပ်အရာတွေကတော့ ငြိမ်းချမ်းရေးရဲ့အကျိုးတရားကို ဒေသခံပြည်သူတွေ ခံစားနိုင်ဖို့ပါ။ ဒါဟာ တစ်ချိန်တည်း တစ်ပြိုင်တည်းသွားဖို့ အစိုးရက အဆိုပြုထားတာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။

ယနေ့တွေ့ဆုံပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဒေါက်တာမင်းဇော်ဦးနှင့် ဦးမိုးဇော်ဦးတို့ တက်ရောက်ခဲ့ကြပြီး ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ပဒိုစောဆဲပွယ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ပဒိုနော်ဒါးဒါး ၊ ပဒိုမန်းဘထွန်း၊ ပဒိုစောနေသဘလေး ၊ ပဒိုစောအယ်ကလူရွှေဦးနှင့် နော်မေဦးတို့ တက်ရောက်ခဲ့ကြသည်။

**အလွတ်သဘော (၈) ကြိမ် တွေ့ဆုံခဲ့**

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်တွင် "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တရားဝင်အစည်းအဝေးများတွင် ပါဝင်မှုအား ယာယီရပ်ဆိုင်းထားပြီး အလွတ်သဘောဆွေးနွေးမှုလမ်းကြောင်းမှတစ်ဆင့် ဆွေးနွေးအဖြေရှာသွားမည်"ဟု ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီးနောက် ယနေ့အထိ အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် အလွတ်သဘော (၈) ကြိမ် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-HMS**



အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် ကေအဲန်ယူတို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

# ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စတေနိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စတေနိုင်ငံ သံအမတ်ကြီး H.E. Mr. Joao Freitas de Camara အား ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် သဘာဝသယံဇာတအရင်းအမြစ် ရေရှည်တည်တံ့စွာ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် နှစ်နိုင်ငံအကြား အတွေ့အကြုံ၊ နည်းပညာနှင့် နည်းလမ်းကောင်းများ အပြန်အလှန်လေ့လာဖလှယ်နိုင်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူရာတွင် တွေ့ကြုံနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေး အစီအမံများ၊ သစ်တောဖုံးလွှမ်းမှုအခြေအနေ၊ သစ်တောစီမံအုပ်ချုပ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် မော်ဘီမြို့ရှိ အာရှသစ်တော ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒေသတွင်းလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ သင်တန်းသားတက်ရောက်နိုင်မှု၊ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကရင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကရင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုပေါင်း ၍ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေး ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)




အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဒယ်နီရယ်ကြည် (ကရင်ပြည်နယ်တာဝန်ခံ) တက်ရောက်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ နိုင်ငံရေးပါတီ (၁၂)ပါတီမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆောင်ရွက်နေသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အမျိုးသမီးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဒယ်နီရယ်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် စံ ၅ ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ပြီး အချိန်ဇယားများရေးဆွဲချမှတ်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ၂၀၁၉ ခုနှစ် ဇွန်လမှစတင်၍ ဆောင်ရွက်နေပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များအားလုံး မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ရေးနှင့် မှန်ကန်တိကျသော မဲဆန္ဒရှင်စာရင်းများ ရရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်နေပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ပူးပေါင်း၍ လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲပြီး အပိုင်းလေးပိုင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်နယ်၊ ခရိုင်အဆင့်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူဦးရေစာရင်းနှင့် အချက်အလက်များကောက်ယူပြုစုခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဓိကတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသက် (၁၈) နှစ်ပြည့်၍ ပထမဆုံးအကြိမ်မဲပေးမည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ စစ်ဘေးရှောင်များ၊ ရွှေ့ပြောင်းလုပ်သားများကို ထည့်သွင်းပြုစုသွားမည် ဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် လူဦးရေစာရင်း ကောက်ယူသည့်အဖွဲ့များလာရောက်ကောက်ယူရာတွင် အချက်အလက်များ မှန်ကန်စေရန် ပူးပေါင်းကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကူညီပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမန်းကျော်ဝင်းမောင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ပါ ရည်မှန်းချက်ပန်းတိုင်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးမောင်မောင်နိုင်က လူဦးရေစာရင်း အချက်အလက်များကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၏ မေးမြန်းချက်များနှင့် အကြံပြုဆွေးနွေးချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဒယ်နီရယ်ကြည်က ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ကိုယ်စားလှယ်များနှင့် မြန်မာမီဒီယာသမားများ တက်ရောက်မည်

**ရန်ကုန် ဇူလိုင် ၉**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မီဒီယာထိပ်သီးညီလာခံသို့ ဗြိတိန်အစိုးရနှင့် ကနေဒါအစိုးရတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ -ဦးအုန်းကြိုင်၊ ကောင်စီဝင် ဦးဇေယျာလှိုင်နှင့် မြန်မာစာနယ်ဇင်းဆရာများ ပါဝင်သည့် ကိုးဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းက ရန်ကုန်လေဆိပ်မှ ထွက်ခွာသွားသည်။




အဆိုပါ မီဒီယာလွတ်လပ်ခွင့်နှင့်စပ်လျဉ်းသည့် ကမ္ဘာ့ထိပ်သီးညီလာခံကို ဗြိတိန်အစိုးရနှင့် ကနေဒါအစိုးရတို့ ပူးတွဲစီစဉ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ သတင်းမီဒီယာကောင်စီများ၊ စာနယ်ဇင်းဆရာများနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြမည်ဟုသိရှိရပြီး ၎င်းကမ္ဘာ့ထိပ်သီးညီလာခံသည် မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကမ္ဘာ့ပထမဆုံး ဝန်ကြီးအဆင့် ထိပ်သီးညီလာခံအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာမီဒီယာကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ -ဦးအုန်းကြိုင်၊ ကောင်စီဝင် ဦးဇေယျာလှိုင်၊ စာရေးဆရာမ ဒေါက်တာ မသီတာ၊ ရော်ဝတီ အွန်လိုင်းစာတည်း ငြိမ်းငြိမ်း၊ အေအက်ဖ်ပီသတင်းထောက် ဒေါ်လှလှဌေး၊ လူ့အခွင့်အရေးရှေ့နေ ဦးသန်းဇော်အောင်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုသူများအဖွဲ့ မောင်ဆောင်းခ၊ ဒေါ်သဉ္ဇာရွှန်းလဲ့ရည်၊ Frontier မဂ္ဂဇင်း အမှုဆောင်အရာရှိချုပ် ဦးဆန်နီဆွေတို့ ပါဝင်ကြောင်း သိရှိရသည်။ **ဒီမင်း**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၉**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener သည် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

**သတင်းစဉ်**




## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၉** နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

*ပြည်သူများ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူတို့၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးစွမ်းဆောင်မှုများမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးမှုများကို အပတ်စဉ်ဖော်ပြသွားပါမည်။*

*(စာတည်းအဖွဲ့)*

# ပိုမိုကောင်းမွန်သည့် ဝင်ငွေရရှိရေးအတွက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန် မျှော်လင့်နေသည့် တောင်သူများ

**နန္ဒာဝင်း**

**တောင်သူ ဦးဇော်ဝမ်းတစ်ယောက် နာမည်ကြီး ဈေးအရောင်းစင်တာတစ်ခုတွင် ပါကင်လှလှထုပ်ပိုးပြင်ဆင်ထားသည့် လိမ္မော်သီးများကို သတိပြုမိသည်။ တံဆိပ်တွင် ထိုင်းစာများ ရေးသားထားပြီး ဈေးနှုန်းမှာ တစ်လုံးကို ငွေကျပ်တစ်ထောင်ကျော်ဖြစ်သည်။ ဝယ်ယူ၍ မြည်းစမ်းကြည့်ရာ လိမ္မော်သီးဖတ်များသည် နူးနူးညံ့ညံ့ဖြင့် မြန်မာနိုင်ငံက စိုက်ပျိုးသည့်လိမ္မော်သီးများထက် အရသာပိုသည်ကို သတိပြုမိသည်။**

"ထိုင်းက လာတဲ့ လိမ္မော်သီးတွေပါ။ export အဆင့်မီအောင် လုပ်ထားတယ်။ ဈေးနှုန်းက ကျွန်တော်တို့ ဒီမှာ ၃၀၀ လောက်နဲ့ ရောင်းရတာ၊ သူတို့က ၁၀၀၀ ကျော် ရတယ်။ သဘောကျဖို့ ကောင်းတယ်။ ကျွန်တော်တို့လည်း နိုင်ငံခြား export အဆင့်မီ သီးနှံအမယ်မျိုးတွေကို စိုက်ချင်တယ်" ဟု တောင်သူလုပ်သက် ၂၈ နှစ် ရှိပြီဖြစ်သည့် ဦးဇော်ဝမ်းက ပြောသည်။

ဦးဇော်ဝမ်းသည် အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်ပြီး စပါးအပြင် သခွား၊ ပြောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည့်သီးနှံတို့ကိုလည်း စိုက်ပျိုးနေသူဖြစ်သည်။



ဦးလှကျော်၊ ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



ဒေါ်ချိုချို (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
အုတ်တွင်းမဲဆန္ဒနယ်

**တောင်သူများ၏ မျှော်လင့်ချက်**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်ပြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများ ဖြစ်ကြသည်။ အများစုမှာ ဦးဇော်ဝမ်းကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်ကြပြီး သမားရိုးကျစိုက်ပျိုးထုတ်လုပ်နေရာမှ ဝင်ငွေပိုမိုရရှိသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးသည် တောင်သူတို့၏ မျှော်လင့်ချက်လည်းဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ ထုတ်လုပ်နိုင်မှုစွမ်းအား မြင့်မားပြီး ဈေးကွက် လိုအပ်ချက်နှင့်အညီ အရည်အသွေးမီ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အတွက် ဇန်နဝါရီ ၃၀ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုက လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြှင့်ကုန်ပစ္စည်းများ ဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေး ပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့ တင်ခဲ့သည်။

"တောင်သူတွေဟာလည်း တစ်ပိုင်တစ်နိုင် အနေနဲ့ မွေးမြူရေးလုပ်ငန်းတွေကို လုပ်ကိုင်ကြတယ်။ ဝက်တွေမွေးတယ်၊ နွားတွေမွေးတယ်။ ဒါ့အပြင် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အင်တိုက်၊ အားတိုက် လုပ်ဆောင်နေတဲ့ လုပ်ငန်းရှင်တွေလည်း မြောက်မြားစွာရှိနေတယ်။ အဲဒီလို ပြည်တွင်းက ထွက်ရှိလာတဲ့ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) အဖြစ် ထုတ်လုပ်နိုင်ဖို့အတွက် ဒီအဆိုကို တင်သွင်းရတာဖြစ်ပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုက ပြောသည်။

**ရရှိလာနိုင်သော အလုပ်အကိုင်အခွင့်အလမ်းများ**

လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင်တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်ခြင်းအားဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်ပဈေးကွက်ကို ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းဖြင့် ပို့ကုန်ဝင်ငွေတိုးလာစေခြင်း၊ ထို့အတူ တစ်ဖက်တွင်လည်း သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးတက်လာသည့်အတွက် သွင်းကုန်ကို လျှော့နည်းစေပြီး ကုန်သွယ်မှုလိုငွေကို လျှော့ကျစေခြင်း၊ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းနေမှုကို ထိန်းချုပ်နိုင်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။ တိုင်းပြည်အတွက် ဝင်ငွေနှင့် အခွန်ရငွေများလည်း တိုးတက်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

"ဒီတန်ဖိုးမြှင့်ထုတ်ကုန်တွေကို ကိုယ့်နိုင်ငံမှာ တန်ဖိုးမြှင့်ထုတ်လို့ရပေမယ့် အခြားနိုင်ငံတွေက တင်သွင်းလာတာတွေ အများကြီးရှိတယ်။ လှလှပပ ထုပ်ပိုးပြင်ဆင်ပြီး ဆိုင်ကြီးတွေမှာ ရောင်းနေတာ။ ဒါတွေက ကိုယ့်မြန်မာနိုင်ငံမှာပဲ ထွက်ရှိလာတဲ့ သီးနှံတွေ၊ မွေးမြူရေးထုတ်ကုန်ပစ္စည်းတွေကို ပြန်ပြီး တန်ဖိုးမြှင့်ကုန်ပစ္စည်းအဖြစ် လှလှပပ လုပ်ဆောင်ထားတာ။ ဒါတွေကို ပြည်ပကနေ တင်သွင်းလာပြီး ရောင်းချတာဖြစ်တယ်။ အဲဒီလို ပြည်ပက တင်ပို့တဲ့ ကုန်ပစ္စည်းတွေကလည်း မြောက်မြားစွာ ဖြစ်နေတယ်။ နိုင်ငံခြားက ကုန်ပစ္စည်းမှာယူရတာတွေ လျော့ကျလာရင် မြန်မာနိုင်ငံမှာ နှစ်တိုင်းကြုံတွေ့နေရတဲ့ ကုန်သွယ်ရေးလိုငွေပြမှုကိုလည်း လျော့နည်းသွားနိုင်စေတယ်။ ကုန်သွယ်ရေး လိုငွေပြမှုနဲ့အတူ မြန်မာနိုင်ငံမှာ လတ်တလော ဖြစ်ပေါ်နေတဲ့ ငွေကြေးဖောင်းပွမှု တည်ငြိမ်ဖို့ကိုလည်း အထောက်အကူဖြစ်စေပါတယ်" ဟု ဒေါ်ချိုချိုက သုံးသပ်ပြောကြားသည်။

"လယ်ယာထုတ်ကုန်တွေကို အမြဲဝယ်နေကျ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေက အမြဲတမ်းဈေးကွက်တွေပျက်ပြီး ဈေးနှုန်းတွေက ကျဆင်းတယ်။ ဈေးကျကုန်တဲ့အတွက် တောင်သူတွေ အရှုံးပေါ်ကြတယ်။ အဲဒီအခါ ထွက်ရှိလာတဲ့ သီးနှံတွေ မွေးမြူရေးထွက်ကုန်ပစ္စည်းတွေကို တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်မယ်ဆိုရင် အိန္ဒိယနဲ့ တရုတ်က မဝယ်လည်း ကိုယ့်ရဲ့ပစ္စည်းက တန်ဖိုးမြှင့်နေပြီဆိုရင် အခြားနိုင်ငံတွေကို တင်ပို့ဖို့ ဈေးကွက်တွေ ရှာဖွေလို့ရတယ်။ ဒီလို ကိုယ့်နိုင်ငံက ထုတ်ကုန်တွေကို Value Added လုပ်လိုက်ခြင်းအားဖြင့် ရရှိလာမယ့်အကျိုးကျေးဇူးတွေက အများကြီးရှိတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်းမှာပင် တန်ဖိုးမြှင့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းအားဖြင့် လုပ်သားလိုအပ်ချက် ယခုထက်ပိုမိုများပြားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်သည်။ ထို့ပြင် ပြည်ပသို့ ရောက်နေသော တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ပတ်သက်သည့်အတွေ့အကြုံ၊ နည်းပညာကျွမ်းကျင်မှုရှိသူများကိုလည်း မိမိတို့နိုင်ငံရှိ Value Added လုပ်ငန်းများတွင် ပြန်လည်ခေါ်ယူခန့်ထားနိုင်သည့်အတွက် ယိုစီးနေသည့် လူ့စွမ်းအားအရင်းအမြစ်များ၏ အင်အားကိုလည်း ပြန်လည်စုစည်းနိုင်မည်ဖြစ်သည်။

**နိုင်ငံတကာအဆင့်ထုတ်လုပ်မှု**

အာဆီယံစီးပွားရေး အသိုက်အမြုံ (AEC) ဖြစ်လာပါက နိုင်ငံတကာမှ ကုန်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်သားတို့သည် လွတ်လပ်စွာ ဝင်ထွက်နိုင်တော့မည်ဖြစ်သဖြင့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကုန်ပစ္စည်းများ ဈေးကွက်တွင် ယှဉ်ပြိုင်ပါ့မလားဆိုသည့် စိုးရိမ်ပူပန်မှုများလည်း ရှိနေကြသည်။

"ကုန်ကြမ်းဆိုရင်လည်း ကုန်ကြမ်းအရည်အသွေးမီအောင်၊ ကုန်ချောဆိုလည်း ကုန်ချောအရည်အသွေးမီအောင် ကြိုးစားဖို့ လိုအပ်နေပြီဖြစ်သလို Made in Myanmar ဆိုတဲ့ ကုန်ပစ္စည်းတွေ ပေါ်ထွက်လာဖို့ အရေးကြီးပါတယ်။ ကိုယ့်ရဲ့ ထွက်ရှိတဲ့ ကုန်ပစ္စည်းက နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ လိုတယ်" ဟု ပညာရှင်များကလည်း သုံးသပ်ကြသည်။

Made in Myanmar ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ရန်ဆိုသည်မှာလည်း တီထွင်ဆန်းသစ်မှုများနှင့် အရည်အသွေးသည် နိုင်ငံတကာအဆင့်မီဖြစ်ရန် လိုအပ်သည်။ အစားအသောက်ဆိုလျှင်လည်း နိုင်ငံတကာက သတ်မှတ်ထားသည့် အစားအစာ ဘေးကင်းလုံခြုံရေး (Food Safety) နှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ကိုင်နိုင်ရန် လိုအပ်ပြီး အဝတ်အထည်၊ လူသုံးကုန်နှင့် အခြားအသုံးအဆောင် ပစ္စည်းများသည်လည်း နိုင်ငံတကာမှ ဝယ်ယူသူစိတ်တိုင်းကျ အရည်အသွေးများကို ထုတ်လုပ်ပေးနိုင်မှသာ Made in Myanmar ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

"မြန်မာပြည်သူတွေအနေနဲ့လည်း ဈေးသက်သာတာကို စိတ်ဝင်စားကြမှာပါ။ ဒါကြောင့် အရည်အသွေးကလည်း တူတယ်ဆိုရင် ဈေးသက်သာတာကို ဝယ်ကြမှာ ဖြစ်ပါတယ်။ ပြည်တွင်းဖြစ်ကို အားပေးပါဆိုပေမယ့်လည်း ကိုယ့်ရဲ့ ကုန်ပစ္စည်းက အရည်အသွေးပြည့်မီမှသာ ပြည်သူကလည်း အားပေးမှာ ဖြစ်ပါတယ်။ အရည်အသွေးမပြည့်မီတော့ အားမပေးကြဘူး၊ အဲဒီတော့ နောက်ဆုံးအရှုံးတွေ ပေါ်ကြ တယ်။ လုပ်ငန်းတွေ ရပ်ဆိုင်းသွားရတယ်။ ဒါမျိုးတွေက မဖြစ်သင့်တော့ဘူး" ဟု ဒေါ်ချိုချိုက ပြောသည်။

တစ်ဖက်တွင်လည်း တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းဟုဆိုရာတွင် ကုန်ကြမ်းအဆင့်မဟုတ်ဘဲ ကုန်ချောပစ္စည်းများကို ရည်ရွယ်သော်လည်း လက်တွေ့တွင် စ၊ လယ်၊ ဆုံး ထုတ်လုပ်နေကြသည့်လုပ်ငန်းရှင်များတွင် ဘက်ပေါင်းစုံအခက်အခဲများ ရှိနေကြသည်။

**" မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများ ဖြစ်ကြသည်။ အများစုမှာ ဦးဇော်ဝမ်းကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်ကြပြီး သမားရိုးကျစိုက်ပျိုးထုတ်လုပ်နေရာမှ ဝင်ငွေပိုမိုရရှိသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးသည် တောင်သူတို့၏ မျှော်လင့်ချက်လည်းဖြစ်သည် "**

*စာမျက်နှာ ၁၁ သို့*




မြန်မာသရက်သီးမှ ထုတ်လုပ်ထားသော အသင့်စားမုန့်များ (ဓာတ်ပုံ - Go Green Myanmar)




စင်ကာပူနိုင်ငံ ဈေးဝယ်စင်တာတစ်ခုသို့ တင်ပို့ရောင်းချထားသော မြန်မာစိန်တလုံးသရက်သီးများ (ဓာတ်ပုံ - Go Green Myanmar)

*စာမျက်နှာ ၁၀ မှ*

မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စား၊ အလတ်စားအပါအဝင် စီးပွားရေးလုပ်ငန်းများ အားလုံး၏ ၂၃ ရာခိုင်နှုန်းအတွက် ဘဏ္ဍာငွေကြေးရရှိရေးမှာ အဓိကအခက်အခဲဖြစ်နေသည်ဟုလည်း ၂၀၁၄ ခုနစ်တွင် ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာ့စီးပွားရေးလုပ်ငန်းများ စစ်တမ်းကောက်ယူစဉ်က တွေ့ရှိခဲ့ရသည်။

"လုပ်ငန်းရှင်တွေ တန်ဖိုးမြှင့်ထုတ်ကုန်တွေ လုပ်ဆောင်ရာမှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ နည်းပညာဆိုတာလည်း လိုအပ်တယ်။ စက်ကိရိယာတွေ ဝယ်ယူရမှာရှိတယ်။ အရင်းအနှီးတွေဆိုတာလည်း ထပ်မံထည့်မှသာ လုပ်ငန်းတွေဟာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းလိုက်နိုင်မှာ ဖြစ်ပါတယ် " ဟု ဒေါ်ချိုချိုက ပြောသည်။

**ရင်ဆိုင်နေရသော စိန်ခေါ်မှုများ**

ပြည်တွင်းစားသုံးသူများ၏ စိတ်တွင် နိုင်ငံတကာကုန်ပစ္စည်းများ၊ အမှတ်တံဆိပ်များကို ပိုမိုအားထားရမည်ဟု ယုံကြည်နေခြင်း၊ ပြည်တွင်းဖြစ်ပစ္စည်းများကို တန်ဖိုးမြှင့်ပေးပြီး မသုံးစွဲလိုကြခြင်းဆိုသည့် ဈေးကွက်ယုံကြည်မှုနှင့် စားသုံးသူအလေ့အထများက ပြည်တွင်းလုပ်ငန်းများအတွက် အခက်အခဲတစ်ခုလည်း ဖြစ်သည်။

ထို့ပြင် ပြည်တွင်းဈေးကွက်ရှိ နိုင်ငံတကာထုတ်ကုန်များနှင့် ယှဉ်ရာတွင် ထိုကုန်ပစ္စည်းများနည်းတူ အရည်အသွေးကို အာမခံနိုင်ရန် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် လိုအပ်သည့် အဆင့်မြင့်နည်းပညာမရှိသေးခြင်း၊ တချို့လုပ်ငန်းငယ်များသည် ထိုနည်းပညာများကို လက်လှမ်းမမီခြင်း၊ နိုင်ငံတကာအဆင့်မီဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ်စက များပြားခြင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များခြင်းတို့မှာ လုပ်ငန်းရှင်တို့ ရင်ဆိုင်နေကြရသည့်အခက်အခဲများပင် ဖြစ်သည်။

ဆက်လက်၍ ဒေါ်ချိုချိုက " တရားဝင်နည်းလမ်းနဲ့ ထုတ်လုပ်ပြီး တရားဝင်အခွန်ပေးသွင်းနေရတဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက် ပစ္စည်းတန်ဖိုးမြှင့်တက်ရခြင်းနဲ့ ပြည်ပက တရားမဝင်ကုန်သွယ်မှုတွေကြောင့်လည်း ပြည်တွင်းသွင်းကုန်အစားထိုးလုပ်ငန်းတွေအပါအဝင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) တွေဟာ ထိခိုက်နစ်နာနေကြရပါတယ်" ဟု လုပ်ငန်းရှင်များ၏ အခက်အခဲကို ရှင်းပြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနည်းနေသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများဝင်လာရန် အခွန်ဆိုင်ရာမက်လုံးများ၊ လွယ်ကူလျင်မြန်သည့် မြေယာအသုံးချမှုပုံစံများဖြစ်အောင် ဆောင်ရွက်ပေးရန်နှင့် ဖမ်းဆီးရမိသည့် ငါး၊ ပုစွန်များကို ထိုင်းနိုင်ငံသို့ ကုန်ကြမ်းအဖြစ် ရောင်းချရာတွင် ကုန်ချောထုတ်လုပ်သည့်မူဝါဒကို အစိုးရက ဥပဒေသတ်မှတ်ရန် လိုအပ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင် အမှန်တကယ် အလုပ်လုပ်ကိုင်နေသူများကို အတိုးနှုန်းသက်သာစွာဖြင့် ငွေကြေးပံ့ပိုးလုပ်ကိုင်စေခြင်းသည်လည်း ပို့ကုန်တိုးတက်လာစေမည်ဖြစ်ကြောင်းလည်း ပညာရှင်များက ဆိုကြသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသည့် ထွက်ကုန်ပစ္စည်းများအပေါ် မူတည်ပြီး လိုအပ်သည့် စည်သွတ်စက်ရုံများကိုလည်း ဒေသအလိုက် အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ကြောင်းကို "ရာသီအလိုက် ထွက်ရှိလာတဲ့ စိုက်ပျိုးရေးထွက်ကုန်တွေဟာ ထွက်ရှိချိန်မှာ ဈေးကွက်မရှိလို့ သုံးစွဲသူနည်းပါးလို့ အလဟဿဖြစ်သွားမယ့် သီးနှံတွေ ပျက်စီးမှုကိုလည်း အကျိုးရှိစွာ အသုံးချနိုင်မှာဖြစ်ပါတယ်။ မွေးမြူရေးထွက်ကုန်တွေကိုလည်း အကောင်လိုက်ရောင်းချလို့ ဈေးနှုန်းနည်းတာတွေကိုလည်း စည်သွတ်ဘူးတွေလုပ်မယ်ဆိုရင် ဈေးနှုန်းပိုမို ရရှိစေမှာဖြစ်တဲ့အတွက် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) စက်ရုံတွေ ပြည်တွင်းမှာ အများအပြား အကောင်အထည်ဖော်ပေးဖို့ လိုအပ်ပါ တယ်" ဟု ထောက်ပြကြသည်။

"နိုင်ငံတော်အနေနဲ့ အရင်းအနှီးတွေကိုလည်း သက်သာတဲ့ အတိုးနှုန်းနဲ့ ဖြည့်ဆည်းပေးဖို့ လိုပါတယ်။ နည်းပညာတွေကိုလည်း ကူညီပံ့ပိုးပေးရမှာဖြစ်တယ်။ Value Added လုပ်မယ့် စက်ရုံ၊ အလုပ်ရုံတွေအတွက် လယ်ယာထွက်ကုန်ပစ္စည်းတွေ၊ မွေးမြူရေးထွက်ကုန်ပစ္စည်းတွေကို သယ်ယူပို့ဆောင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးတွေ လွယ်ကူကောင်းမွန်နေရမယ်၊ စက်ရုံတွေ ၂၄ နာရီလုံး လည်ပတ်နိုင်ဖို့ လျှပ်စစ်စွမ်းအားတွေ ပြည့်စုံနေရမယ်။ အဲဒီလို အခြေခံအဆောက်အအုံတွေ ပြည့်ဝနေဖို့ နိုင်ငံတော်အနေနဲ့ ဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေ အားကောင်းလာမှ ကိုယ့်ရဲ့ပြည်တွင်းမှာ အရည်အသွေးမြင့်တဲ့ ကုန်ပစ္စည်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းထုတ်လုပ်နိုင်လာမှာ ဖြစ်ပါတယ်" ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချိုက သုံးသပ်သည်။

**ပြည်ထောင်စုအစိုးရအား တိုက်တွန်း**

ထို့ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို တင်သွင်းသည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြှင့်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ထောက်ခံဆွေးနွေးခဲ့ကြသည်။

အဆိုနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများ အပါအဝင် စိုက်ပျိုးထုတ်လုပ် မွေးမြူကြသူများ၏ ထုတ်လုပ်နိုင်မှုစွမ်းအားမြှင့်ပြီး ဈေးကွက်လိုအပ်ချက်နှင့်အညီ တန်ဖိုးမြှင့် ထုတ်ကုန်များ အမယ်စုံ ထုတ်လုပ်ခြင်းအားဖြင့် ဝင်ငွေမြင့်မားလာစေရေးနှင့် ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာနှင့်ယှဉ်ပြိုင်ပြီး ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

"စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်တို့ ကျင့်သုံးနိုင်မှုကို နည်းပညာပေးတဲ့ လုပ်ငန်းတွေ၊ သင်တန်းပို့ချခြင်းနဲ့ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတွေကို အစဉ်တစိုက် ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပတင်ပို့တဲ့ ငါး၊ ပုစွန်ရေထွက်ပစ္စည်းတွေနဲ့ ပတ်သက်ပြီး အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များဖြစ်တဲ့ GMP ၊ HACCP နဲ့ အညီ ထုတ်လုပ်မှု၊ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းကြောင်း အာမခံချက်ပေးတဲ့ လုပ်ငန်းစဉ်တွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်" ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

ထို့အပြင် ရာသီအလိုက် ထွက်ရှိလာသည့် ထွက်ကုန်များ ဈေးကွက်အခြေအနေကြောင့် စိုက်ပျိုးစရိတ်ထက် ထွက်ကုန်တန်ဖိုးက လျော့နည်းပြီး အရှုံးဖြစ်ပေါ်စေသည့် ဖြစ်စဉ်၊ ထွက်ကုန်ပျက်စီးဆုံးရှုံးရသည့် ဖြစ်စဉ်များကို ကုစားနိုင်ရန်အတွက် သီးနှံပုံစံချမှတ်မှုနှင့်အတူ ဈေးကွက်အလားအလာ တွက်ဆနိုင်မှုနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း လိုအပ်သည့်စက်ပစ္စည်းကိရိယာ (Equipment ၊ Facilities) များ ဖြည့်ဆည်းပြီး နည်းပညာပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဒုတိယဝန်ကြီးက ဆက်လက် ပြောကြားသည်။

**လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့လို**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချိုက "ဒီအဆို အကောင်အထည်ဖော်မယ်ဆိုရင် အမြဲတမ်းနစ်နာမှုနဲ့ ကြုံဆုံနေရပြီး အရှုံးပေါ်အကြွေးသံသရာက ရုန်းမထွက်နိုင်ကြတဲ့ ကျွန်မတို့ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူတွေထဲက အများစုဖြစ်ကြတဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ကိုင်နေကြသူ များရဲ့ အကျိုးစီးပွားမြှင့်တင်ပေးနိုင်ဖို့အတွက် လက်တွေ့ အကောင်အထည်ဖော်ပေးဖို့ လိုပါတယ်" ပြော ကြားသည်။

ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြှင့်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။

တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီးပိုမိုကောင်းမွန်သည့် ဝင်ငွေရရှိရန် မျှော်လင့်နေသည့် ဦးဇော်ဝမ်းကတော့ "ဒါနဲ့ ပတ်သက်ပြီး လွှတ်တော်မှာ ဆွေးနွေးတယ် ကြားတယ်ဗျာ။ ဝမ်းသာပါတယ်။ ကျွန်တော်တို့လို တောင်သူတွေအတွက်တော့ အသက်ရှူပေါက် ရတာပေါ့" ဟု ပြောသည်။ ။




သရက်သီးမှ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ထားသည့် မြန်မာနိုင်ငံထွက် စားသောက်ကုန်များ (ဓာတ်ပုံ - Go Green Myanmar)

**" ပြည်တွင်းမှာပင် တန်ဖိုးမြှင့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းအားဖြင့် လုပ်သားလိုအပ်ချက် ယခုထက်ပိုမို များပြားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်သည်။ ထို့ပြင် ပြည်ပသို့ရောက်နေသော တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ပတ်သက်သည့်အတွေ့အကြုံ၊ နည်းပညာကျွမ်းကျင်မှုရှိသူများကိုလည်း မိမိတို့နိုင်ငံရှိ Value Added လုပ်ငန်းများတွင် ပြန်လည်ခေါ်ယူ ခန့်ထားနိုင်သည့်အတွက် ယိုစီးနေသည့် လူ့စွမ်းအားအရင်းအမြစ်များ၏ အင်အားကိုလည်း ပြန်လည်စုစည်းနိုင်မည်ဖြစ်သည် "**

# ကဗျာဆရာ့အဖေ (သို့) ပြည်သူချစ်ခေါင်းဆောင်တစ်ဦးရဲ့ အဖေ (သို့) လူထုချစ်တဲ့ ပန်းချီဆရာ

**ညီုကို**

ပန်းချီဆရာကြီး ဦးသက်ညွန့် ယနေ့ ၉ ဇူလိုင် ၂၀၁၉ မှာ ကွယ်လွန်သွားရှာသည်။ သူက ရေဆေးပန်းချီအရေးကောင်းသူ ပန်းချီဆရာကြီးအဖြစ်သာမက ၁၉၈၈ ပြည်သူ့ ဒီမိုကရေစီအရေးတော်ပုံ ခေါင်းဆောင်တစ်ဦးဖြစ်သူ မင်းကိုနိုင်၏ ဖခင်အဖြစ် သိကြ၏။

မင်းကိုနိုင်ဟုဆိုလိုက်လျှင် မြန်မာနိုင်ငံမှာ သိသူများပါသည်။ ၈၈ ပြည်သူ့ ဒီမိုကရေစီအရေးတော်ပုံကြီးကို ဖြတ်သန်းခဲ့ရသူတိုင်းက သည်အမည်ကို အကျွမ်းဝင်ပြီးသား။ အားကိုးစိတ်ဖြင့်၊ ချစ်ခင်လေးစားစိတ်ဖြင့် သည်အမည်ကို သိဖူးထားပြီးသား။

ဦးသက်ညွန့်ဟု ဆိုလိုက်လျှင်မူ ပန်းချီဆရာတစ်ဦးအဖြစ် ကျွမ်းဝင်စိတ်အပြင် မင်းကိုနိုင်၏ ဖခင်အဖြစ်ပါ တွဲလျက်သိမိကြ၊ သတိထားမိကြသည်။ အမှန်တော့ ဦးသက်ညွန့်က ပညာရပ်ဖြင့်တွဲကာ အလေးထားမိကြရသည့် ပန်းချီဆရာကြီး တစ်ဦးအဖြစ် လူသိများပြီးသား။ သားဖြစ်သူက ပို၍လူသိများ ထင်ရှားကြသည့် အခါတွင်မူ သားဖြစ်သူနှင့် ယှဉ်တွဲကာ ပိုမို သတိထားမိကြသည်။

ဖခင်တို့၏ သဘာဝအတိုင်း မိမိကိုအလေးဂရုပြုသည် မပြုသည်အသာထား၊ သားဖြစ်သူကို မိမိထက်ပိုကာ အလေးဂရုပြုကြ၊ ချစ်ခင်လေးစားကြခြင်းကို သာ၍ နှစ်ခြိုက်ဂုဏ်ယူကြသည်သာ။

ဘဘ ဦးသက်ညွန့်က မွန် မြန်မာ။ မွေးချင်းနှစ်ယောက်အနက် သူက အငယ်။ ၂၀ ဖေဖော်ဝါရီ၊ ၁၉၂၇ မွေးဖွားသူဖြစ်လို့ ယခု ကွယ်လွန်ချိန်တွင် သူ၏အသက်က ၉၂ နှစ်ပြည့်ပြီးဖြစ်ပါသည်။ မုဒုံမြို့ ကျောင်းသစ်ရပ်တွင် မွေးဖွားပြီး အဘ ဦးထွန်းလွင်၊ အမိ ဒေါ်ခင်မေ ဖြစ်ပါသည်။ မုဒုံမြို့ရှင်အရဟံအထက်တန်းကျောင်းမှာ ပညာသင်ကြားကာ အဋ္ဌမတန်းအောင်မြင်သည်ထိနေခဲ့၏။ ပန်းချီပညာကို ငယ်စဉ်ကပင်ဆည်းပူးပြီး ဆရာရင်းမှာ ဆရာဦးငွေဂိုင် (မုဒုံ)။ ၁၉၄၆-၄၉ ကာလများမှာ ပန်းချီအခြေခံသည့် ပုသိမ်ထီးလုပ်ငန်း တည်ထောင်ခဲ့သည်။ ပုသိမ်ထီးများပေါ်က ပန်းများ၊ ရှုခင်းများကို ကိုယ်တိုင်ရေးခဲ့သူ ဖြစ်ပါသည်။

၁၉၅၁ တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရောက်ရှိလာပြီး ဆရာကြီး ဦးလှမောင်ထံမှ ပန်းချီပညာ ဆက်လက်ဆည်းပူးခဲ့ပါသည်။

၁၉၅၁-၅၃ မှာ Burma-America Institute (မြန်မာ -အမေရိကန် ယဉ်ကျေးမှု ဌာန) ပြပွဲမှူး ၁၉၅၃-၅၈ မှာ မြန်မာနိုင်ငံတော်သမဝါယမ ပညာရေး ဌာနသမဝါယမ မဂ္ဂဇင်းတွင် စာမူဖတ်နှင့် ပုံဆွဲအဖြစ် တာဝန်ယူခဲ့သည်။

မင်းကိုနိုင် နှစ်ပေါင်းများစွာ ထောင်တွင်းမှာနေရသည့်အခါ သူ၏ ရင်းနှီးသူ မိတ်ဆွေအဖြစ် သူ့ကိုကြည်ညိုလေးစားကာ ဂရုစိုက်မှုကို ဖော်ပြလိုစိတ်ဖြင့်


ပန်းချီဆရာကြီး ဦးသက်ညွန့်

ကျွန်တော်တို့ မင်းကိုနိုင်၏ အိမ်သို့ သွားရောက်လည်ပတ်ဖြစ်ကြသည်။ ကိုပေါ် ထောင်ထဲမှာ စာဖတ်ခွင့်ရပြီဟု သိရသည်နှင့် သူဖတ်ချင်လိမ့်မည်ဟု ထင်သောစာအုပ်များကို သွားရောက်ပို့ပေးဖြစ်ခဲ့သည်ကစကာ ဘဘ ဦးသက်ညွန့်နှင့် ကျွန်တော်တို့ ရင်းနှီးဖြစ်ခဲ့ကြသည်။

**ပန်းချီကားများကို ရေးဆွဲတတ်သူ**

ဘဘက ရေဆေးပန်းချီရေးလျှင် ပါးပါးလေးရေးရေး၊ ထူထူရေးရေး မြင်လိုက်သည်နှင့် စိတ်ထဲကျေနပ်သွားစရာ ပန်းချီကားများကို ရေးဆွဲတတ်သူ။ ကျွန်တော်တို့သွားလျှင် သားဖြစ်သူ၏ သူငယ်ချင်းများအဖြစ် အထူးခင်ခင်မင်မင် ဂရုစိုက်ကာ စကားပြောဆို ဆက်ဆံလေ့ရှိသည်။

မင်းကိုနိုင်က လူထုနှင့် စကားပြောပြီဆိုလျှင် သူလိုရာကို ရောက်အောင် ဆွဲဆောင်ပြောဆိုနိုင်သူ၊ နားထောင်နေသည့် လူထုကို ကြက်သီးမွေးညင်းထအောင် နှိုးဆော်စည်းရုံးနိုင်စွမ်းရှိသူ။

ဘဘက တိုးတိတ်ညင်သာလှစွာသော စကားပြောဆိုမှုဖြင့် သူ၏ အနုပညာစွမ်းရည်ကို ဖော်ပြနိုင်စွမ်းရှိသူ။

အမှန်တော့ ကိုပေါ်မပါဘဲ ဘဘနှင့် ကျွန်တော်တို့တွေ့ခဲ့သည့် ကာလများမှာ ဘဘက ကျွန်တော်တို့ဆီက စကားများကိုသာ ပိုမိုတောင့်တငံ့လင့်နေသူဟု မြင်သည်။ သူက ပန်းချီကားများနှင့် ပတ်သက်စပ်ဆိုင်ရာ အကြောင်းများကလွဲလျှင် အခြားစကားများများပြောချင်သူ မဟုတ်ဟု စိတ်ထဲထင်သည်။ ယခုမှ ပြန်တွေးတော့ ထောင်နန်းစံသားဖြစ်သူရှိနေချိန်မှာ သားဖြစ်သူနှင့် ပတ်သက်သည်ကလွဲ၍ အခြားဘာစကားမှ ပြောချင်စိတ် ရှိမည်မဟုတ်ဆိုသည်က မဆန်းလှ။

စာအုပ်များ ကိုပေါ်အတွက် ပေးပြီး ပြန်မည်ပြုတော့ သူ၏ ပန်းချီကားတစ်ခုကို စွဲစွဲမှတ်မှတ်ဖြစ်သည်နှင့် ဝယ်ယူခဲ့၏။ ဘဘ က လက်ဆောင်ပေးဖို့ ဆိုသော်လည်း ကျွန်တော်က တန်ဖိုးထားသည်ကို ဖော်ပြချင်စိတ်ဖြင့် မရအရ ငြင်းကာ သတ်မှတ်တန်ဖိုးအတိုင်း ဝယ်ယူခဲ့၏။

**နွေးထွေးလှိုက်လှဲသောမိသားစု**

ကိုပေါ်တို့မိသားစုက အလွန်ချစ်စရာကောင်းသော နွေးထွေးလှိုက်လှဲသော မိသားစု။ ကိုပေါ့်အမေက နူတ်နည်းသလောက် မေတ္တာကို ဖော်ပြရာတွင် ကပ်စေးနှဲတတ်သူမဟုတ်။ ဘဘကစကားတွေ ပြောနေချိန်မှာ ကိုပေါ့်အမေက စကားထောက်မှုပင်မလုပ်ဘဲ ပြုံးရင်းမေတ္တာကို ဖော်ပြနိုင်စွမ်းသူ။

ဘဘက ကြော်ငြာဒီဇိုင်းများ၊ ပြဇာတ်နောက်ခံကားများ၊ ဘုရားနောက်ခံကားများ၊ မဂ္ဂဇင်းများတွင် သရုပ်ဖော်ပုံရေးသူ၊ ရေဆေးဆီဆေး ပန်းချီကားများစွာ ရေးဆွဲခဲ့သူလည်း ဖြစ်ပါသည်။

**ဝမ်းနည်းခံစားကြရ**

ဘဘဦးသက်ညွန့်က ဇနီးဖြစ်သူ ဒေါ်လှကြည် နှင့် ၁၉၅၄ တွင် အိမ်ထောင်ပြုခဲ့ပြီး သမီးသုံးယောက်နှင့် နိုင်ငံက အားကိုးနိုင်စရာ သားတစ်ယောက် (မင်းကိုနိုင်) တို့ ထွန်းကားခဲ့သည်။ ၉ ဇူလိုင် ၂၀၁၉ တွင် သူ့ကိုချစ်ခင်လေးစားသူ အားလုံးကို ချန်ထားရစ်ကာ ကွယ်လွန်သွားခဲ့ရှာသည်။ ကိုပေါ်က ကဗျာဆရာ တစ်ယောက်၊ နိုင်ငံရေးသမားတစ်ယောက်၊ ပြည်သူချစ် ဒီမိုကရေစီခေါင်းဆောင် တစ်ယောက်ဟု အသိအမှတ်ပြုခံထားရသည့် ပြည်သူ့ဘက်တော် သား။ သူ၏ ဖခင်ဆုံးရှုံးမှုကို ပန်းချီဆရာကြီး၊ အနုပညာသည်ကြီး တစ်ဦးဆုံးရှုံးမှုမျှသာမက မိမိတို့၏ မိသားစုဝင်တစ်ယောက် ဆုံးရှုံးရသလို ဝမ်းနည်းခံစားကြရပါသည်။

ဘဘက လွန်စွာငြိမ်းချမ်း အေးဆေးသူ ဖြစ်သည့်အားလျော်စွာ လောကခံကို တည်ငြိမ်စွာ ရင်ဆိုင်ရင်း ကောင်းရာသုဂတိသို့ သွားမည့်သူဟု ယုံကြည်ရင်း....

## မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် မှတ်တမ်းရိုက်ကူး

**ရန်ကုန် ဇူလိုင် ၉**

သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာ "Preparedness for Myanmar"ခေါင်းစဉ်ဖြင့် မှတ်တမ်းရိုက်ကူးခြင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အမေရိကန်နိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ ကင်းချောင်းကျေးရွာနှင့် ငှင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ပြုလုပ်ကြသည်။

ထိုသို့ရိုက်ကူးမှုကို ယမန်နေ့က ဖျာပုံမြို့ မငေးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ဒေးဒရဲမြို့နယ် စိန်လေးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ပညာပေးသင်ကြားပို့ချမှုများ၊ သဘာဝဘေးဒဏ်မကျရောက်မီ၊ ကျရောက်ချိန်နှင့် ကျရောက်ပြီးချိန်များတွင် ကြိုတင်နှိုးဆော်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးပြုလုပ်နိုင်ရန်အတွက် အသံချဲ့စက်၊ မိုက်ခရိုဖုန်းများ၊ စပီကာများ၊ မီးသတ်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများကို ရွာသူရွာသားများအသုံးပြုနိုင်ရန် လက်တွေ့သရုပ်ပြခြင်းနှင့် လွှဲပြောင်းပေးခြင်းများကို မှတ်တမ်းတင်ရိုက်ကူးခဲ့ကြောင်း၊ ဇူလိုင် ၁၀ ရက်တွင် ပဲခူးမြို့နယ် အုတ်ဖိုကျွန်းရိုးရွာ၊ ဇူလိုင် ၁၁ ရက်တွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၁)နှင့်(၂)တို့တွင် ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


ဖျာပုံမြို့ မငေးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မှတ်တမ်းရိုက်ကူးနေစဉ်။

## အောင်ပွဲရ လှေလှော်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၉**

ထိုင်းနိုင်ငံ ပတ္တရား၌ ဇွန် ၂၀ရက်မှ ၂၃ရက်အထိ ကျင်းပခဲ့သည့် အကြီးတန်း၊ အငယ်တန်း လှေလှော်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် လှေလှော်အသင်းမှ ရွှေခြောက်ခု၊ ငွေလေးခု၊ ကြေးငါးခုရရှိခဲ့သော အောင်ပွဲရလှေလှော်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်း Dagon Golf City ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အောင်ပွဲရအားကစားသမားများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လက်ခံကြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ရွှေ၊ ငွေ၊ ကြေးဆုရရှိခဲ့ကြသည့် အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်နာယကနှင့် ဒုတိယဥက္ကဋ္ဌများက နည်းပြများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အောင်ပွဲရ အားကစားသမားများအတွက် ရွှေတံဆိပ်ဆုတစ်ဆုလျှင် ငွေကျပ် ၁၀ သိန်း၊ ငွေတံဆိပ်တစ်ဆုလျှင် ငွေကျပ်ငါးသိန်း၊ ကြေးတံဆိပ်တစ်ဆုလျှင် ငွေကျပ်နှစ်သိန်းငါးသောင်း ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ လက်ရွေးစင် ယူ-၂၄ အားကစားသမားများသည် ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် (၁၄) ကြိမ်မြောက် ကမ္ဘာ့ချန်ပီယံရှစ်ရိုးရာလှေပြိုင်ပွဲတွင် အားကစား ၁၈ နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## အာဖရိကဖလား ၁၆ သင်းအဆင့် တူနီးရှားတို့ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရ

အာဖရိကဖလား ၁၆ သင်း အဆင့် ရှုံး/ထွက် နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်သော ဂါနာနှင့် တူနီးရှားပွဲစဉ်သည် ဇူလိုင် ၉ ရက် နံနက်ပိုင်းက အစ်မိုင်လီယာမြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ တူနီးရှားအသင်း ပယ်နယ်တီအဆုံးဖြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၃-၃ ကစားကွက်များဖြင့် ပွဲထွက်ခဲ့ပြီး ကွင်းလယ်ဒိုင်အဖြစ် ဗစ်တာဂိုမက်စ်က တာဝန်ယူခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၇၃မိနစ်တွင် တိုက်စစ်မှူး ခီနစ်ဆီ၏သွင်းဂိုးဖြင့် တူနီးရှားအသင်း ဦးဆောင်ခဲ့ပြီး ပွဲပြီးခါနီး မိနစ် ၉၀ တွင် တူနီးရှားကစားသမား ရာမီဘက်ဒ္ဒိုင်း ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် ဂါနာတို့ ချေပဂိုးရရှိခဲ့သည်။ နှစ်သင်းစလုံး တစ်ဖက်တစ်ဂိုးစီဖြင့် အနိုင်အရှုံးမပေါ်ဘဲ အချိန်ပိုထပ်မံကစားခဲ့ရာ ရလဒ်မပြောင်းခဲ့၍ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် တူနီးရှားတို့ အနိုင်ရရှိခဲ့သည်။

အာဖရိကဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဆီနီဂေါနှင့် ဘီနင်၊ နိုင်ဂျီးရီးယား နှင့် တောင်အာဖရိက၊ အိုင်ဗရီကို့စ်နှင့် အယ်လ်ဂျီးရီးယား၊ မာဒါဂါစကာနှင့် တူနီးရှားတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်မှ ဆီနီဂေါနှင့် ဘီနင်ပွဲသည် ဇူလိုင် ၁၀ရက် ည၁၀နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုင်ဂျီးရီးယားနှင့် တောင်အာဖရိကပွဲသည် ဇူလိုင် ၁၁ရက် နံနက် ၁ နာရီခွဲတွင် လည်းကောင်း၊ အိုင်ဗရီကို့စ်နှင့် အယ်လ်ဂျီးရီးယားပွဲသည် ဇူလိုင် ၁၁ရက် ည ၁၀နာရီခွဲတွင် လည်းကောင်း၊ မာဒါဂါစကာနှင့် တူနီးရှားပွဲသည် ဇူလိုင် ၁၂ရက် နံနက် ၁နာရီခွဲတွင်လည်းကောင်း ယှဉ်ပြိုင်သွားကြမည် ဖြစ်သည်။

**သီဟ**

# မောင်တောမြို့နယ်၌ အစ္စလာမ်ဘာသာဝင် ၆၃ ဦး တင်ဆောင်လာသည့် စက်လှေတစ်စင်းနှင့် လှေလုပ်သားလေးဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြင်းလွတ်ကျေးရွာအနီး ပင်လယ်ကမ်းခြေ၌ ဇူလိုင် ၇ ရက် နံနက်ပိုင်းက အစ္စလာမ်ဘာသာဝင် အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၆၃ ဦးနှင့် စက်လှေလုပ်သား လေးဦး၊ သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည် ၉၉ တောင့်တို့ကို နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် မြင်းလွတ်ကျေးရွာအနီး ပင်လယ်ကမ်းစပ်တွင် စက်လှေတစ်စင်းဆိုက်ကပ်ထားကြောင်း သတင်းအရ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ “(တ) အောင်စိုးကျော်” အမည်ရှိ စက်လှေအား ဝမ်းဗိုက်အတွင်း ရေများဝင်လျက် ရပ်ထားသည်ကို တွေ့ရှိပြီး ဝန်းကျင်နယ်မြေရှင်းလင်းခဲ့ရာ သပြေတောရွာပျက်အနီး၌ ဟာမက်တူဆောင်း (ခ) ကျော်လှုပါ အစ္စလာမ်ဘာသာဝင် ၆၃ ဦးနှင့် ဂျင်းတောရွာအနီး ဦးထွန်းမြင့် (စိစစ်ဆဲ)၏ လယ်တဲအတွင်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ရွှေပြည်သာရပ်ကွက်နေ စက်လှေမောင်း ဇော်လတ်ပါ စက်လှေလုပ်သား လေးဦးကို တွေ့ရှိခဲ့ကြောင်း။

**စစ်ဆေးဖော်ထုတ်**

စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိသူ စစ်တွေမြို့နယ် ဘုမေကျေးရွာနေ ဟာမက်တူဆောင်း(ခ) ကျော်လှုသည် ၂၀၁၂ ခုနှစ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ တရားမဝင်သွားရောက်၍ ပန်းရန်လုပ်ကိုင်ခဲ့ကြောင်း၊ ၎င်းအား မလေးရှားနိုင်ငံသား လူမှောင်ခိုသူဌေးတစ်ဦးက ရင်းဂစ်ငွေ ၃၀၀၀ ပေး၍ စကားပြန်အဖြစ်ဆောင်ရွက်စေပြီး အစ္စလာမ်ဘာသာဝင်များကို တရားမဝင်သယ်ဆောင်ရန် စေလွှတ်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း မလေးရှားနိုင်ငံသား လူမှောင်ခိုက ကော့သောင်းမြို့နေ စက်လှေပိုင်ရှင် ချစ်ကိုနှင့် ချိတ်ဆက်ပေး၍ ရေကြောင်းလမ်းဖြင့် ကော့သောင်းမြို့သို့ ရောက်ရှိခဲ့ကြောင်း၊ ဟာမက်တူဆောင်း (ခ) ကျော်လှုသည် ၂၀၁၉ ခုနှစ် ဇွန် ၂၅ ရက်တွင် ကော့သောင်းမြို့သူဌေးကျွန်းမှတစ်ဆင့် စက်လှေမောင်းသူ ဇော်လတ်တို့ လေးဦးနှင့်အတူ စက်လှေဖြင့် ထွက်ခွာခဲ့ရာ ဇူလိုင် ၄ ရက်တွင် စိန့်မာတင်ကျွန်း (ခ) အုန်းကျွန်းအနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင် ရေပြင်သို့ရောက်ရှိ ကျောက်ချရပ်နားခဲ့ကြောင်း၊ ၎င်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာဖ်မြို့နေ လူဘီ (စိစစ်ဆဲ)နှင့် ရော်ဖီ(စိစစ်ဆဲ) တို့ထံ ဖုန်းဖြင့်ချိတ်ဆက်ဆက်သွယ်ခဲ့ပြီး သုံးရက်ခန့်အကြာ မလေးရှားနိုင်ငံသို့ တရားမဝင် သွားရောက်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတူပါလောင်၊ ဘာလူခါလီ၊ မူဆိုနီနှင့် ထန်ခါလီဒုက္ခသည်စခန်း အသီးသီးတို့မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၃၄ ဦးမှာ လှေနှစ်စင်းဖြင့် ရောက်ရှိလာခဲ့ကြောင်း၊ ဆက်လက်၍ ၎င်း၏ မိခင်ဖြစ်သူ စစ်တွေမြို့ဘုမေကျေးရွာနေ အဏ္ဏာဝါဘေဂွန်(ခ) အန်နုဝါဗာဂွန်ထံ ဖုန်းဖြင့်ဆက်သွယ်၍ စစ်တွေမြို့နယ်ရှိ ဆေးသမားကြီး၊ ဖွေတာကုန်း၊ စခန်းကွဲ၊ ဘောမူဂေါ်၊ ခါးပိန်ဒုက္ခသည်စခန်းများမှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၇ ဦးအား အဏ္ဏာဝါဘေဂွန် (ခ)အန်နုဝါဗာဂွန်က ဦးဆောင်၍ လှေတစ်စင်းဖြင့် ခေါ်ဆောင်ရောက်ရှိလာခဲ့ကြောင်း၊ ယင်းနောက် မလေးရှားနိုင်ငံသို့ တရားမဝင် သွားရောက်မည့် အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၆၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၇ သိန်းဖြင့် အခကြေးငွေ ညှိနှိုင်းပြီး မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန် စက်လှေဖြင့် ပြန်လည်ထွက်ခွာခဲ့ကြောင်း။

**သောင်တင်နေခြင်း ဖြစ်**

ဇူလိုင် ၇ ရက် နံနက် ၂ နာရီခန့်တွင် ပင်လယ်ပြင်အတွင်း ၎င်းတို့စက်လှေ ဆီကုန်ရပ်တန့်သွားကြောင်း၊ ရာသီဥတုဆိုးရွားမှု အခြေအနေအရ လှိုင်းကြီး၍ စက်လှေအတွင်းသို့ ရေများဝင်ရောက်ပြီး ရေလှိုင်းနှင့်အတူမျောပါကာ မြင်းလွတ်ကျေးရွာအနီး ပင်လယ်ကမ်းစပ်တွင် သောင်တင်နေခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စက်လှေသားလေးဦးကို စစ်ဆေးချက်အရ လွန်ခဲ့သော နှစ်ပတ်ခန့်က ကော့သောင်းမြို့နယ် သူဌေးကျွန်းနေ စက်လှေပိုင်ရှင် ချစ်ကိုက စက်လှေမောင်းပေးရန် ဇော်လတ်၊ စက်ဆရာရွှေလက်(ခ)ကရင်၊ စက်လှေလုပ်သား ကျော်ဇင်သန့် နှင့် ကျော်စိုးထွန်းတို့ လေးဦးအား တစ်ဦးလျှင် ဘတ်ငွေ ၅၀၀၀ ပေး၍ ငှားရမ်းကာ သူဌေးကျွန်းတွင် ဆိုက်ကပ်ထားသည့် “(တ) အောင်စိုးကျော်” စက်လှေသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဟာမက်တူဆောင်း (ခ) ကျော်လှု၏ စေခိုင်းချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ မောင်းနှင်လာခဲ့ရကြောင်း၊ ပင်လယ်အတွင်း စက်လှေဖြင့်သွားရောက်စဉ် အကာအကွယ်ပြုနိုင်ရန် သေနတ်တစ်လက်နှင့် ကျည် ၉၉ တောင့်အား စက်လှေမောင်း ဇော်လတ်ထံ ပေးအပ်ခဲ့သည်ဟု စိစစ်သိရှိရပြီး သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အရေးယူရန် စီစဉ်လျက်ရှိ**

သို့ဖြစ်၍ ဇော်လတ်ပါ စက်လှေလုပ်သားလေးဦး၊ ဟာမက်တူဆောင်း(ခ)ကျော်လှုနှင့် ၎င်း၏ မိခင် အဏ္ဏာဝါဘေဂွန်(ခ) အန်နုဝါဗာဂွန်တို့ ပေါင်းခြောက်ဦးကို အလယ်သံကျော်နယ်မြေ ရဲစခန်းတွင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၆၇/၃၇၁/၁၁၄ တို့အရ (ကျွန်ပြုရန် လူခိုးမှု/ ကျွန်ရောင်းဝယ်မှု/ အားပေးကူညီမှု)အရ လည်းကောင်း၊ ထို့ပြင် စက်လှေလုပ်သားလေးဦးနှင့် ဟာမက်တူဆောင်း(ခ)ကျော်လှုပါ ငါးဦးအား လက်နက်ဥပဒေ ပုဒ်မ ၁၉(စ)အရလည်းကောင်း အမှုဖွင့်အရေးယူခဲ့ကြောင်း၊ စက်လှေပိုင်ရှင် ချစ်ကိုအား ဖမ်းဆီးရမိရေး ကွင်းဆက်စုံစမ်းဖော်ထုတ်ရာ ချစ်ကိုအား ရနောင်းမြို့၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဥပဒေအရ အရေးယူရန် စီစဉ်လျက်ရှိသည်ဟု ထိုင်းတော်ဝင်ရဲတပ်ဖွဲ့မှ သတင်းဖလှယ်လာခဲ့ပြီး ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ လူမှောင်ခိုပွဲစားကွင်းဆက်များ ဖော်ထုတ်ဖမ်းဆီးရမိရေး နှစ်နိုင်ငံဆက်လက်သတင်းဖလှယ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**




မောင်တောမြို့နယ် မြင်းလွတ်ကျေးရွာအနီး တွေ့ရှိသည့် စက်လှေနှင့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၄၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင် ရာစကားဝိုင်း
- **၈း၃၀ - လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၃)**
- ၈း၃၅ - “မြန်မာ့အမွေအနှစ်ပုဂံမြေက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ပြီ”
- ၉း၀၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်
- ၉း၀၅ - မွေးမြူရေးရာအဖြာဖြာ “စီးပွားဖြစ် ကဏန်းပျော့ မွေးမြူထုတ်လုပ်ရေး”
- ၁၀း၃၀ - ရေဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်
- ၁၀း၃၅ - ပြည်သူ့နီတိ“လှျာ” (ဇာတ်သိမ်းပိုင်း)
- ၁၁း၄၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ချာလီဘ” (မြင့်မြတ်၊ ရွှေမှုံရတီ၊ ရဲအောင်၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-တည်တံ့)
- ၁၂း၃၀ - လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု
- ၁၂း၃၅ - ပညာရေးစကားဝိုင်း “၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ” (အပိုင်း-၁)
- ၁၄း၃၅ - ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ် သတိပေးနှိုးဆော်ချက်
- ၁၄း၄၀ - “မဟာဇနကဇာတ်တော်ကြီး” (ဒုတိယပိုင်း)

**ညပိုင်း**

- ၁၆း၂၅ - ခြေလျင်လမ်းအသုံးပြုသူများ
- ၁၆း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ဒဏ္ဍာရီမိုး” (ရဲတိုက်၊ ရွှေထူး၊ ဒေါင်း၊ ဝတ်မှုန်ရွှေရည်) (ဒါရိုက်တာ-ဝင်းလွင်ထက်)
- **၁၇း၁၅ - “မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု တစ်ခန်းတစ်ကဏ္ဍ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစ်စိတ်တစ်ဒေသ” (မော်ကွန်းရုပ်ရှင်)**
- ၁၇း၃၀ - MRTV Travelogue
- ၁၇း၅၀ - သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး
- ၁၇း၅၅ - လျှင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့(ရုပ်ကွက်)
- ၁၈း၂၀ - “မြန်မာ့အမွေအနှစ်ပုဂံမြေက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ပြီ”
- **၁၉း၁၅ - လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၄)**
- ၁၉း၂၀ - မြန်မာဇာတ်လမ်းတွဲ "Channel Zero" (အပိုင်း-၁၁)(ဇာတ်သိမ်းပိုင်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၀း၃၀ - လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၁)**
- - သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှု
- ၂၀း၃၅ - ပညာရေးစကားဝိုင်း “၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ” (အပိုင်း-၂)

## အင်းတော်၌ လူလေးဦးစီးနင်းလာသောဆိုင်ကယ်နှင့် ဆီသယ်ယာဉ်တိုက်မိပြီး နှစ်ဦးသေဆုံး

**အင်းတော် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် လူလေးဦးစီးနင်းလာသောဆိုင်ကယ်နှင့် ၁၂ ဘီးယာဉ် တိုက်မိ၍ ဆိုင်ကယ်မောင်းသူနှင့် ကလေးငယ်တစ်ဦး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း အင်းတော်မြို့မရဲစခန်းမှ သိရသည်။

ယမန်နေ့ နံနက် ၁၀ နာရီခွဲခန့်က အင်းတော်မြို့နယ် ကမ်းနီကျေးရွာအနီး အင်းတော်-ကသာ ကားလမ်းပေါ်တွင် အင်းတော်မှ ကသာဘက်သို့ ယာဉ်မောင်း စိုးသက်အောင် မောင်းနှင်သော ယာဉ်အမှတ် 8I/---- နစ်ဆန်း ၁၂ ဘီး ယာဉ်နှင့် မျက်နှာချင်းဆိုင်မှ မျိုးဆွေဦး မောင်းနှင်ပြီး ဇနီးဖြစ်သူ မအေးအေးကြူ၊ သားဖြစ်သူ ငြိမ်းထက်အောင်နှင့် ငြိမ်းထက်ဇော်တို့ စီးနင်းလာသော ရင်ဇင်းဆိုင်ကယ်တို့ တိုက်မိခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းနှင်သူ မျိုးဆွေဦး(၂၈နှစ်) နှင့် ငြိမ်းထက်အောင်တို့နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး မအေးအေးကြူနှင့် မောင်ငြိမ်းထက်ဇော်တို့တွင် ဒဏ်ရာများရရှိခဲ့သည်။ အဆိုပါ သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရရှိသူနှစ်ဦးအား အင်းတော်မြို့မဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိုးသက်အောင်နှင့် မျိုးဆွေဦးတို့အား အင်းတော်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဝ၇ရ**

## သုဝဏ္ဏဝတီမြို့၌ ချောင်းအတွင်းသို့ ကလေးငယ်တစ်ဦး မျောပါ သေဆုံး

**သုဝဏ္ဏဝတီ ဇူလိုင် ၉**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်၌ ဇူလိုင် ၉ ရက် နံနက် ၁၁ နာရီခန့်က ကလေးငယ်တစ်ဦး ရေထဲလိမ့်ကျ၍ ချောင်းအတွင်း မျောပါသေဆုံးသွားကြောင်း သိရသည်။

သိမ်ဆိပ်ရပ်ကွက် အောက်ကျင်းပိုင်းရှိ အောက်ကျင်းတံတားအနီးတွင် နေထိုင်သော အဘွားဖြစ်သူ ဒေါ်ကျင်လှသည် ထမင်းအိုးတည်နေစဉ် ၎င်း၏မြေးဖြစ်သူ မမေပြည့်စုံ (၁နှစ် ၈ လ) သည် ဆော့ကစားနေရာမှ နေအိမ်ဘေးရှိ ဒေဝီသခင်မချောင်းအတွင်း လိမ့်ကျမျောပါသွားကြောင်း သိရသည်။ ၎င်းကလေးငယ်အား ကျေးရွာနေပြည်သူများက ချောင်းအတွင်း ပိတ်ဆို့ရှာဖွေရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ချောင်းအောက်ပိုင်း နှစ်ဖာလုံခန့်အကွာ ချုံနွယ်များအတွင်း ငြိနေ၍ ဝိုင်းဝန်းဆယ်ယူရာ သေဆုံးနေပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

သေဆုံးသူ ကလေးငယ်၏ မိဘများသည် ရပ်ဝေးတွင် အလုပ်လုပ်ကိုင်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေခံ သိမ်ဆိပ်နယ်မြေရဲစခန်းမှ စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## အင်းတော်မြို့နယ်၌ ကျွန်းသစ်လုံး ရ၃ တန်ကျော်နှင့် သစ်ခွဲစက်ငါးလုံး သိမ်းဆည်းရမိ

**အင်းတော် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ မံမော်ကြိုးဝိုင်းနှင့် နမ့်ဖယ်ကြိုးဝိုင်းအတွင်းမှ တရားမဝင် ကျွန်းသစ်လုံး၊ ကျွန်းခွဲသားများနှင့်အတူ တရားမဝင်သစ်ခွဲစက်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယမန်နေ့ နံနက် ၁၀ နာရီခန့်က ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် မံမော်ကြိုးဝိုင်းနှင့် နမ့်ဖယ်ကြိုးဝိုင်းတို့အတွင်းမှ တရားမဝင် ကျွန်းသစ်လုံးများနှင့် ကျွန်းခွဲသား ရ၃ ဒသမ ၃၉၁၆ တန်နှင့် သစ်စက် ငါးလုံး သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် သစ်ခွဲစက် ပြုလုပ်နေသူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မိုးညှင်းနှင့် မိုင်းဆတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၉**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ မော်ဟန်-နမ္မချီမှော်သွား ကားလမ်း၌ မြင့်စိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ ကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၇ ရက် ညနေ ၅ နာရီက တပ်မတော်မှ မိုင်းဆတ်မြို့နယ် စတုံးကျေးရွာအုပ်စု မယ်ကြုတ်(၁) ကျေးရွာအနီးရှိ လှိုဏ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၄၄၅ ပြား၊ စိတ်ကြွဆေးအကြေမှုန့် ၂၀၀ ဒသမ ၅၂၈ ကီလို၊ Soda မှုန့် ၁၄၀ ကီလို၊ အဖြူရောင်ကော်မှုန့် ၁၀ ကီလိုနှင့် မူးယစ် ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မိုးမောက်၌ နေအိမ်တစ်လုံးမီးလောင်မှုဖြစ်

**မိုးမောက် ဇူလိုင် ၉**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့သိန်လုံကျေးရွာတွင် ဇူလိုင်၉ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်သဖြင့် ဒေါ့ဖုန်းယန် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြိမ်းသတ်ရာ ဦးလောအောင်(၅၂နှစ်)၏ တစ်ထပ်လူနေအိမ်နှင့် မီးဖိုဆောင်တစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်ရသည့် အကြောင်းအရင်းမှာ နေအိမ်တွင် လူမရှိဘဲ ဘုရားစင်တွင် ဖယောင်းတိုင် မီးထွန်းညှိထားရာမှ မီးကူးစက်လောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**လွန်းနန်းထွေး**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမေရိကန်မြို့တော် ဝါရှင်တန်တွင် ရေလွှမ်း


ဝါရှင်တန်ဒီစီ၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် ကက်ပီတော်လ်အဆောက်အအုံအနီး ရေလွှမ်းမိုးနေသည်ကို တွေ့ရစဉ်။

**ဝါရှင်တန် ဇူလိုင် ၉**

ဝါရှင်တန်မြို့တော်ဒေသတစ်ဝိုက်တွင် ဇူလိုင် ၈ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် ရေလွှမ်းမိုးမှုများကြောင့် ထောင်ပေါင်းများစွာသော ယာဉ်မောင်းများနှင့် ပုံမှန်ရုံးဆင်းရုံးတက် သွားလာလှုပ်ရှားနေကြသည့် လူများသောင်တင်နေသည့် အခြေအနေနှင့်ကြုံတွေ့ခဲ့ရသည်။

ရေလွှမ်းမိုးမှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ၊ မြေအောက် မီးရထားဘူတာရုံများကို ရေစိမ့်ဝင်မှုများဖြစ်ပေါ်ခဲ့သည်။ အလားတူ အခြားသော မြေအောက်အဆောက်အအုံများသို့လည်း ရေများစိမ့်ဝင်လာခဲ့သည်။ လူအများစုမှာ ကားခေါင်မိုးများပေါ်တွင် တက်နေခဲ့ကြပြီး ဗာဂျီးနီးယား ရင်ပြင်မြေအောက်ဘူတာရုံတွင် ရေတံခွန်သဖွယ် ရေများစီးကျလာသည့်အခြေအနေနှင့် ကြုံတွေ့ခဲ့ရသည်။

အမေရိကန်အမျိုးသား မော်ကွန်းတိုက်ကိုလည်း ပိတ်ထားခဲ့ရပြီး အိမ်ဖြူတော်မြေအောက်ထပ်အထိ ရေစိမ့်ဝင်ခဲ့သည်။ ဝါရှင်တန်ဒီစီတွင် အိမ်ဖြူတော်အဆောက်အအုံအနောက်ဘက်ခြမ်းအနီး မြေအောက်ထပ်တွင် ပြုလုပ်ထားသည့် သတင်းစင်တာတွင် ရေများ ပန်းထွက်လာခဲ့သည်။

ရေကြီးမှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး အမျိုးသားမော်ကွန်းပြတိုက်ကိုလည်း ပိတ်ထားခဲ့ရသည်။ ကက်ပီတောလ်တောင်ပိုင်း လမ်းမအနီးရှိ လမ်းများတွင် ပိတ်မိနေသော လမ်းသွားလမ်းလာများကိုလည်း ကယ်ထုတ်ခဲ့ရသည်။

သို့သော်လည်း ဒဏ်ရာရရှိသူများ မရှိသကဲ့သို့ ဆေးရုံသို့ ပို့ဆောင်ပေးရသူများလည်း မရှိသေးကြောင်း မြို့တော်မီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗစ်တိုမဂ္ဂရိုလိုက ပြောသည်။

**ဆင်ဟွာ**

## မအောင်မြင်သည့် အာဏာသိမ်းမှုအပြီး တူရကီတပ်ဖွဲ့ဝင်ပေါင်း ၂၁၁ ဦးကို ဖမ်းဆီးရန် ကြိုးပမ်း

**အန်ကာရာ ဇူလိုင် ၉**

၂၀၁၆ ခုနှစ် မအောင်မြင်သည့် အာဏာသိမ်းမှုတွင် ပါဝင်ပတ်သက်ခဲ့သည့် တူရကီတပ်ဖွဲ့ဝင်ပေါင်း ၂၁၁ ဦးကို တူရကီအစိုးရရှေ့နေများက ဇူလိုင် ၉ ရက်တွင် ဖမ်းဝရမ်းထုတ်ခဲ့ကြောင်း သိရသည်။

အစ္စတန်ဘူလ်ရှိ ရှေ့နေချုပ်ရုံး၏ အမိန့်အရ တူရကီတပ်ဖွဲ့ဝင်ပေါင်း ၁၇၆ ဦးကို ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း အင်နိုတိုဗ်အသံလွှင့်ဌာနမှ ထုတ်လွှင့်သွားသည်။ နိုင်ငံပိုင်သတင်းအေဂျင်စီဖြစ်သည့် အင်နိုနာဒိုလူ သတင်းအေဂျင်စီက ယခုဖမ်းဆီးခဲ့သည့် သံသယရှိသူများမှာ တူရကီတပ်ဖွဲ့အတွင်း တပ်ခွဲအမျိုးမျိုးတွင် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

တူရကီအနောက်ပိုင်းမြို့ဖြစ်သည့် အစ်ဇ်မာမြို့တွင် သီးခြားစုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး သံသယရှိသူ ၃၅ ဦးကိုဖမ်းဆီးရန် အစိုးရရှေ့နေများက ညွှန်ကြားခဲ့သည်။ ဖမ်းဆီးခံရသူများတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသည့် တူရကီ တပ်ဖွဲ့ဝင် ၂၀၊ တပ်ဖွဲ့ဝင်ဟောင်း ၁၅ ဦးကို အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် ပါဝင်မှုရှိသည်ဟု သံသယရှိသည့်အတွက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု အင်နိုတိုဗ် အသံလွှင့်ဌာနမှ ပြောကြားခဲ့သည်။

တူရကီအစိုးရကမူ အမေရိကန်တွင် နေထိုင်နေသည့် တူရကီဘုန်းကြီး ဖက်တူလာဂူလန်သည် အဆိုပါ မအောင်မြင်သည့်အာဏာသိမ်းမှု၏ နောက်ကွယ်မှ ကြိုးကိုင်သူဟု စွပ်စွဲထားသည်။ အာဏာသိမ်းရန်ကြိုးပမ်းမှုအပြီးတွင် လူပေါင်း ၂၅၀ သေဆုံးခဲ့ပြီး ဖက်တူလာဂူလန်ကိုလည်း တူရကီသို့ ပြန်လည်လွှဲပြောင်းပေးရန် တူရကီဘက်မှ တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

## ပိုမိုတင်းကျပ်သည့် တင်ပို့ကုန်ဆိုင်ရာ စည်းမျဉ်းများကို ဂျပန်ရုပ်သိမ်းပေးရန် မရှိ

**တိုကျို ဇူလိုင် ၉**

တောင်ကိုရီးယားနိုင်ငံသို့ နည်းပညာနှင့်ဆက်စပ်သည့် ထုတ်ကုန်ပစ္စည်းအချို့ တင်ပို့မှုအပေါ် ပိုမိုစည်းကမ်းတင်းကျပ်သည့် ထိန်းချုပ်မှုလုပ်ဆောင်ရန် မကြာသေးမီက ချမှတ်ခဲ့သည့် လုပ်ဆောင်ချက်များကို ရုပ်သိမ်းပေးရန် အစီအစဉ် မရှိကြောင်း ဂျပန်နိုင်ငံက ဇူလိုင် ၉ ရက်တွင် ပြောကြားလိုက်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ တင်ပို့ကုန်ဆိုင်ရာ စည်းကမ်းတင်းကျပ်မှုကို ရုပ်သိမ်းပေးရန်နှင့် ယင်းကိစ္စနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများ ပြုလုပ်ရန် တောင်ကိုရီးယားဘက်မှ ဖိအားပေးတောင်းဆိုမှုများ ပြုလုပ်လာချိန်အတွင်း ဂျပန်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ဆွေးနွေးရန် မလိုအပ်ကြောင်း ပြောကြားခဲ့သည်။


ဂျပန်အစိုးရဝန်ကြီးများအဖွဲ့အကြီးအကဲ ယိုရှိဟီဒီစူဂါ

ဂျပန်၏ အဆိုပါ ဆောင်ရွက်ချက်သည် တောင်ကိုရီးယားနှင့် ဆွေးနွေးရန်လိုအပ်သည့်အကြောင်းကိစ္စ မဟုတ်ကြောင်းနှင့် ယင်းအစီအစဉ်ကို ရုပ်သိမ်းရန်လည်းမရှိကြောင်း အစိုးရဝန်ကြီးများအဖွဲ့အကြီးအကဲ ယိုရှိဟီဒီစူဂါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သို့သော်လည်း တောင်ကိုရီးယား တင်ပို့ကုန်ထိန်းချုပ်ရေး အာဏာပိုင်များထံမှ သိလိုသည့် မေးခွန်းများကို တုံ့ပြန်ဖြေကြားရန်အတွက် ဂျပန်အစိုးရက ပြင်ဆင်ထားကြောင်း စူဂါက ပြောကြားခဲ့သည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ စမတ်ဖုန်းနှင့် ရုပ်မြင်သံကြားဖန်သားပြင်များအတွက် အီလက်ထရွန်နစ် ကုမ္ပဏီများက အသုံးပြုသည့် နည်းပညာမြင့် ထုတ်ကုန်ပစ္စည်းများ တင်ပို့မှုကို ပိုမိုစည်းကမ်းတင်းကျပ်ရန် ဂျပန်က စီစဉ်ခဲ့မှုကို တောင်ကိုရီးယားနိုင်ငံက ဝေဖန်ရှုတ်ချခဲ့သည်။ **အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**

## အတိုက်အခံနှင့် ညှိနှိုင်းဆွေးနွေးမှု စတင်ပြီဖြစ်ကြောင်း မာဒူရိုကြေညာ

**ကရာကတ် ဇူလိုင် ၉**

နော်ဝေအစိုးရ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ဗင်နီဇွဲလားအစိုးရကိုယ်စားပြုအဖွဲ့သည် အတိုက်အခံအဖွဲ့နှင့် ဘာဘာဒိုစ်၌ ဆွေးနွေးပွဲများ စတင်နေပြီဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတနီကိုလပ်မာဒူရိုက ပြောကြားခဲ့သည်။ ယနေ့တွင် ငါးနာရီကြာ ဆွေးနွေးပွဲ လုပ်ဆောင်လျက်ရှိပြီး စိတ်ရှည်သည်းခံမှုဖြင့် တစ်ဆင့်ချင်းဆောင်ရွက်သွားလျှင် ငြိမ်းချမ်းရေးဆီသို့ ရောက်ရှိနိုင်မည့် လမ်းကြောင်းကို ရှာတွေ့နိုင်မည်ဟု ထင်မြင်ကြောင်း မာဒူရိုက ပြောကြားခဲ့သည်။ ဘာဘာဒိုစ်၌ တွေ့ဆုံမှုသည် မေလအတွင်းက အော်စလို၌ တွေ့ဆုံခဲ့ပြီးချိန်မှစတင်ကာ ဗင်နီဇွဲလားအစိုးရနှင့် အတိုက်အခံတို့အကြား နော်ဝေကြားဝင် ညှိနှိုင်းပေးသည့် တတိယအကျော့ ဆွေးနွေးပွဲဖြစ်သည်။ **အေအက်ဖ်ပီ**

## အမေရိကန်ဆိုင်ရာ ဗြိတိန်သံအမတ်ကြီးနှင့် ဆက်ဆံမှုရှိတော့မည်မဟုတ်ကြောင်း ထရမ့်ပြော

**ဝါရှင်တန် ဇူလိုင် ၉**

အမေရိကန်နိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ကင်ဒါရော့ချ်က ထရမ့်အစိုးရအပေါ် ဝေဖန်သည့် လျှို့ဝှက်ချက်များ ပေါက်ကြားမှုဖြစ်ခဲ့ပြီးနောက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၎င်းနှင့်နောက်ထပ်ဆက်ဆံတော့မည် မဟုတ်ကြောင်း ဇူလိုင် ၈ ရက်တွင် တုံ့ပြန်ပြောကြားလိုက်သည်။

ထရမ့်သည် ရာထူးမှ နုတ်ထွက်သွားသည့် ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေ၏ ဘရီးဇစ်မူဝါဒကိုလည်း ပြစ်တင်ဝေဖန်ခဲ့ပြီး ဝန်ကြီးချုပ်ထရီဆာမေက ၎င်း၏အကြံပြုချက်ကို လက်ခံခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်အစိုးရထံသို့ ပေးပို့ခဲ့သည့် ဒါရော့ချ်၏ ကြေးနန်းစာကို ဇူလိုင် ၇ ရက်က ဗြိတိန်မီဒီယာများတွင် ဖော်ပြခဲ့ပြီး ယင်းစာတွင် ထရမ့်အစိုးရသည် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့မှုမရှိခြင်း၊ ခန့်မှန်းရခက်ခြင်းနှင့် အရည်အချင်းပြည့်စုံမှုမရှိခြင်းတို့ကြောင့် ပုံမှန်ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း ဖော်ပြထားသည်။

ကင်ဒါရော့ချ်သည် ဗြိတိန်နိုင်ငံ၏ အတွေ့အကြုံအရှိဆုံး သံတမန်အရာရှိများတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ အမေရိကန်ဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ယင်းမတိုင်မီ ၎င်းသည် ဥရောပသမဂ္ဂ၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ဝန်ကြီးချုပ်၏ အမျိုးသားလုံခြုံရေးအကြံပေးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ **ဆင်ဟွာ**


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

# လောင်စာဆီပြတ်လပ်မှုကြောင့် ဗင်နီဇွဲလားစိုက်ပျိုးရေးကဏ္ဍကို ရိုက်ခတ်လာသည့် လှိုင်းလုံးများ

**ချူးစန္ဒီနွေး**

ဗင်နီဇွဲလားနိုင်ငံမှာ အခြေခံစားသောက်ကုန်တွေပြတ်လပ်တာကြောင့် ပြည်သူတွေ အခက်တွေ့ရတာလည်း ဟိုးအရင်ကတည်းကပါ။ အခုလည်း လောင်စာဆီပြတ်လပ်မှုကြောင့် ဗင်နီဇွဲလားနိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍကို ခြိမ်းခြောက်လာပြန်ပါတယ်။

**သီးနှံတွေစွန့်ပစ်လိုက်ရ**

စီးပွားရေးအကျပ်အတည်းတွေနဲ့ ပြင်းပြင်းထန်ထန် ရင်ဆိုင်နေရတဲ့အချိန် အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေကြောင့် လောင်စာဆီရှားပါးလာမှုနဲ့ မှားယွင်းတဲ့ စီမံခန့်ခွဲမှုတွေကြောင့် ဗင်နီဇွဲလားနိုင်ငံရဲ့အစားအသောက်ထုတ်လုပ်တဲ့ ကဏ္ဍကို ရိုက်ခတ်လာပါတယ်။ ဗင်နီဇွဲလားနိုင်ငံအတွင်းက လယ်သမားတစ်ဦးကတော့ မကြာသေးခင်ကဘဲ သူ့ရဲ့ပျက်စီးနေတဲ့ သီးနှံတွေအားလုံးကို စွန့်ပစ်လိုက်ရပါတယ်။

လောင်စာဆီ ပြတ်လပ်မှုကတော့ မေလအတွင်းကစပြီး အခက်ကြုံလာတာပါ။ လောင်စာဆီပြတ်လပ်မှုကြောင့်ပဲ နိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍကို ချောက်ကမ်းပါးစွန်ထိအောင် တွန်းပို့လိုက်ပါတယ်။ ဆာလောင်မွတ်သိပ်မှုတွေ၊ အစာအာဟာရ မပြည့်ဝမှုတွေရဲ့ ခြိမ်းခြောက်မှုအန္တရာယ်နဲ့ ရင်ဆိုင်လာရပါတယ်။ ဒီလိုမဟုတ်ရင်တောင် တိုင်းပြည်ရဲ့ ထက်ဝက်နီးပါးသောပြည်သူတွေဟာ တစ်နေ့မှာ ဟင်းလျာသုံးမျိုးထက်လျော့နည်းပြီး စားသောက်နေရပါတယ်။

**လောင်စာဆီရှားပါးလာ**

လယ်သမားတစ်ဦးဖြစ်တဲ့ ဂျိုအန်ဒရိုင်းဆန်တီရာဂိုကတော့ သီးနှံစိုက်ခင်းတွေကို ပြသပြီး အရာအားလုံး ပျက်စီးသွားပြီလို့ ပြောပါတယ်။ အချိန်များစွာ ရင်းနှီးထားတဲ့ လုပ်အားတွေအားလုံးလည်း ဆုံးရှုံးကုန်ပါပြီ။

တကယ်တော့ ဗင်နီဇွဲလားနိုင်ငံဆိုတာ ရေနံပေါကြွယ်ဝတဲ့ နိုင်ငံတစ်ခုပါ။ သို့သော်လည်း နှစ်ပေါင်းများစွာကြာအောင် မှားယွင်းတဲ့ စီမံခန့်ခွဲမှုတွေ၊ အကျင့်ပျက်ခြစားမှုတွေ များလာတာတွေနဲ့ အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေ တဖြည်းဖြည်း များလာတာတွေကြောင့် လောင်စာဆီ ရှားပါးလာပါတယ်။

အစတုန်းကတော့ လောင်စာဆီပြတ်လပ်မှုကြောင့် လယ်သမားတွေနဲ့ တောင်သူတွေဟာ သူတို့ရဲ့ သီးနှံကို ဈေးကွက်ကို မတင်ပို့နိုင်ရုံဘဲ ဖြစ်ခဲ့တာပါ။ အခုအခါမှာတော့ သီးနှံအသစ်တွေ စိုက်ပျိုးဖို့ပါ အခက်တွေ့လာခဲ့ပါတယ်။

**သီးနှံစိုက်ပျိုးနိုင်အောင်ကြိုးစား**

လောင်စာဆီပြတ်လပ်မှုဟာ ဗင်နီဇွဲလားနိုင်ငံရဲ့ခြောက်နှစ်ကြာ စီးပွားရေး ပဋိပက္ခမှာ နောက်ဆုံးရိုက်ခတ်မှုပါပဲ။ ဗင်နီဇွဲလားသမ္မတ မာဒူရိုရဲ့ အုပ်ချုပ်မှုအောက်မှာ စီးပွားရေးတွေ ကမောက်ကမဖြစ်ကုန်ပြီး နိုင်ငံရေးအတိုက်အခံတွေအပေါ် ပြင်းပြင်းထန်ထန် နှိပ်ကွပ်မှုတွေကြောင့် အမေရိကန်အစိုးရရဲ့ ပိတ်ဆို့မှုတွေနဲ့ ကြုံတွေ့လာရပါတယ်။ ရာဇဝတ်မှုတွေ၊ ငွေကြေးဖောင်းပွမှုတွေ၊ ဈေးနှုန်းထိန်းချုပ်မှုတွေ အားလုံးယိုယွင်းနေခဲ့ပေမယ့်လည်း လယ်သမားတွေကတော့ သီးနှံတွေ စိုက်ပျိုးထုတ်လုပ်နိုင်အောင် ကြိုးစားခဲ့ကြပါတယ်။

**တောင်သူတွေရဲ့ အခက်အခဲ**

မစ္စတာဆန်တီရာဂိုရဲ့ စိုက်ခင်းကတော့ ဗင်နီဇွဲလားနိုင်ငံ အနောက်ပိုင်းတောင်တန်းဒေသမှာ ရှိပါတယ်။ အဲဒီဒေသမှာ တစ်နိုင်ငံလုံးအတွက် အာလူးနဲ့ မုန်လာဥနီ ၆၀ ရာခိုင်နှုန်းကို စိုက်ပျိုးပါတယ်။ ဒါပေမယ့် ၂၀၁၈ နှစ်လယ်ပိုင်းလောက်မှာ သီးနှံရိတ်သိမ်းမှုကို လုပ်နိုင်ပါတယ်။

အဓိကအကြောင်းရင်းကတော့ လောင်စာဆီပြတ်လပ်မှုကြောင့်ပါပဲ။ တခြားသော ပြဿနာတွေကတော့ ဓာတ်မြေဩဇာ မလုံလောက်မှု၊ မျိုးစေ့မလုံလောက်မှုတို့ကြောင့်ပါလို့ ဒေသခံလယ်သမားတွေက ပြောပါတယ်။ ပက်ဗလိုလန်နိုဒေသမှာ နေထိုင်ကြတဲ့ လယ်သမားပေါင်း ၇၀၀၀ ခန့်ဟာ တစ်ပတ်မှာ ပျမ်းမျှအားဖြင့် လောင်စာဆီ ၂၀၀၀၀ ခန့်ကို အသုံးပြုရပါတယ်။

တောင်သူလယ်သမားတွေဟာ သူတို့ရဲ့သီးနှံတွေကို ဈေးကွက်တင်ပို့ဖို့ လောင်စာလုံလုံလောက်လောက် မရှိတာကြောင့်ရယ်၊ သီးနှံအသစ်တွေစိုက်ပျိုးဖို့ မြေဩဇာနဲ့ မျိုးစေ့မရတာရယ်ကြောင့် အခက်အခဲတွေနဲ့ ရင်ဆိုင်လာရတာပဲဖြစ်ပါတယ်။

**ချက်ပြုတ်ဖို့ ဂက်စ်တောင်မရ**

ဗင်နီဇွဲလားနိုင်ငံရဲ့ အဓိက စိုက်ပျိုးရေးအဖွဲ့ဖြစ်တဲ့ ဖီဒရိဂိုကတော့ နိုင်ငံရဲ့အဓိက စိုက်ပျိုးသီးနှံတွေဖြစ်တဲ့ စပါးနဲ့ ပြောင်းဟာ အခုနှစ်အတွင်းမှာ ၅၀ ရာခိုင်နှုန်းလောက် ကျဆင်းသွားမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါ့အပြင် ပေါ်တူဂူဆာပြည်နယ်ရဲ့ အဓိကထုတ်ကုန်ဖြစ်တဲ့သကြားဟာလည်း တန်ပေါင်းငါးသန်းခန့် ကျဆင်းသွားလိမ့်မယ်လို့ ဒေသခံ ကြံစိုက်ပျိုးသူများအသင်းက ပြောပါတယ်။

သမ္မတမာဒူရိုကတော့ စိုက်ပျိုးရေးကဏ္ဍမှာ ကြုံတွေ့နေရတဲ့ အခက်အခဲကို ဖြေရှင်းနိုင်ဖို့ရာ အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် ချေးငွေထုတ်ပေးသွားမယ်လို့ ကတိပြုခဲ့ပါတယ်။ တိုင်းပြည်အတွင်း လောင်စာဆီပြတ်လပ်မှုဟာ သမ္မတမာဒူရိုအစိုးရအုပ်ချုပ်စဉ်အတွင်း ရိုက်ခတ်မှုအများဆုံးလို့ ဆိုရမှာပါ။ ဒီလိုပြတ်လပ်မှုကြောင့် ပြည်သူသန်းပေါင်းများစွာဟာ လျှပ်စစ်မီးမရ၊ ရေမရနဲ့ ချက်ပြုတ်ဖို့ ဓာတ်ငွေ့တောင်မရှိတဲ့ အခြေအနေမျိုး ဖြစ်ကုန်ပါတယ်။

**ပြည်ပက အစားအသောက်နဲ့ ပြန်မဖြည့်နိုင်**

ပက်ဗလိုလန်နိုမှာတော့ လွန်ခဲ့တဲ့လအတွင်းက ပိတ်ထားတဲ့ ဓာတ်ဆီဆိုင်ရှေ့မှာ စောင့်ဆိုင်းနေကြတဲ့ ကားအစီးပေါင်း ၁၅၀ ခန့်ရှိပြီး ခြောက်ရက်ကြာ စောင့်ဆိုင်းနေကြတာလည်းဖြစ်တယ်လို့ သိရပါတယ်။

ကားပိုင်ရှင်တွေကတော့ လုယက်သူတွေကို ကြောက်တာကြောင့် ကားထဲမှာပဲ အိပ်စက်ခဲ့ကြပါတယ်။ တိုင်းပြည်အတွင်း အစားအသောက်ထုတ်လုပ်မှု ပြိုလဲသွားခြင်းကို ပြည်ပက အစားအသောက်တွေနဲ့ ဖြည့်ဆည်းဖို့ မဖြစ်နိုင်ဘူးလို့ စီးပွားရေးပညာရှင်တွေက ပြောပါတယ်။

**အစားအသောက်ကဏ္ဍ ထိခိုက်လာနိုင်**

၁၉၅၀ ဝန်းကျင်ခန့်ကစလို့ ဗင်နီဇွဲလားနိုင်ငံရဲ့ သွင်းကုန်တွေဟာ အဆိုးရွားဆုံး အခြေအနေတွေဖြစ်ကုန်ပါတယ်။ စီးပွားရေးပြဿနာတွေကြောင့် ငွေကြေးပြတ်လပ်မှုတွေ ဖြစ်လာပါတယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်းက တိုင်းပြည်ရဲ့ တင်သွင်းကုန် အမေရိကန်ဒေါ်လာ ၃၀၃ သန်း ရှိပါတယ်။ ၂၀၁၂ ခုနှစ်ကနဲ့ ယှဉ်ရင် ၉၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။

သွင်းကုန်ပမာဏ လျော့နည်းလာမှု၊ နိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍမှာ ယိုင်နဲ့လာမှုတို့ကြောင့် အစားအသောက်ရရှိမှု ဆိုးဆိုးရွားရွား ထိခိုက်လာမှာ ထင်ရှားလှပါတယ်လို့ စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ ဖရန်စစ္စကိုရိုဒရီဂွဇ်က ပြောပါတယ်။

**တင်ပို့မှုစရိတ် ပိုများလာ**

လွန်ခဲ့တဲ့လတွေအတွင်း ကရာကတ်မြို့ကို အာလူးတင်ပို့မှု ကုန်ကျစရိတ်ဟာ သုံးဆခန့် ပိုလာတယ်လို့ သိရပါတယ်။ ဗင်နီဇွဲလားမှာ ပြည်သူတွေ ဆာလောင်နေချိန်မှာပဲ လောင်စာဆီ အကျပ်အတည်း ဖြစ်ပေါ်လာပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေ အလွန်မပြင်းထန်မီက ဗင်နီဇွဲလားနိုင်ငံသား ၅၅ ရာခိုင်နှုန်းဟာ တစ်နေ့လုံးမှာ ဟင်းသုံးမျိုးသာ စားရပါတယ်လို့ ဒေသခံစစ်တမ်းကောက်ယူရေးအဖွဲ့ဖြစ်တဲ့ ဒယ်ဖိုက ပြောပါတယ်။

စိုက်ပျိုးရေးကဏ္ဍမှာ လောင်စာဆီပြတ်လပ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ရိုက်ခတ်မှုတွေကို မြို့ကြီးအချို့မှာ အရင်ကတည်းက ခံစားခဲ့ရပါတယ်။ သယ်ယူပို့ဆောင်မှုစရိတ်ကြောင့် မုန်လာဥ၊ အာလူးဈေးနှုန်းတွေဟာ ကရာကတ်မြို့ရဲ့ သီးနှံဈေးရုံတွေမှာ ဈေးနှစ်ဆ မြင့်တက်နေပါတယ်။

**အစားအသောက်မရှိဘဲမရှင်သန်နိုင်**

တိုင်းပြည်မှာ အစားအသောက်တွေ မရှိဘဲ ဆက်လက်ရှင်သန်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အခုအခါမှာတော့ စိုက်ခင်းပေါင်း ဟတ်တာ ၆၀၀၀ ခန့်မှာ အလုပ်တွေ ရပ်နားထားရပါတယ်လို့ ပက်ဗလိုလန်နိုရှိ စိုက်ပျိုးရေးအဖွဲ့အစည်းမှ အော်ဂတ်စ်တိုအလာကွန်က ပြောပါတယ်။ သီးနှံတွေကို သယ်ယူပို့ဆောင်သူတွေဟာ ဓာတ်ဆီပြတ်လပ်မှုကို ဖြေရှင်းနိုင်ဖို့ သယ်ယူပို့ဆောင်ရေးယာဉ်တွေကို ဒီဇယ်ပြောင်းသုံးကြပါတယ်။ ဒီဇယ်ဆီဟာ ဓာတ်ဆီနဲ့ယှဉ်ရင် ရှာဖွေရ အနည်းငယ် လွယ်ကူပါသေးတယ်။ ဒါပေမယ့်လည်း သီးနှံသယ်ယူပို့ဆောင်မှု၊ ထုတ်လုပ်မှုတွေမှာ ဓာတ်ဆီဟာ အရေးပါတဲ့နေရာမှာ ရှိနေတုန်းပါပဲ။

**တိုင်းပြည်က ထွက်သွားတော့မှာလား**

အခုဆိုရင် တိုင်းပြည်အတွင်း အကျပ်အတည်းတွေကြောင့် တိုင်းတပါးကို ထွက်သွားကြတဲ့ပြည်သူဟာ လေးသန်းနီးပါး ရှိနေပါပြီ။ တိုင်းပြည်အတွက် အစားအသောက်ကို ထုတ်လုပ်ပေးနေကြတဲ့ တောင်သူလယ်သမားတွေ၊ စိုက်ပျိုးရေးကဏ္ဍ အခက်အခဲတွေကြောင့် တိုင်းပြည်ကနေ စွန့်ခွာပြီး တခြားကို ထွက်သွားကြရင် နဂိုကမှ စီးပွားရေးယိုင်နဲ့နေတဲ့ ဗင်နီဇွဲလားနိုင်ငံအတွက် ကြီးမားတဲ့ ရိုက်ခတ်မှုဖြစ်ပေါ်လာမှာပါ။ ။ **ကိုးကား -နယူးယောက်တိုင်းမ်**



ပိတ်ထားသည့် ဓာတ်ဆီဆိုင်ရှေ့တွင် စောင့်ဆိုင်းနေကြသည့်ကားများကို တွေ့ရစဉ်။

**"အစတုန်းကတော့ လောင်စာဆီပြတ်လပ်မှုကြောင့် လယ်သမားတွေနဲ့ တောင်သူတွေဟာ သူတို့ရဲ့သီးနှံကို ဈေးကွက်ကို မတင်ပို့နိုင်ရုံဘဲ ဖြစ်ခဲ့တာပါ။ အခုအခါမှာတော့ သီးနှံအသစ်တွေ စိုက်ပျိုးဖို့ပါ အခက်တွေ့လာခဲ့ပါတယ်"**

## နိုင်ငံတကာသတင်းတိုထွာ

### တရုတ် (တိုင်ပေ)သို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံတန် လက်နက်များရောင်းရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန သဘောတူ

**ဝါရှင်တန် ဇူလိုင် ၉**

တရုတ် (တိုင်ပေ)သို့ အမေရိကန် ဒေါ်လာ ၂ ဒသမ ၂ဘီလီယံတန်ဖိုးရှိ လက်နက်များ ရောင်းချရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက လက်ခံသဘောတူခဲ့ကြောင်း သိရသည်။ ရောင်းချမည့်လက်နက်များထဲတွင် အဘရမ်စ်တင့်ကားများနှင့် စတင်းဂါးဒုံးကျည်များ ပါဝင်ကြောင်း ပင်တဂွန်က ဇူလိုင် ၈ ရက်တွင် ပြောကြားခဲ့သည်။ အမေရိကန်လွှတ်တော်အမတ်များက ယင်းသို့ လက်နက် ရောင်းချမှုကို ငြင်းဆိုရန် ရက်ပေါင်း ၃၀ အချိန်ရသော်လည်း ငြင်းဆိုမည့် အလားအလာမရှိဟု သိရသည်။ တင့်ကားများနှင့် ဒုံးကျည်များ ရောင်းချပေးခြင်းဖြင့် တရုတ် (တိုင်ပေ) တပ်ဖွဲ့သည် ခေတ်မီပြီး စွမ်းဆောင်ရည်မြင့်လာမည်ဖြစ်ကာ ဒေသတွင်း ခြိမ်းခြောက်မှုများကို ရင်ဆိုင်သွားနိုင်မည်ဟု ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (DSCA) က ပြောသည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒကို အထောက်အပံ့ဖြစ်စေ ကြောင်းဖြင့်လည်း အဆိုပါအေဂျင်စီက ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

### ကွန်ဂိုနိုင်ငံတွင် အီဘိုလာရောဂါကြောင့် သေဆုံးသူ ၁၅၀၀ ကျော်ရှိလာ

**ကင်ရှာဆာ ဇူလိုင် ၉**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာဗိုင်းရပ်ကြောင့် သေဆုံးသူအရေအတွက်မှာ ၁၅၀၀ ထက် ကျော်လွန်လာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ လွန်ခဲ့သည့်နှစ် ဩဂုတ်လမှစတင်ကာ အာဖရိကနိုင်ငံဖြစ်သည့် ကွန်ဂိုနိုင်ငံတွင် အီဘိုလာရောဂါဖြစ်ပွားနေသည်ဟု ကြေညာခဲ့သည်။ ဇူလိုင် ၆ ရက်အထိ အီဘိုလာရောဂါဖြစ်ပွားသူ ၂၃၀၀ ရှိပြီး သေဆုံးသူ ၁၅၃၁ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားခဲ့သည်။ အီဘိုလာရောဂါ ကူးစက်ပြန့်ပွားနေသည့်နေရာမှာ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် နေရာဖြစ်သည့်အတွက် လက်နက်ကိုင်အုပ်စုများ အချင်းချင်းတိုက်ခိုက်မှုများ ဖြစ်ပွားနေသည့်နေရာလည်းဖြစ်သည်။ ဆေးကုသရေးဌာနနှင့် လူနာများကို စစ်ဆေးပေးသည့်နေရာများတွင် လက်နက်ကိုင်အုပ်စုများ၏ တိုက်ခိုက်မှုများနှင့် ကြုံတွေ့နေရ၍ ကျန်းမာရေးလုပ်သားများမှာ ကုသမှုများ ဆောင်ရွက်ရာတွင် အခက်ကြုံရသည်ဟုပြောသည်။ အဆိုပါရောဂါသည် အိမ်နီးချင်းယူဂန္ဓာနိုင်ငံသို့လည်း ကူးစက်သွားခဲ့ပြီး လွန်ခဲ့သည့်လအတွင်း ငါးနှစ်အရွယ် ယူဂန္ဓာကလေးငယ်တစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ကွန်ဂိုနိုင်ငံတွင် အီဘိုလာရောဂါနှိမ်နင်းနိုင်ရေးအတွက် နိုင်ငံတကာမှ ကူညီပံ့ပိုးမှုများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တောင်းခံထားသည်။ **အင်န်အိတ်ချ်ကေ**

# မြန်မာ့အမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်ဆီ ရှေးခေတ်ပုဂံပြည်

ဇင်ဦး(မြန်မာ့အလင်း)

**ပုဂံဟုဆိုသည်နှင့် မြန်မာတို့၏ အထွတ်အမြတ်ထားရာ နှလုံးသည်းပွတ်နေရာတစ်ခုအဖြစ် အားလုံးကလက်ခံထားကြသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကို မြန်မာ့အမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်အဖြစ်သို့ (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးတွင် သတ်မှတ်ခံခဲ့ရသည့်အတွက် ပြည်သူများအားလုံးကပင် ဝမ်းသာဂုဏ်ယူလျက်ရှိကြသည်။**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို သီးသန့်ထူးခြားစွာတည်ရှိနေသော ယဉ်ကျေးမှုအမွေအနှစ်၊ အစဉ်အလာများအား ဖော်ပြနိုင်ခြင်း၊ ဗိသုကာအနုပညာလက်ရာများ၊ နည်းပညာများ၏ ထူးခြားမှုကို ဖော်ပြနေခြင်း၊ အစဉ်အလာဓလေ့ထုံးတမ်းများ၊ ကိုးကွယ်ယုံကြည်မှု၊ အနုပညာနှင့် အယူအဆများ ဆက်လက်ရှင်သန်နေခြင်း စသည့် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးများဖြင့်ညီညွတ်သဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။

လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်းဟူသည့် ဆိုရိုးအတိုင်း ရှေးဟောင်းပုဂံဒေသတွင် ဘုရားစေတီပုထိုးပေါင်းများစွာလက်ညှိုးထိုးမလွဲတည်ရှိခဲ့သည်။ ခေတ်အဆက်ဆက်သဘာဝဘေးဒဏ်နှင့် လူတို့၏ ပယောဂကြောင့် ယခုအချိန်တွင် ပုဂံဒေသ၌ ဘုရားစေတီပေါင်း ၃၈၂၂ဆူခန့်သာ ကျန်ရှိတော့ကြောင်း မြန်မာနိုင်ငံ ဗိသုကာအသင်း၏ စစ်တမ်းများအရ သိရသည်။ ၂၀၁၆ ခုနှစ်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်သင့် ဘုရားစေတီ အဆူ ၃၅၀ ကျော်ကိုလည်း ယခုတိုင်ပြုပြင်နေရဆဲပင်ဖြစ်သည်။

ပုဂံဒေသတွင် ၂၀၁၅ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် မြစေတီကျောက်စာကိုလည်း လေ့လာနိုင်သည့်အပြင် ရှေးဟောင်းအမွေအနှစ်များနှင့် အနုလက်ရာများစွာကိုလည်း တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း အများဆုံးတွေ့မြင်နိုင်သည်။

ထို့ကြောင့် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်ဒေသဟူသော စံတန်ဖိုးနှင့်အညီ မိမိတို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား မပျောက်မပျက်ဘဲ ရေရှည်တည်တံ့အောင် တန်ဖိုးထားထိန်းသိမ်းရန် များစွာ လိုအပ်လှပေသည်။ ။




ပုဂံရှေးဟောင်းအမွေအနှစ်ဒေသရှိ နရပတိစည်သူမင်းကြီးတည်ထားသော ကန်တော့ပလ္လင်ဘုရား။




၂၀၁၅ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ဖြစ်သည့် မြစေတီကျောက်စာ။



အာနန္ဒာအုတ်ကျောင်းအတွင်းရှိ ပုဂံခေတ်နံရံဆေးရေးပန်းချီ အနုလက်ရာများ။



ထီးလိုမင်းလိုဘုရားအတွင်းရှိ ငလျင်ဒဏ်သင့် နံရံဆေးရေးအနုလက်ရာများ။



မြန်မာ့ယဉ်ကျေးမှုလက်မှုပညာဖြင့်ထုတ်လုပ်ထားသော ရုပ်သေးရုပ်များ။



နိုင်ငံခြားသားဘုရားဖူးများ စိတ်ဝင်စားသည့် ဘုရားဖူး အငှားလှည်းယာဉ်များ။

# အာဇာနည်နေ့တွင် ဗိုလ်ချုပ်ပြတိုက်၌ အထူးအစီအစဉ်နှစ်ရပ်ပြသရန် စီစဉ်ထားရှိ



ဗိုလ်ချုပ်ပြတိုက်အား တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၉**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့တွင် ယခုနှစ်အထူးအစီအစဉ်အဖြစ် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက် ဒေါ်ခင်ကြည်နှင့် မိသားစုနေထိုင်ခဲ့သော အိမ်အောက်ထပ်ဧည့်ခန်းကို ထိုအချိန်ကပုံစံအတိုင်းနှင့် ဗိုလ်ချုပ်ဝတ်ဆင် အသုံးပြုခဲ့သော အဝတ်အစားများကို ပြသရန်ပြင်ဆင်မှုကို ဇူလိုင် ၇ ရက်က ပြီးစီးခဲ့ရာ အများပြည်သူအား ပြသရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်ပြတိုက်မှ သိရသည်။

**ပရိသတ်သုံးသောင်းကျော်ကြည့်ရှုနိုင်**

"အေးအေးဆေးဆေး လေ့လာကြည့်ရှုချင်တယ်ဆိုရင် ဇူလိုင် ၂၀ ရက်နဲ့ ၂၁ ရက်မှာလည်း လာရောက်ကြည့်ရှုလို့ရပါတယ်။ပြသတဲ့သုံးရက်မှာ ဧည့်ခန်းနဲ့ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့တဲ့ အဝတ်အစားတွေကို ပြသထားမှာပါ။ အာဇာနည်နေ့မှာ ပရိသတ်က သုံးသောင်းကျော် လာကြည့်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ လူများလို့ နောက်ရက်မှ လာကြည့်လို့လည်း ရပါတယ်။ ဗိုလ်ချုပ်ကျဆုံးပြီးနောက် ဒေါ်ခင်ကြည်မိသားစုနေထိုင်ခဲ့တဲ့ ဧည့်ခန်းပုံစံနဲ့ အပေါ်ထပ်က ဗိုလ်ချုပ်အဝတ်အစားတွေကို ဒီနှစ်ပြသဖို့ ပြင်ဆင်နေတာ ဇူလိုင် ၇ ရက်က ပြီးစီးသွားပါပြီ။လေ့လာကြည့်ရှုဖို့ အဆင်သင့်ဖြစ်နေပါပြီ"ဟု ပြတိုက်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ပြောသည်။

အာဇာနည်နေ့သည် ရုံးပိတ်ရက်ဖြစ်သောကြောင့် ရန်ကုန်မြို့ရှိ အများပြည်သူကြည့်ရှုရာ ပြတိုက်များပိတ်ထားမည်ဖြစ်ပြီး ဗိုလ်ချုပ်ပြတိုက်တစ်ခုတည်းသာ ယင်းနေ့တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ ကျန်သည့်နှစ်ရက်တွင်လည်း အများပြည်သူကို ဆက်လက်ပြသသွားမည်ဖြစ်သည်။

**ဗိုလ်ချုပ်နှင့်ပတ်သက်၍ လေ့လာနိုင်**

ဗိုလ်ချုပ်ပြတိုက် အဝင်တံခါးမှ စတင်ဝင်ရောက်ပါက ၁၉၄၇ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းက ရရှိထားသော အင်္ဂလန်နိုင်ငံထုတ် Wolseley ကားကိုတွေ့ရှိရမည်ဖြစ်ပြီး ပြတိုက်အတက် ပတ်လမ်းတစ်လျှောက် ပြသထားသော ဗိုလ်ချုပ်ပုံပါသည့် ပိုက်ဆံနှင့် တံဆိပ်ခေါင်းများကို လေ့လာခွင့်ရရှိမည်ဖြစ်ကာ ပြတိုက်အိမ်ရှေ့ညာဘက်ခြမ်းရှိ ဗိုလ်ချုပ်အနားယူ စာဖတ်ရာအဝိုင်းပေါင်းမိုးအောက်တွင် စာဖတ်နေသည့် စီလီကွန်ရုပ်တု ဗိုလ်ချုပ်ပုံကို ဦးစွာတွေ့မြင်ရမည်ဖြစ်သည်။

ဆက်လက်၍ ပြတိုက်အတွင်းဝင်ပါက မိသားစုထမင်းစားခန်း၊ ဗိုလ်ချုပ်ယယ်ဘဝ၊ ကျောင်းသားဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ ဗိုလ်ချုပ်မိသားစု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု၍ ပြတိုက်အပြင်သို့ ပြန်ထွက်ကာဗိုလ်ချုပ်ရှိစဉ်က စိုက်ပျိုးခဲ့သော သလဲပင် ပြန်လည်စိုက်ပျိုးမှုကြောင့် အသီးသီးနေသည့်သလဲပင်ပြကွက်ကို ကြည့်ရှုပြီး ၁၉၄၉ ခုနှစ်က မှတ်တမ်းဓာတ်ပုံဖြစ်သော အောက်ထပ်ဧည့်ခန်းတွင် ဒေါ်ခင်ကြည်နှင့်ဦးအောင်ဆန်းလင်း၊ ဦးအောင်ဆန်းဦးတို့နှင့် ဗိုလ်ချုပ်ပန်းချီကားကို နောက်ခံပြုထားသည့် ဧည့်ခန်းခင်းကျင်းထားမှုကို တွေ့မြင်ရမည်ဖြစ်သည်။

ဗိုလ်ချုပ်အိပ်ခန်းတွင် ဗိုလ်ချုပ်ရှိစဉ်ကဝတ်ဆင်ခဲ့သည့် အဝတ်အစားများနှင့် သားရေသေတ္တာအသုံးအဆောင်ပစ္စည်း ပြခန်း၊ ဘုရားခန်း၊ ဓာတ်ပုံများချိတ်ဆွဲပြသထားသည့် ပြခန်းတို့ကိုတွေ့မြင်ရမည်ဖြစ်ပြီး စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်းတို့ကိုပြသထားလျက် အောက်ထပ်သို့ပြန်လည်ဆင်း၍ ဗိုလ်ချုပ်စိုက်ပျိုးခဲ့သောနေရာရှိ စိုက်ပျိုးရေးပြကွက်ကို ကြည့်ရှုလေ့လာကာ ၁၉၅၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် မောင်အောင်ဆန်းလင်း ရေနစ်သေဆုံးခဲ့သည့် ရေကန်ကိုကြည့်ရှု၍ အပြင်သို့ပြန်လည်ထွက်ခွာကြရမည်ဖြစ်သည်။

**အခမဲ့ခင်းကျင်းပြသသွားမည်**

ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ ဗိုလ်ချုပ်ပြတိုက်ကို အခမဲ့ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ယခုနှစ်တွင် အထူးအစီအစဉ်နှစ်ရပ်ဖြင့် ပြသမည့် ပြခန်းပြင်ဆင်မှု သတ်မှတ်ရက်ထက် ကြိုတင်ပြီးစီးနေ၍ အများပြည်သူကြည့်ရှုလေ့လာရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# ဧည့်လမ်းညွှန်များအစား စကားပြန်များအသုံးပြုနေသည့်အတွက် စိစစ်မှုများပြုလုပ်နေ

**ရန်ကုန် ဇူလိုင် ၉**

နိုင်ငံတကာ ခရီးသွားများအနေဖြင့် ပြည်တွင်းခရီးသွားလာရာတွင် ဧည့်လမ်းညွှန်များကို အသုံးမပြုဘဲ စကားပြန်များကိုသာ အသုံးပြုသွားလာနေသည့်အတွက် လေ့လာစိစစ်မှုများပြုလုပ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးထွန်းမြတ်က ပြောကြားသည်။

၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ တရုတ်ဘာသာစကား ဧည့်လမ်းညွှန်များတွေ့ဆုံပွဲနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲအပြီး မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားရာတွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

**စကားပြန်သုံးတဲ့အပေါ်မှာ စိစစ်နေ**

"ဧည့်လမ်းညွှန်တွေကို မသုံးဘဲနဲ့ စကားပြန်တွေပဲ ခေါ်သုံးနေတာတွေ့ရတော့ ဒါက တရားမဝင်ပါဘူး။ ခရီးသွားလုပ်ငန်းကို ရှင်းပြတယ်ဆိုကတည်းက ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှု အမွေအနှစ်တွေကို ရှင်းပြရမှာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ လေ့ကျင့်ထားတဲ့ ဧည့်လမ်းညွှန်တွေကသာ လုပ်နိုင်မှာ။ စကားပြန်ဆိုတာက သူတွေ့တဲ့ဟာတွေကို ပြန်သွားမယ်။ နိုင်ငံခြားသား အဖွဲ့ခေါင်းဆောင်ကလည်း သူသိသလိုပဲ ပြောသွားမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံပုံရိပ်၊ ကျွန်တော်တို့ယဉ်ကျေးမှုနဲ့ သမိုင်းပုံရိပ်တွေကို ထိခိုက်နိုင်စရာ အကြောင်းရှိတယ်။ ဒါကြောင့် စကားပြန်သုံးတဲ့အပေါ်မှာ စိစစ်နေတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း ဗဟိုအလုပ်အမှုဆောင်က ပြောသည်။

**စကားပြန်ဖြင့်သာ အများဆုံးသွားလာနေ**

၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ အနောက်ဥရောပခရီးသွားများ နည်းပါးသွားချိန်တွင် အရှေ့တိုင်းမှ တရုတ်ခရီးသွားများ မြန်မာနိုင်ငံတွင်း ဝင်ရောက်မှုများပြားလာခဲ့သည်။ ထိုသို့ဝင်ရောက်လာသော တရုတ်ခရီးသွားများက ဧည့်လမ်းညွှန်များကို အသုံးပြုခြင်းမရှိဘဲ စကားပြန်ဖြင့်သာ အများဆုံးသွားလာနေသည့်အတွက် မြန်မာနိုင်ငံရှိ တရုတ်ဘာသာစကား ဧည့်လမ်းညွှန်များအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးမှုများ ဖြစ်ပေါ်နေရကြောင်း သိရသည်။ နိုင်ငံတကာတွင် ဧည့်လမ်းညွှန်မှအပ စကားပြန်အနေဖြင့် နိုင်ငံခြားသားဧည့်သည်ကို ရှင်းပြခွင့် တားမြစ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်း ခရီးသွားလာရာတွင် လိုင်စင်မဲ့ဧည့်လမ်းညွှန်များ အသုံးပြုနေမှုနှင့်ပတ်သက်၍ တရုတ်ဘာသာစကား ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဒေါ်ဝင်းပပက "တရုတ်နိုင်ငံမှာ UFL နဲ့ Burmese ဆိုပြီး သင်ထားတာတွေရှိတယ်။ သူတို့က အကြမ်းဖျင်းပြောမယ်ဆိုရင် မြန်မာစာတတ်တယ်။ သူတို့က UFL ယူထားတာဆိုတော့ နိုင်ငံခြားဘာသာကို မြန်မာလိုယူထားတဲ့ အခါကျတော့ သူတို့ဒီကိုလာတဲ့အခါမှာ အကြမ်းဖျင်းပြောတတ်တယ်။ သွားလို့ရတယ်ဆိုတာဖြစ်သွားတယ်။ တကယ်တမ်းကျတော့ လိုင်စင်မဲ့တွေကို ထပ်ပြီး မထိန်းချုပ်ဘူးဆိုရင် တရုတ်လူမျိုးတွေကပဲ မြန်မာပြည်လာတဲ့အခါ သူတို့တရုတ်အုပ်စုကို ဦးဆောင်မှာဖြစ်ပြီး ပြည်တွင်းဧည့်လမ်းညွှန်တွေကို မခေါ်တော့ဘူးပေါ့။ နောက်ဆုံးကားဆရာတောင် တရုတ်စကားပြောတတ်တဲ့ ကားဆရာကိုပဲ သုံးမယ်ဆိုတာတောင် ဖြစ်သွားနိုင်တယ်။ ဒါတွေကို ထိန်းစေချင်တယ်။ ချက်ချင်းအရေးယူလို့ရရင်တော့ ပိုပြီးအဆင်ပြေပါတယ်"ဟု ပြောသည်။

ထို့အပြင် စစ်ဆေးရေးဂိတ်များ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဧည့်လမ်းညွှန်လိုင်စင် စစ်ဆေးခြင်းများကို ပြုလုပ်သင့်ကြောင်း ဧည့်လမ်းညွှန်များက ပြောသည်။

**အရည်အသွေးပြည့်ဧည့်လမ်းညွှန်များ မွေးထုတ်ပေးနေ**

မြန်မာနိုင်ငံတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အရည်အသွေး ပြည့်စုံသော ဧည့်လမ်းညွှန်များကို ပုံမှန်မွေးထုတ်ပေးလျက်ရှိပြီး လိုင်စင်ရ ဧည့်လမ်းညွှန်ပေါင်း တစ်သောင်းကျော်ရှိကာ ၎င်းတို့အထဲတွင် တရုတ်ဘာသာစကားဧည့်လမ်းညွှန် ၃၀၀ ကျော်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှ လာရောက်သော ခရီးသွားများအနေဖြင့် မန္တလေး-ပုဂံ-မန္တလေးခရီးစဉ်၊ မန္တလေး-မုံရွာ-ပုဂံ-မန္တလေး၊ အင်းဝ-မန္တလေး-ပုဂံ၊ ပုဂံ-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-သန်လျင်- ပဲခူး-ငွေဆောင်-ရန်ကုန် ခရီးစဉ်များ အများဆုံးသွားရောက်ကြသကဲ့သို့ မန္တလေးမှ ဝင်ရောက်၍ မန္တလေးမှ ပြန်လည်ထွက်ခွာခြင်းမျိုး ရှိသလို ရန်ကုန်ဝင်- ရန်ကုန်ထွက် ခရီးစဉ်များကိုလည်း အများဆုံးရွေးချယ်သွားရောက်ကြလေ့ရှိကြောင်း သိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စာရင်းများအရ မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့သော တရုတ်ခရီးသွားဦးရေမှာ ၂၀၁၈ ခုနှစ် မေလအထိ ၁၁၂၁၅၈ ဦးရှိခဲ့ရာမှ ယခု ၂၀၁၉ ခုနှစ် မေလတွင် ၂၆၆၃၀၁ ဦးအထိ ဝင်ရောက်လာခဲ့ရာ ၁၃၇ ရာခိုင်နှုန်း ဝင်ရောက်လာကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၉-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၇၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၁၅ ကျပ် | ၉၃၅/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၂၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၁၀ ကျပ် | ၈၄၅/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၉၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၇ · ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၈ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၇ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၀ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၄ · ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၅ · ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၈ · ၉၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၆၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၄၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၃ · ၈၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၈၉၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီခွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဇာတ်ကားများပြန်လည်ရိုက်ကူးပြီး ဘဝကို အကောင်းဆုံးဖြစ်အောင် ပြုပြင်နေထိုင်သွားမည်ဟု မိုးအောင်ရင် ပြောကြား



သရုပ်ဆောင် မိုးအောင်ရင်အနေဖြင့် Lucky Seven ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်မည့် ဇာတ်ကားများတွင် ပါဝင်ရိုက်ကူးသွားရန်ရှိသလို ၄င်းအနေဖြင့် အနုပညာအလုပ်များကို စိတ်သစ် လူသစ်နှင့် ပြန်လည်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ လက်ရှိအချိန်တွင် သရုပ်ဆောင်အလုပ်အတွက် အက်တင်ပိုင်းကို ပြန်လည်လေ့လာနေပြီး ပထမဆုံးရုပ်ရှင်အနေဖြင့် Lucky Seven ထုတ်လုပ်ရေးမှ ရိုက်ကူးမည့် ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်နှင့်အတူ သရုပ်ဆောင်သွားမည့် မိုးအောင်ရင်နှင့် တွေ့ဆုံ၍ ဆက်လုပ်သွားမည့် အနုပညာလှုပ်ရှားမှုများအကြောင်း မေးမြန်းဖြစ်ခဲ့ပါသည်။

**မေး။ ။ အနုပညာလောကနဲ့ ဝေးသွားပြီး ပြန်ရောက်လာတော့ ဘယ်လိုခံစားရသလဲ။**

ဖြေ။ ။ ကျွန်တော် စိတ်လှုပ်ရှားနေပါတယ်၊ အခုက 'ချာလီဘ' ရုပ်ရှင်ကားကို လာကြည့်တာပါ၊ ဒီကားက ကျွန်တော် အပြင်ပြန်ရောက်လာပြီးမှ ပထမဆုံးကြည့်ရမယ့် ရုပ်ရှင်ကားပါ။ နောက်တစ်ခု ထူးခြားတာက ကျွန်တော့်ရဲ့ ထုတ်လုပ်သူ ကိုအုန်းဝင်းကိုယ်တိုင် ဒါရိုက်တာလုပ်ထားတဲ့ဇာတ်ကားလည်း ဖြစ်ပါတယ်၊ ကြည့်ဖို့ ဖိတ်ခံရတာ ဝမ်းသာမိပါတယ်။ အခုအချိန်မှာ ပြောင်းလဲတာတွေကတော့ အများကြီးပါပဲ။ အခုချိန်မှာ အဆိုးထဲကအကောင်းကိုရှာပြီး နေသွားမယ်။ အခုဆို ဆေးလိပ်မသောက်တော့ဘူး၊ အလုပ်ကလွဲပြီး တခြား ဘာမှမလုပ်ချင်ဘူး။ ကျွန်တော်လုပ်ခဲ့တာတွေကို ပြန်မြင်ပြီး ဆုံးရှုံးသွားခဲ့တယ်လို့လည်း မမြင်ပါဘူး။ အခု ကျွန်တော် အားရင် တရားထိုင်တယ်။ အဲဒီလောက်အထိ ကြိုးစားတာတောင်မှ ဒီပွဲကိုတက်ရတော့ ကျွန်တော် အများကြီးစိတ်လှုပ်ရှားနေတယ်။

**မေး။ ။ အရင်က မိုးအောင်ရင် ရိုက်နေကျ ဗီဒီယိုဇာတ်ကားတွေခေတ်က အခု ပျောက်လုနီးပါးဖြစ်နေပြီ၊ အဲဒီအပေါ် ဘာပြောချင်လဲ။**

ဖြေ။ ။ ကျွန်တော်ပြန်ရောက်လာတဲ့အချိန်မှာ ဗီဒီယိုတွေ မရှိတော့ဘူး။ ရုပ်ရှင်ဇာတ်ကားတွေပဲ ရိုက်နေကြတော့ ငါ့ကိုခေါ်ရိုက်ကြပါတော့မလားလို့ စိတ်ပူမိတယ်။ အခုတော့ ကျွန်တော့်ထုတ်လုပ်သူက ကျွန်တော့်ကို လာမယ့်လထဲမှာ ဇာတ်ကားရိုက်ဖို့ ကမ်းလှမ်းလာပါတယ်။ မြင့်မြတ်နဲ့ ရိုက်မှာပါ။ အရင်ကတည်းက ကျွန်တော်တို့က သူငယ်ချင်းတွေပဲ။ အပြင်မှာလည်း ခင်ကြတာဆိုတော့ တခြားလူထက်စာရင် မြင့်မြတ်နဲ့အတူတူ အလုပ်လုပ်ရတာက ပိုပြီးအဆင်ပြေမယ်ထင်ပါတယ်၊ ကျွန်တော်ကိုယ်တိုင် တချို့နေရာတွေမှာ ငါအဆင်ပြေပါ့မလား၊ လုပ်နိုင်ပါ့မလား ဆိုပြီး အားငယ်စိတ်တွေ အခုထိ တွေးမိနေတုန်းပဲ။ အဲဒီလိုစိတ်တွေ ဝင်လာရင် ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို ဖေးမပေးမယ်လို့ထင်ပါတယ်။ ဖေးမပေးဖို့လည်း ဒီနေရာကနေ ပြောချင်ပါတယ်။

**မေး။ ။ ဇာတ်ကားရိုက်ကူးမှုတွေအတွက် ပြင်ဆင်ထားတာလေးတွေရှိလား။**

ဖြေ။ ။ ကျွန်တော် အနုပညာနဲ့ အလှမ်းဝေးနေတာ ကြာသွားပါပြီ၊ ဒါကလည်း ကိုယ့်မိုက်ပြစ်နဲ့ကိုယ်ပါပဲ။ အဲဒီအတွက် နောင်တလည်း တကယ်ကို ရမိပါတယ်၊ ပရိသတ်ကိုလည်း တောင်းပန်ပါတယ်။ ကျွန်တော့်အပေါ် သူတို့ မျှော်လင့်ချက်တွေ ပျက်စီးသွားသလို ဖြစ်လို့လေ။ အခုတော့ ကျွန်တော် ကာရိုက်တာအတွက် ပြင်ဆင်မှုတွေနဲ့ လိုအပ်တဲ့ အက်တင်ပိုင်းဆိုင်ရာတွေအတွက် ကိုယ်တိုင် ကြိုးစားပြင်ဆင်နေပါပြီ။ တခြားကုမ္ပဏီတွေက ကမ်းလှမ်းလာရင်လည်း လက်ခံ ရိုက်ကူးသွားဖို့ရှိပါတယ်။

**ကိုလင်း**

# ချန်လုံး ဆံပင်နှင့် မိတ်ကပ်ပညာသင်တန်း၏ ဆံပင်ညှပ် ပညာဒါနပွဲတော် ပြုလုပ်

နာမည်ကြီး ဆံပင်ပညာရှင် ကိုချန်လုံး၏ 'ချန်လုံး ဆံပင်နှင့် မိတ်ကပ်ပညာ သင်တန်း' အနေဖြင့် ဆံပင်ညှပ်ပညာ ပညာဒါနပွဲတော်ကို နှစ်စဉ် ဇူလိုင်လတိုင်း ပြုလုပ်လျက်ရှိရာ ယခုနှစ်တွင်လည်း ဆံပင်ညှပ်ခြင်း အနုပညာဖန်တီးမှု ပညာဒါနပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ဇူလိုင် ၇ ရက်က ပြုလုပ်ခဲ့သည်။

ဆံပင်ညှပ်ပညာရှင် ကိုချန်လုံးက "ကျွန်တော့်အနေနဲ့ ဒီလိုသင်တန်းတွေ လုပ်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့တိုင်းပြည်မှာ လူငယ်တွေ ကိုယ့်ဝါသနာကို အရင်းခံပြီး ဒီပညာလေးနဲ့ ဝမ်းစာအတွက် ဖြေရှင်းနိုင်ကြသလို မိမိကိုယ်ပိုင်လုပ်ငန်းလေး အဖြစ်နဲ့လည်း ပြန်လည်ဖွင့်လှစ်နိုင်ဖို့ ပညာမျှဝေစေချင်တဲ့ဆန္ဒနဲ့ ပြုလုပ်တာဖြစ်ပါတယ်၊ ဆံပင်နဲ့ မိတ်ကပ် ပညာဒါန သင်တန်းတွေ နှစ်စဉ်ပို့ချလာတာ အခုဆို ခြောက်ကြိမ်ရှိပါပြီ၊ ကျွန်တော့်သင်တန်းကနေ ပြည်ပအထိ သွားရောက်ပြီး အလုပ်လုပ်နေတဲ့ လူငယ်တွေလည်း ရှိသလို ပြည်တွင်းမှာပဲ ဆိုင်တွေဖွင့်ပြီး အနုပညာရှင်တွေကိုတောင် ဆံပင်ညှပ်ပေးကြ၊ မိတ်ကပ်လိမ်းခြယ်ပေးနေကြတဲ့သူတွေ၊ ပညာရှင်တွေ အများကြီး ရှိနေပါပြီ" ဟု ပြောသည်။




ချန်လုံး ဆံပင်နှင့် မိတ်ကပ်ပညာ သင်တန်း၏ ပညာဒါန သင်တန်းများအတွက် သင်တန်းသားများကို Chan Lone ဖေ့စ်ဘုတ်စာမျက်နှာမှ လူဦးရေ ကန့်သတ်၍ ခေါ်ဆိုလျက်ရှိကြောင်း၊ သင်တန်းတက်ရောက်လိုသူများအနေဖြင့် ယင်းဖေ့စ်ဘုတ် စာမျက်နှာမှ တစ်ဆင့် ဦးစွာစာရင်းပေးသွင်းနိုင်ကြောင်း၊ ပညာရပ်တွင် ထူးချွန်ပါက ငွေကြေးမတတ်နိုင်သည့်တိုင် ဩစတြေးလျနိုင်ငံအထိ သွားရောက်ပညာသင်ယူနိုင်ရန် စီစဉ်ပေးကြောင်း၊ သင်တန်း၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် သင်တန်းကြေးနှင့် ဖွင့်လှစ်သော သင်တန်းများအတွက် သင်တန်းသားခေါ်ဆိုမှုများရှိသလို နှစ်စဉ်အခမဲ့ သင်ကြားပေးမည့် သင်တန်းများအတွက် သင်တန်းသားခေါ်ဆိုမှုများကိုလည်း ထုတ်ပြန်ကြေညာပေးနေကြောင်း သိရသည်။

**ကိုလင်း**

# Mister Savile Row 2019 ပြိုင်ပွဲ၏ Winner ဆုကို နေမျိုးအောင် ရရှိ

ရုပ်ရည်သင့်တင့်ပြီး အရည်အချင်းပြည့်ဝသော အမျိုးသားများကို အဓိကထားရွေးချယ်ရန် ကျင်းပသည့် Mister Savile Row 2019 ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်များထဲမှ ဆန်ခါတင် ၁၃ ဦးကို Mister Savile Row Facebook မှ စိစစ်ရွေးချယ်ခဲ့ပြီးနောက် ထို ၁၃ ဦးထဲမှ Winner ဆုရှင် အပါအဝင် ဆုရရှိသူ သုံးဦးအား ထပ်မံရွေးချယ်ခဲ့ရာ Winner ဆုကို ပြိုင်ပွဲဝင် နေမျိုးအောင်က ရရှိခဲ့သည်။




"ကျွန်တော်ကိုယ်တိုင်က လူကြီးဆန်ဆန်ဝတ်စားရတာကို ကြိုက်ပါတယ်၊ ဒီပြိုင်ပွဲကလည်း လူကြီးလူကောင်းဆန်တဲ့ အဝတ်အစားတွေကို အဓိကထားပြီး ယှဉ်ပြိုင်ရတာဆိုတော့ ကျွန်တော့်စိတ်ကြိုက်ပွဲတစ်ခုလို့ ဆိုနိုင်ပါတယ်၊ ဒီပွဲကြီးက ပညာတွေ ရစေသလို အတွေ့အကြုံသစ်တွေလည်း ရစေတယ်၊ ကျွန်တော် ပြိုင်ပွဲအနေနဲ့ဆို အရင်က Dr.Face ကလုပ်တဲ့ Mister ပွဲမှာ ပြိုင်ဖူးပါတယ်၊ အဲဒီတုန်းကလည်း Winner ဖြစ်ခဲ့ပါတယ်၊ အခုကတော့ ဒုတိယအကြိမ်ရတဲ့ဆုပါ၊ ပြည်တွင်းပွဲတွေ အတွေ့အကြုံယူပြီးရင်တော့ International ကို သွားဖို့ ပြင်ဆင်စရာတွေ အများကြီးရှိသေးတာမို့ ကြိုးစားရပါဦးမယ်"ဟု Winner ဆုရှင် နေမျိုးအောင်က ပြောသည်။

**ကိုလင်း**

# ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရသော ပုဂံဒေသကိုဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော် အဆိုတော်များက အခမဲ့ဖျော်ဖြေမည်

**ရန်ကုန် ဇူလိုင် ၉**

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ခံရသည့် ပုဂံဒေသကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အဆိုတော်များ စုပေါင်း၍ ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိ ပုဂံအာနန္ဒာဘုရားရှေ့ရှိ ယာဉ်ရပ်နားဝင်းတွင် အခမဲ့သီဆိုဂုဏ်ပြုသွားမည်ဟု သိရသည်။

အထိမ်းအမှတ်ပွဲအဖြစ် ဇူလိုင် ၁၂ ရက်တွင် မြန်မာသံစဉ် အဆိုတော်ကြီးများဖြစ်သော ထား၊ ရီရီသန့်၊ ချိုဝေလွင်၊ ချိုပြုံး၊ ကေတုဝင်းထွဋ်၊ တင်ဦးလေး၊ သန်းမြတ်စိုး၊ ဖိုးသောကြာ၊ ခင်ပိုးပန်းချီတို့က ဖျော်ဖြေမည်ဖြစ်ပြီး ဇူလိုင် ၁၃ ရက်တွင် Rock Music ၏ အဆိုတော်ကြီးဖြစ်သော ဇော်ဝင်းထွဋ်၊ ဝေလ၊ ရင်ဂို၊ စည်သူလွင်၊ ဇော်ပိုင်၊ ဂျီလတ်၊ လင်းလင်း၊ နေမင်းအိမ်၊ ဟေမာနေဝင်း၊ ထွန်းအိန္ဒြာဗိုလ်၊ သျှီ၊ ကော်နီ၊ မီမီဝင်းဖေ၊ ချောစုခင် အစရှိသော အဆိုတော်များက ဂုဏ်ပြုသီဆို၍ ဇူလိုင် ၁၄ ရက်၌ ဖိုးချစ်၏ဇာတ်သဘင်နှင့်အတူ ဦးဝင်းနောင်၊ ဟန်ဇာမိုးဝင်း၊ စွမ်းဇာနည်တို့က ဇာတ်သဘင်များဖြင့် ကပြဖျော်ဖြေသွားမည်ဟု သိရသည်။

ပုဂံဒေသအား လွန်ခဲ့သော နှစ်(၂၀) ကျော်ကမ္ဘာ့အမွေအနှစ်စာရင်းသွင်းရန် ကနဦးကြိုးပမ်းခဲ့ပြီး ယခုအခါ နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကော်မတီများကို ၂၀၁၆ ခုနှစ် မေ ၂၆ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ အမျိုးသားကော်မတီကို ဇွန် ၇ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်က ကာတာနိုင်ငံ ဒိုဟာမြို့၌ကျင်းပသော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံ ကော်မတီအစည်းအဝေးမှ ပျူမြို့ဟောင်းသုံးမြို့ဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းတို့အား မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရ၍ ၂၀၁၉ ခုနှစ် ဇူလိုင် ၆ရက်တွင် ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်ဒုတိယ အကြိမ်မြောက် သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာ့အဆင့် အမွေအနှစ်စာရင်းသွင်းနိုင်ရန် ဆောင်ရွက်ရာ၌ အစိုးရအဖွဲ့အစည်းများ၊ဝန်ကြီးဌာနများနှင့်ပညာရှင်များက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်နည်းတူ ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် နေထိုင်သော ဒေသခံတို့ကလည်း မိမိတို့ဒေသ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပြီး ယခုအခါ အနုပညာရှင်များကလည်း ဂုဏ်ပြုကြိုဆိုသောပွဲဖြင့် တစ်တပ်




တစ်အားပါဝင်အားဖြည့်၍ အမျိုးသားရေးကို ထုတ်ဖော်ပြသခွင့်ရရှိခြင်း ဖြစ်သည်။

အဆိုပါ အစီအစဉ်အား Shin ThanThu(STT)ကုမ္ပဏီမှ ဦးစီးကျင်းပမည့် Free Show ပွဲ ဖြစ်ကြောင်း ဇော်ဝင်းထွဋ်၏ Photo Album Facebook page တွင် ရေးသားဖော်ပြထားခြင်းဖြစ်သည်။**သန်းထိုက်၊ဓာတ်ပုံ -သန်းစိုး**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ရှိုးပွဲအတွင်းဖျော်ဖြေနေရင်း ငိုကြွေးခဲ့သည့်အကြောင်းကို အာရီယာနာဂရန်ဒီ ရှင်းပြ

အဆိုတော်အာရီယာနာဂရန်ဒီဟာ အမေရိကန်မှာပြုလုပ်တဲ့ရှိုးပွဲအတွင်း သီချင်းသီဆိုနေရင်း ငိုခဲ့ရတဲ့အကြောင်းကို ရှင်းပြလိုက်ပါပြီ။ အာရီယာနာဂရန်ဒီရဲ့ Sweetener ဆိုတဲ့ အယ်လ်ဘမ်ထဲက REM ဆိုတဲ့သီချင်းကိုသီဆိုနေရင်း သူဟာ ဝမ်းနည်းလာပါတယ်။ အဲဒီတုန်းက သူ့ရဲ့ခံစားချက်နဲ့ပတ်သက်ပြီး ရှင်းပြရာမှာတော့ ဒီနယ်လှည့်ဖျော်ဖြေပွဲမှာ အဆင်ပြေဖို့ အရာအားလုံးကို နှစ်မြှုပ်ထားရတဲ့အချိန်မှာ အရာရာတိုင်းဟာ ခါးသီးတယ်လို့ ခံစားမိလာတယ်။

ဒါကြောင့် တစ်ခါတစ်ရံမှာ ကျွန်မ သဲကြီးမဲကြီးငိုချလိုက်တယ်လို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။ ဒါပေမယ့်လည်း မကြာခင်မှာပဲ အဲဒီစာသားကို ဖျက်ပစ်လိုက်ပါတယ်။ အာရီယာနာဂရန်ဒီဟာ သူ့ဘဝမှာကြုံတွေ့နေရတဲ့ အခက်အခဲတွေကိုလည်း ပြောပြခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် မေလအတွင်းက မန်ချက်စတာမှာပြုလုပ်တဲ့ သူ့ရဲ့ဖျော်ဖြေပွဲမှာ အသေခံဗုံးခွဲသမားရဲ့လက်ချက်ကြောင့် လူပေါင်း ၂၂ ဦးသေဆုံးခဲ့ရပါတယ်။

ဒါ့အပြင် သူ့ရဲ့ချစ်သူဟောင်း မက်မေလာဟာလည်း လွန်ခဲ့တဲ့နှစ် စက်တင်ဘာလအတွင်းမှာ သေဆုံးသွားခဲ့ပါတယ်။ ဟာသသရုပ်ဆောင် ပီတီဒေဗစ်ဆင်နဲ့ စေ့စပ်ထားတာကလည်း ပြီးခဲ့တဲ့အောက်တိုဘာလအတွင်းမှာ အဆုံးသတ်သွားပါတယ်။ ဒါတွေကတော့ အာရီယာနာဂရန်ဒီ ကြုံတွေ့ခဲ့ရတဲ့အခက်အခဲတွေပါ။

ကိုယ့်ရဲ့ဒဏ်ရာတွေကိုကုသရတာရယ်၊ ကိုယ့်ဘေးနားကလူတွေကို ဂရုစိုက်ရတာရယ်၊ အလုပ်ကိုကောင်းကောင်းဆက်လုပ်နိုင်ဖို့ ကြိုးစားရတာရယ်၊ ဒီအချက်တွေအားလုံးကို တစ်ချိန်တည်းမှာ ဘက်မျှအောင် လုပ်ဆောင်ရတာတကယ်ပဲခက်လှပါတယ်လို့ အာရီယာနာဂရန်ဒီက တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။ **ဘီဘီစီ**



အဆိုတော် အာရီယာနာဂရန်ဒီ

### ခိုင်လီဂျန်နာတစ်ယောက် ဒုတိယကလေး ယူတော့မှာလား

စူပါမော်ဒယ် ခိုင်လီဂျန်နာနဲ့ အဆိုတော် ထရာဗစ်စကောက်တို့မှာ စတော်မီဝဘ်စတာလို့ အမည်ရတဲ့သမီးလေးတစ်ဦး မွေးဖွားထားပါတယ်။ အခုလည်း ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ ခိုင်လီဂျန်နာဟာ နောက်ထပ်ကလေးတစ်ယောက် ထပ်ယူချင်နေတယ်လို့ ခိုင်လီဂျန်နာနဲ့ ရင်းနှီးတဲ့သတင်းအရင်းအမြစ်တစ်ခုက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

ခိုင်လီဟာ မကြာခဏဆိုသလို ဒုတိယကလေးထပ်ယူဖို့ပြောနေပြီး သူတို့မိသားစုလေးထဲကို နောက်ထပ်ကလေးတစ်ယောက် ထပ်ဝင်လာရင်လည်း အဆင်ပြေတယ်လို့ အဆိုပါသတင်းအရင်းအမြစ်က ပြောပါတယ်။ သူတို့နှစ်ဦးရဲ့သမီးဦးလေးဖြစ်တဲ့ စတော်မီကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ မွေးဖွားခဲ့တာပါ။ ခိုင်လီဂျန်နာဟာ သမီးလေး စတော်မီအတွက် နောက်ထပ်မွေးချင်းတစ်ဦး ထပ်ပေးချင်တယ်လို့လည်း အဆိုပါသတင်းအရင်းအမြစ်က ထပ်ပြောပါတယ်။

ခိုင်လီဂျန်နာဟာ ၂၀၁၉ ခုနှစ်မတ်လအတွင်းမှာ အသက်အငယ်ဆုံးဘီလျံနာတစ်ဦးဖြစ်လာခဲ့ပြီး သူ့ရဲ့အသက် ၂၁ နှစ်မှာပဲ ခိုင်လီဂျန်နာရဲ့ ကြွယ်ဝချမ်းသာမှုဟာ ၁ဘီလီယံ ရှိလာတယ်လို့ ဖော့ဘ်မဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။ ခိုင်လီဂျန်နာဟာ Kylie အလှကုန်ကုမ္ပဏီရဲ့တည်ထောင်သူဖြစ်ပြီး ၂၀၁၇ ခုနှစ်မှာ တီဗွီအစီအစဉ်တစ်ခုဖြစ်တဲ့ Keeping Up with the Kardashians အစီအစဉ်မှာ ပါဝင်သရုပ်ဆောင်ရင်း နာမည်ကြီးလာခဲ့သူလည်းဖြစ်ပါတယ်။ **ဟောလိဝုဒ်လိုက်ဖ်**



ခိုင်လီဂျန်နာနှင့် ထရာဗစ်စကောက်

မြ

---

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၈၁)

# ကင်းလွတ်ရမြဲ အချက်များ



ဦးဟန်ညွန့် (ဥပဒေ)

**အမှုသည်တိုင်း မေးသည့်မေးခွန်း**

ရာဇဝတ်မှုကျူးလွန်မိသော အမှုသည်တိုင်းက ကျွန်တော့်အား မေးလေ့ရှိသောမေးခွန်းမှာ- "ကျွန်တော့်အမှု လွတ်မယ် မဟုတ်လား။ ကျွန်တော်အပြစ်မရှိဘူး မဟုတ်လား။ ကျွန်တော် ထောင်မကျပါဘူးနော်။ ငွေဘယ်လောက်ကုန်ကုန်ပုံပုံ့မယ်။ အမှုလွတ်ဖို့အဓိက။ အမှုက ကွင်းလုံးကျွတ်လွတ်မယ်လို့ ဆရာဖြေလိုက်စမ်းပါဗျာ" ဟု အတင်းအဓမ္မ အဖြေတောင်းနေလေသည်။ ဤသို့သော အမှုသည်များကို မကြာခဏကြုံတွေ့ရစမြဲ။ ခဏထိုင်ပါဦး။ ရှင်းပြပါရစေဦးဟု ပဏာမချော့မော့ကာ ဥပဒေဇာတ်စုံခင်းရလေတော့သည်။

**အမှုလွတ်ရာလွတ်ကြောင်း**

အမှုလွတ်ရာ လွတ်ကြောင်း၊ သက်သာရာသက်သာကြောင်းတွေ ရှိစမြဲပါပဲ။ သို့သော် အားလုံးခြုံပြီး သေချာပေါက် ကွင်းလွတ်ကျွတ်လွတ်ရမည်ဟု အာမ မခံရဲပါ။ အမှုတစ်မှုချင်းအလိုက် စိစစ်ခြင်း၊ လေ့လာခြင်း၊ ဆိုင်ရာဥပဒေပုဒ်မတစ်ခုချင်းအလိုက်၊ ပြဋ္ဌာန်းချက်အလိုက်၊ အင်္ဂါရပ်များလေ့လာခြင်း၊ ဖြစ်စဉ်နှင့် ဥပဒေပြဋ္ဌာန်းချက်ပေါင်းစပ်သုံးသပ်ခြင်း၊ အကျိုးအကြောင်းဖော်ပြချက်တိုက်ဆိုင်ညီညွတ်ခြင်း၊ တရားရုံးက တင်ပြချက်ကို လက်ခံခြင်းများကြောင့် အမှုနိုင်တတ်ပါသည်။ လွတ်ရာလွတ်ကြောင်း ဖြစ်နိုင်ပါသည်။

**ဘယ်အမှုသည်ကိုမှ**

ဘယ်အမှုသည်ကိုမှ ကြိုတင်ကတိပေးခြင်းမျိုး ရှေ့နေက မပြုလုပ်သင့်ပါ။ ရှေ့နေက လွတ်မည်ထင်၍ အမှုသည်အား ကြိုတင်ကတိပေးမိသည်။ ကတိပေးပြီးမှ အမှုလမ်းကြောင်း ပြောင်းသွားသည်။ လွတ်မည်ဆိုသော တရားခံထောင်ကျသွားလေသည်။ ကတိပေးမိသောရှေ့နေ ဘာပြောမည်လဲ။

**ရာဇသတ်ကြီး**

ရာဇသတ်ကြီးအခန်း(၄)တွင် ကင်းလွတ်ရမြဲအချက်များ (General Exceptions) ဟု ဖော်ပြပြဋ္ဌာန်းထားသည်။ ဤအခန်း၊ ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်လျှင် ကင်းလွတ်ရမြဲဖြစ်နိုင်သည်။ ဤပြဋ္ဌာန်းချက်များသည် အထူးဥပဒေပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်သည်။

**တရားခံ၏ ပြုလုပ်မှု**

တရားခံ၏ပြုလုပ်မှုသည် ရာဇသတ်ကြီးပါ ကင်းလွတ်ရမြဲအချက်တစ်ခုခုတွင် အကျုံးဝင်ပါက ပြစ်မှုမမြောက်ပါ။ ထုချေခြင်းမပြုစေကာမူ ကင်းလွတ်ရမြဲအချက်တစ်ခုခုနှင့် အကျုံးဝင်နေလျှင် တရားရုံးက တရားခံအကျိုးအတွက် သက်သာခွင့်ပေးရမည်။

**တပ်မတော်သားမောင်ဖြူ**

တပ်မတော်သားမောင်ဖြူသည် ရန်းရင်းဆန်ခတ်ပြုသော လူစုလူဝေးကို ဥပဒေနှင့်ညီသော မိမိ၏အထက်အရာရှိ၏အမိန့်ဖြင့် သေနတ်နှင့် ပစ်ခတ်သည်။ ထိုသို့ ပစ်ခတ်ခြင်းသည် ပြစ်မှုကျူးလွန်ရာ မရောက်။

**တရားရုံးအမှုထမ်းမောင်ဖြူ**

တရားရုံးအမှုထမ်း မောင်ဖြူသည် မောင်မည်းကို ဖမ်းဆီးရန် တရားရုံးမှ အမိန့်ရရှိ၏။ ထိုက်သင့်သော စုံစမ်းမှုကို ပြုပြီးနောက် မောင်နီကို မောင်မည်းဟု ထင်မှတ်ယုံကြည်၍ ဖမ်းဆီးသည်။ ထိုသို့ ဖမ်းဆီးခြင်းသည် ပြစ်မှုကျူးလွန်ရာမရောက်။

[ရာဇသတ်ကြီးပုဒ်မ ၇၆ ]

**တရားသူကြီး၏ ပြုလုပ်မှု**

တရားစီရင်မှု ဆောင်ရွက်ရာ၌ တရားသူကြီးတစ်ဦးသည် ဥပဒေအရ မိမိရရှိသောအာဏာကို သို့မဟုတ် ဥပဒေအရ မိမိရရှိသည်ဟု သဘောရိုးနှင့်ယုံကြည်သည့် အာဏာကို သုံးစွဲဆောင်ရွက်လျှင် ထိုသို့ ဆောင်ရွက်ခြင်းသည် ပြစ်မှုမမြောက်။

**(ရာဇသတ်ကြီးပုဒ်မ ၇၇)**

**တရားရုံးစီရင်ချက်**

တရားရုံးစီရင်ချက်အရ သို့မဟုတ် အမိန့်အရ ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**(ရာဇသတ်ကြီးပုဒ်မ ၇၈)**



**နှုတ်မိန့်**

တရားသူကြီးက တရားမမှုတွင် တရားရှုံးအား ဖမ်းဆီးရန် ဘီလစ်ကို နှုတ်မိန့်ပေးသည်။ ဘီလစ်က ဆက်၍ ဆင့်စာလုလင်အား နှုတ်မိန့်ပေးသည်။ အမိန့်စာဖြင့်သာ ပေးရမည်ဟု စီရင်ထုံးက ဖော်ညွှန်းသည်။

**ဥပဒေအရ ပြုပိုင်သူ၏ ပြုလုပ်ခြင်း**

ရာဇသတ်ကြီးပုဒ်မ ၇၉ ဖြစ်သည်။ သဘောရိုးဖြစ်ဖို့လိုသည်။

**အိမ်သာတက်နေသော ကျောင်းဆရာကြီး**

အိမ်သာတက်နေသော ကျောင်းဆရာကြီးအား အလယ်တန်းကျောင်းသား မောင်ကျော်ဆွေက အိမ်သာထဲသို့ သဲဖြင့်ပက်သဖြင့် ဆရာကြီးအပေါ်ကျသည့်အတွက် ဆရာကြီးက ဝါးခြမ်းပြားနှင့် အချက်ပေါင်းများစွာရိုက်ရာ ဖူးရောင်ဒဏ်ရာရပြီး ဆေးရုံတက်ခဲ့ရမှုဖြစ်သည်။ ဆရာကြီး၏ လုပ်ဆောင်ချက်မှာ လုပ်သင့်လုပ်ထိုက်သည်ထက် ပို၍ (ဥပဒေကန့်သတ်ချက်ထက်ပို၍) ဒေါသကြီးသဖြင့်၊ ပြုလုပ်ကြောင်း ပေါ်လွင်သဖြင့် ပုဒ်မ ၃၂၃ မြောက်သည်။ ကင်းလွတ်ခွင့်မရနိုင်။

**ရာဇသတ်ကြီးပုဒ်မ ၈၀**

ဥပဒေနှင့်ညီသော ပြုလုပ်မှုကို ဥပဒေနှင့်ညီသော နည်းလမ်းအတိုင်း ဥပဒေနှင့်ညီသော အပြုအမူဖြင့် သတိကောင်းစွာထား၍ ပြုရာတွင် မတော်တဆ သို့မဟုတ် ကံဆိုး၍ပြုသည်လည်းဖြစ်၍ ရာဇဝတ်မကင်းသောအကြံ သို့မဟုတ် အသိဉာဏ်မရှိဘဲနှင့် ပြုသည်လည်းဖြစ်သော ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**ဥပမာ**

မောင်ဖြူသည် ပုဆိန်တစ်လက်ဖြင့် အလုပ်လုပ်နေရာ ပုဆိန်ခေါင်းကျွတ်ပြီးလျှင် အနီးတွင်ရပ်နေသော လူတစ်ယောက်ကို ထိမှန်၍ ထိုသူသေဆုံးလေ၏။ အကယ်၍ မောင်ဖြူသည်ထားသင့်သော သတိကင်းမဲ့ခြင်းမရှိဘဲ ပြုလုပ်ခဲ့လျှင်ခွင့်လွှတ်နိုင်သည်ဖြစ်၍ ပြစ်မှုမမြောက်။

**ရာဇသတ်ကြီးပုဒ်မ ၈၁**

ဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ဟု သိလျက်နှင့်ပြုစေကာမူ လူကိုယ်တိုင်သို့ဖြစ်စေ၊ ပစ္စည်းများသို့ဖြစ်စေ ကျရောက်မည့် အခြားဘေးအန္တရာယ်ကို တားဆီးရန်အလို့ငှာ သို့မဟုတ် လွှဲဖယ်ရန်အလို့ငှာ ရာဇဝတ်မကောင်းသောအကြံမရှိဘဲ သဘောရိုးဖြင့်ပြုခြင်းသည် ပြစ်မှုမမြောက်။

**ဥပမာ**

မီးအကြီးအကျယ်လောင်ရာတွင် မောင်ဖြူက လူ့အသက်အန္တရာယ်ကို သို့မဟုတ် ပစ္စည်းအန္တရာယ်ဖြစ်မည်ကို တားဆီးရန် အကြံဖြင့် မီးမကူးစက်စေရအောင် သဘောရိုးဖြင့် အိမ်များကို ဆွဲချဖျက်ဆီး၏။ ဤတွင် မောင်ဖြူတားဆီးမည့်ဘေးအန္တရာယ်သည် အပြစ်ကင်းစေထိုက်သည့် ဘေးအန္တရာယ်မျိုးသော်လည်းကောင်း၊ အပြစ်တင်ကင်းစေလောက်အောင် ဆိုက်ရောက်မည့်ဆဲဆဲ ဘေးအန္တရာယ်သော်လည်းကောင်း ထင်ရှားလျှင် မောင်ဖြူသည် ပြစ်မှုကျူးလွန်ရာမရောက်။

**အသက်ခုနစ်နှစ်အောက် ကလေး၏ပြုလုပ်မှု**

အသက်ခုနစ်နှစ်အောက် ကလေးပြုလုပ်သည့် ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

(ယခုအခါ အသက်ကန့်သတ်ချက်နှင့် စပ်လျဉ်း၍ ဥပဒေမူကြမ်းများပြင်ဆင်ရေးဆွဲနေဆဲ)

**စိတ်ပေါ့သွပ်သူ၏ပြုလုပ်မှု**

**(ရာဇသတ်ကြီးပုဒ်မ ၈၄)**

ဤပုဒ်မသည် အထူးဥပဒေများနှင့်လည်း သက်ဆိုင်သည့် တရားရုံးများလက်စွဲ၊ ရာဇဝတ်ကျင့်ထုံး၊ တရားစီရင်ထုံးများ ဆက်စပ်လေ့လာရန်ဖြစ်ပါသည်။

**ရာဇသတ်ကြီး ပုဒ်မ ၈၅**

မိမိမသိဘဲ သို့မဟုတ် မိမိအလိုမတူဘဲ သူတစ်ပါးက တိုက်ကျွေးခြင်းကြောင့် မူးယစ်သဖြင့်ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုသော်လည်းကောင်း၊ မတော်မမှန်သည်ကိုသော်လည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုသော်လည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**ရာဇသတ်ကြီးပုဒ်မ ၈၇**

ဤပုဒ်မမှာ သေစေရန်၊ အပြင်းအထန်နာကျင်စေမှုဖြစ်စေရန် အကြံမရှိဘဲ အပြုခံရသူ၏ သဘောတူညီချက်ဖြင့် ပြုလုပ်ခြင်းမှာ ပြစ်မှုမမြောက်။

**ဥပမာ**

သေသူပန်းဇုံက ဇင်းခါးပြီးကြောင်းပြောပြီး စမ်းသည့်အနေဖြင့် လက်မောင်းကိုဓားဖြင့် ခုတ်ခိုင်း၍ရွှေခင်က ဓားဖြင့်ခုတ်ရာ ပြတ်ပြီးသွေးလွန်သေဆုံးမှုတွင် တရားခံသည်ပန်းဇုံအား သေစေရန် မဆိုထားဘိ၊ ဒဏ်ရာရစေရန်လည်း ရည်ရွယ်ချက်မရှိ။ သေမည်ကိုလည်းမသိ။ သေသူ၏သဘောတူညီချက်ဖြင့် သေသူက ခုတ်ခိုင်း၍ ခုတ်ရသောကြောင့် ပုဒ်မ ၈၇ အရ ကင်းလွတ်ခွင့်ပေးသင့်သည်။

**အမှုသည်များရှင်းပြထား**

အမှုသည်များဖြစ်စေချင်သလို၊ သူတို့စိတ်တိုင်းကျ အပြစ်က ကင်းလွတ်စေချင်ပါသည်။ ဘယ်သူ့ဘယ်သူ့ကိုမှ ထောင်မကျစေချင်ပါ။ သို့သော်ငြား ဥပဒေပြဋ္ဌာန်းချက်ဘောင်အတွင်းကသာ တင်ပြလျှောက်လဲပြီး သက်သာခွင့်တောင်းရခြင်းဖြစ်သောကြောင့် ဤမှုသဘောကို နားလည်ကြရပါမည်။ တရားရုံး၏သဘော၊ တရားသူကြီးများ၏ကျင့်စဉ်၊ ရှေ့နေရှေ့ရပ်များ၏ဘဝ၊ အမှုသည်များ၏ ကဏ္ဍစသဖြင့် သူ့အပိုင်းနှင့်သူ၊ သူ့နေရာနှင့်သူ တည်ရှိပြီးသား မဟုတ်ပါလား။

**စေတနာ**

(၁) ရှေ့နေဘဝကြုံရသည်များကို လက်ဆင့်ကမ်းခြင်းဖြစ်ပါသည်။ မျှဝေခြင်းဖြစ်ပါသည်။

(၂) အဆိုးလည်းပါ၊ အကောင်းလည်းပါ၊ ကြုံရဆုံရသည်များ သင်ခန်းစာယူသင့်က ယူပါ။

(၃) ဥပဒေအတွေး တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ…။ ။

**"မောင်ဖြူသည် ပုဆိန်တစ်လက်ဖြင့် အလုပ်လုပ်နေရာ ပုဆိန်ခေါင်းကျွတ်ပြီးလျှင် အနီးတွင်ရပ်နေသော လူတစ်ယောက်ကို ထိမှန်၍ ထိုသူသေဆုံးလေ၏။ အကယ်၍ မောင်ဖြူသည်ထားသင့်သော သတိကင်းမဲ့ခြင်းမရှိဘဲ ပြုလုပ်ခဲ့လျှင် ခွင့်လွှတ်နိုင်သည်ဖြစ်၍ ပြစ်မှုမမြောက်"**

# ကျွန်တော်တို့ ဒီဓာတ်အားခ နှုန်းထားပြောင်းမယ်လို့ စဉ်းစားတဲ့အချိန်မှာ ဘယ်လိုပြောင်းသင့်သလဲဆိုတာကို အရင် Analysis လုပ်ရပါတယ်

**ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်**

## ဓာတ်အားခအပြောင်းအလဲနှင့် သူတို့ အမြင်စကားဝိုင်းကျင်းပ

**ဓာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင်စကားဝိုင်းတွင် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ Miss Universe Myanmar (2016) ထက်ထက်ထွန်းနှင့် ဦးကိုကို (စက်မှုတက္ကသိုလ်) တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

*ယမန်နေ့မှအဆက်*

**ဦးကိုကို (စက်မှုတက္ကသိုလ်)** ။ ။ **ဆရာကြီး ဒေါက်တာအောင်ထွန်းသက်အနေနဲ့ ဒီအပေါ်မှာ ထပ်ပြီးဆွေးနွေးပေးပါဦး။**

**ဒေါက်တာအောင်ထွန်းသက်**။ ။ ဈေးနှုန်းဆိုတာ ဝယ်လိုအားနဲ့ ရောင်းလိုအားကို အခြေခံပါတယ်။ အခုဖြစ်နေတာက နိုင်ငံအနေနဲ့က တိုးတက်လာတယ်။ တိုးတက်လာတာနဲ့အမျှ Demand for Electricity ကလည်း တက်လာတယ်။ အရင်တုန်းက မသုံးတဲ့သူတွေ ပိုသုံးလာတယ်။ အိမ်တွေ၊ တိုက်ခန်းတွေက များလာတယ်။ ဒီလို Demand တက်လာတဲ့အပေါ်မှာ အခြေခံပြီးတော့ Supply က လိုက်ရမှာဖြစ်ပါတယ်။ မလိုက်နိုင်တဲ့အခါ ဈေးနှုန်းမတည်ငြိမ်မှု ဖြစ်လာမယ်။ နိုင်ငံတော်အစိုးရ အဆက်ဆက်မှာ Demand နဲ့ Supply ကိစ္စကို subsidy နဲ့ စိုက်ထုတ်ပြီးဖြေရှင်းတာပါ။ ကိုယ့်နိုင်ငံတစ်ခုတည်း မဟုတ်ပါဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အားလုံးမှာ ကြည့်ရင် subsidy rate က ရှိကြတာပါပဲ။

အားလုံးကို စဉ်းစားစေချင်တာက ဈေးနှုန်းတက်တာတစ်ခုပဲ စဉ်းစားနေရင် ရေရှည်အတွက်က အခက်အခဲရှိနိုင်တယ်။ တစ်ခုက လျှပ်စစ်ပစ္စည်းက ပြည်သူပိုင်ပစ္စည်းလား သို့တည်းမဟုတ် စားသုံးသူတစ်ဦးချင်းနဲ့ ဆိုင်တဲ့ ပစ္စည်းလား၊ အရင်တုန်းက ယူဆနေတာက လျှပ်စစ်ဟာ ပြည်သူပိုင်ပစ္စည်းလို့ ယူဆပြီးတော့ နိုင်ငံတော်ကပဲ အမြဲစိုက်ထုတ်ပေးခဲ့တယ်။ နိုင်ငံရေးဝေဖန်မှုရှိမှာစိုးလို့ ဘယ်သူမှလည်း မလျှော့ရဲဘူး။ အခု subsidy ကို လျှော့တယ်ဆိုတာ အင်မတန်မှ သတ္တိရှိတဲ့ အစီအမံတစ်ခုပဲ။ စားသုံးသူဘက်ကိုတော့ သေချာရှင်းပြဖို့ လိုလိမ့်မယ်။ သေချာရှင်းပြရင်တော့ နားလည်လိမ့်မယ်လို့ထင်ပါတယ်။ ဘာကြောင့် ဒီလိုလုပ်ရတယ်၊ ဒီလိုလုပ်တဲ့အတွက် ဘာအကျိုးရှိတယ်၊ လူတိုင်းမှာ Self Interest ရှိပါတယ်။ ခုနက တိုးပေးရပေမယ့် မီးမပျက်ရင်တော်ပြီလို့ ဆွေးနွေးခဲ့တယ်။ တကယ်တမ်းတော့ တိုးတာမဟုတ်ပါဘူး။ subsidy ကို လျှော့လိုက်တာပါ။ ဒါတွေကို ပြည်သူတွေသိအောင် ရှင်းပြပေးဖို့ လိုပါတယ်။

### စားသုံးသူကလည်း တာဝန်သိသိ စားသုံးဖို့လို

နောက်တစ်ခုက ပြောရင် လက်ခံကြမယ် မထင်ဘူး။ Responsible Business ရှိသလို Responsible Consumption ပါ။ စားသုံးသူကလည်း တာဝန်သိသိ စားသုံးဖို့လိုပါတယ်။ တချို့အိမ်တွေမှာ လေအေးပေးစက်တွေ အခန်းတိုင်းရှိတယ်၊ ဖွင့်တာကလည်း ၂၄ နာရီ။ ရုံးမှာဆိုရင်လည်း ဒီလိုပါပဲ။ ဘာကြောင့်လဲ၊ subsidy ရှိနေတော့ သုံးလို့ရတယ်။ တကယ်တမ်းစဉ်းစားရင် ကိုယ့်ရဲ့စည်းကမ်းကို မြှင့်တင်ပေးတဲ့ သဘောလည်း ဖြစ်သည်။ ဒီလိုပြောရင်တော့ ဝေဖန်ကြမှာပါပဲ။ သက်သက်ကို မျက်စိမှိတ်ပြီး ထောက်ခံနေတယ်လို့ ပြောကြမှာပါ။ ဒါကထောက်ခံတာ မဟုတ်ပါဘူး။ တကယ်ဖြစ်နေတာပါ။

အခုလို ပြောကြတဲ့အခါ လုံးဝမီးမရတဲ့သူတွေရဲ့ အသံမကြားရဘူး။ ကန့်ကွက်မယ်လို့ ပြောနေကြတဲ့သူတွေက အိမ်မှာ မီးထိန်ထိန်လင်းပြီး အပြည့်အဝသုံးနေတဲ့ သူတွေက ကန့်ကွက်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ subsidy လျော့သွားတာကိုး။ ဒါတွေအတွက် နားလည်အောင် ရှင်းပြရင်တော့ လက်မခံနိုင်ရင်တောင် နားလည်မှုတော့ ရှိလာမယ်လို့ ထင်ပါတယ်။ ဒီနေ့ပွဲကလည်း လက်ခံအောင်လုပ်တဲ့ ပွဲမဟုတ်ဘဲ နားလည်မှုရှိလာအောင် လုပ်တဲ့ပွဲလို့ပဲ ယူဆပါတယ်။

**ဦးကိုကို (စက်မှုတက္ကသိုလ်)** ။ ။ **ဒုတိယဝန်ကြီး ရှင်းလင်းပြောကြားပြီးတဲ့နောက် ဆရာမက ပြန်ပြီးဆွေးနွေးချင်တာ ရှိနေတဲ့ အနေအထားမှာ။ ဆရာမအနေနဲ့ ဆွေးနွေးပေးပါဦး။**



**ဒေါ်ခိုင်ခိုင်နွယ်** ။ ။ ဒုတိယဝန်ကြီး ဆွေးနွေးပြောပြသွားတာကို လက်ခံပါတယ်။ နိုင်ငံတော်က စိုက်ထုတ်တဲ့ ပမာဏတစ်ခုကို လျှော့ချလိုက်တာပါ။ အကျိုးသင့် အကြောင်းသင့် ရှင်းပြရင် အကုန်လုံးက လက်ခံပါလိမ့်မယ်။ ဒါကြောင့်လည်း ကျွန်မ ခုနက ဆွေးနွေးတုန်းက တက်ပါ၊ မပျက်ပါနဲ့လို့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ သုံးစွဲသူ ဘက်ကကျတော့ စရိတ်ဖြစ်သွားတယ်။ ဒါပေမယ့် တက်လည်း တက်မယ်၊ မီးလည်း ပျက်မယ်ဆိုရင် ဒီဇယ်သုံးရတဲ့နှုန်းက အများကြီး တက်လာမယ်။ ကျွန်မတို့ လုပ်ငန်းရှင်တွေဘက်က ခုနက ခန့်မှန်းသလို ၃၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်း အများကြီးတက်သွားတယ်။

### တခြားစရိတ်တွေ မတက်အောင် ဘယ်လိုများလုပ်ပေးမလဲ

နောက်တစ်ခုက စက်ပိုင်းဆိုင်ရာ အသုံးပြုမှုတွေ များလာတယ်။ ကွန်ပျူတာ အသုံးပြုမှု များပြားလာတယ်။ ဒါကြောင့် Voltage Stability လည်း ထိန်းပေးဖို့ ပြောချင်ပါတယ်။ နိုင်ငံတော်ဘက်က စိုက်ထုတ်ထားတာ များနေတော့ တက်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ဆီက ကုန်ကျစရိတ်ကို ဘယ်လိုလျှော့ပေးမလဲ။ Voltage Stability မဖြစ်ရင် ကျွန်မတို့ အသုံးပြုတဲ့စက်တွေက Computerize Machine တွေဖြစ်တဲ့အတွက် ခဏခဏပျက်တယ်။ အမှန်အတိုင်းပြောရရင် အသစ်ပေါ်လာတဲ့ စက်တွေအတွက် နည်းပညာကျွမ်းကျင်သူက အလုံအလောက်မရှိဘူး။ မရှိတော့ ပစ္စည်းကို နိုင်ငံခြားမှာယူရတယ်။ ကုန်ကျစရိတ်ရှိသွားတယ်။ တစ်ခါတလေမှာ ပြည်ပက နည်းပညာကျွမ်းကျင်သူကို ခေါ်ရတဲ့အခါ ထုတ်လုပ်မှုလည်း နှောင့်နှေးတယ်။ အချိန်လည်း ပိုကြာသွားပြီး စရိတ်ပိုတက်ပါတယ်။ ဒါကြောင့် နိုင်ငံတော် စိုက်ထုတ်ထားတာရှိတော့ ဒီဘက်ကတက်တာက တက်ပါ။ ဒါပေမယ့် တခြားစရိတ်တွေ မတက်အောင် ဘယ်လိုများလုပ်ပေးမလဲ။ ဒီဇယ်မသုံးရအောင် ပိုထိန်းပေးထားနိုင်ရင် ဝမ်းပန်းတသာ ဖြစ်မှာပါ။

ကျွန်မတို့ အထည်လုပ်ငန်းဆိုတာ လူအင်အား အများကြီးသုံးရတယ်။ ကျွန်မတို့ဆီက စက်တစ်လုံးကို မြင်းကောင်ရေ ၁ မတ်လောက် သုံးပါတယ်။ ဒါက ရိုးရိုးစက်ပါ။ ဒါထက်ပိုသုံးတဲ့ စက်တွေလည်း ရှိပါတယ်။ တခြားလျှပ်စစ်ဓာတ်အား အများကြီး သုံးရတဲ့ လုပ်ငန်းတွေမှာ သူတို့ရဲ့ကုန်ကျစရိတ်ကို ထုတ်ကုန်အပေါ်မှာပဲ တင်ရတော့မှာပါ။ ဒီလိုတင်ရင် စားသုံးသူအတွက် စိတ်ပူမိပါတယ်။

**ဦးကိုကို (စက်မှုတက္ကသိုလ်)** ။ ။ **လျှပ်စစ်ဓာတ်အားခ တိုးမြှင့်တဲ့အခါမှာ နှုန်းထားအမျိုးမျိုးရှိပါတယ်။ ဘာကြောင့် နှုန်းထားအမျိုးမျိုး သတ်မှတ်တယ်ဆိုတာ ဒုတိယဝန်ကြီးအနေနဲ့ ပြောပြပေးပါခင်ဗျ။ ပြီးတော့ ဒုတိယဝန်ကြီးကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပါရစေ။ လျှပ်စစ်ဓာတ်အားခနဲ့ ပတ်သက်ပြီး တွက်ချက်ရာမှာ ဝန်ကြီးဌာနကနေ မှားယွင်းတွက်ချက်တာမျိုးတွေလည်း ရှိခဲ့ဖူးပါတယ်။ ဒီတော့ နှုန်းထားတွေများတဲ့အခါ မီတာခတွေ မှားယွင်းဖတ်မိသွားမလားဆိုပြီး စိတ်ပူတာမျိုးတွေလည်း ရှိပါတယ်။ ဒီအပေါ်မှာ ဒုတိယဝန်ကြီးအနေနဲ့ ဆွေးနွေးပေးပါဦးခင်ဗျ။**

**ဒုတိယဝန်ကြီး** ။ ။ ကျွန်တော်တို့ ဒီဓာတ်အားခ နှုန်းထားပြောင်းမယ်လို့ စဉ်းစားတဲ့အချိန်မှာ ဘယ်လိုပြောင်းသင့်သလဲဆိုတာကို အရင် Analysis လုပ်ရပါတယ်။ တစ်နိုင်ငံလုံးမှာ မီတာတစ်လုံးချင်းစီက တစ်လချင်းစီမှာ ဓာတ်အားယူနစ်ဘယ်လောက် သုံးသလဲဆိုတာတွေကို Data Base တွေ ဆောက်သွားပါတယ်။ ဒီလိုဆောက်ပြီးတော့မှ အခြေခံလူတန်းစား ဦးရေက ဘယ်လောက်များနေသလဲ။ လျှပ်စစ် ဘယ်လောက်သုံးသလဲ။ ဒါတွေကို အရင်လေ့လာရပါတယ်။ ဒီအပေါ်မှာ အခြေခံပြီး နောက်ဆုံးထွက်လာတဲ့ တစ်လ ယူနစ် ၃၀ အောက်သုံးတဲ့သူအုပ်စုကို ပထမအုပ်စုအဖြစ် ခွဲခြားခဲ့ပါတယ်။ အဲဒီပထမ အုပ်စုထဲမှာပါတဲ့ မီတာသုံးစွဲတဲ့သူ ဦးရေ ပမာဏဟာ တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ ဦးရေရဲ့ ၂၅ ရာခိုင်နှုန်း ရှိပါတယ်။ အိမ်ထောင်စုဦးရေက ၁ သန်းလောက်ရှိပါတယ်။ နိုင်ငံမှာ လျှပ်စစ်မီး ရနေတာက ၄ သန်းကျော်ရှိပါတယ်။ ၁ သန်းခန့်က ယူနစ် ၃၀ အောက်ပဲသုံးပါတယ်။

**ဦးကိုကို (စက်မှုတက္ကသိုလ်)** ။ ။ **၂၅ ရာခိုင်နှုန်းက ယူနစ် ၃၀ သုံးတယ်ဆိုတော့ တော်တော်နည်းပါတယ်။ ဒုတိယဝန်ကြီးတို့အနေနဲ့ ဒီစာရင်းတွေကို ဘယ်လို ကောက်ခဲ့တာလဲ။ လျှပ်စစ် ၂၄ နာရီရတဲ့ မြို့တွေရှိသလို နေ့တစ်ဝက်လောက်ရတဲ့ မြို့တွေရှိတယ်၊ အချိန်ပိုင်းရတာတွေရှိတယ်၊ အချိန်ပိုင်းရတဲ့ သူတွေများနေသလား၊ အချိန်ပိုင်းရတဲ့ သူတွေအနေနဲ့ ရတဲ့အချိန်ကနည်းတဲ့အတွက် သုံးစွဲမှုကလည်း နည်းသွားမယ်၊ အဲဒါကို သိချင်ပါတယ်။ ၂၅ ရာခိုင်နှုန်းက ယူနစ် ၃၀ ဖြစ်နေတယ်ဆိုတော့ ဘယ်လိုကောက်တာလဲဆိုတာ သိချင်ပါတယ်။**

**ဒုတိယဝန်ကြီး** ။ ။ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်တွေမှာ ကျွန်တော်တို့က အချိန်ပြည့် တစ်နှစ်ပတ်လုံး ၂၄ နာရီ လျှပ်စစ်ဓာတ်အားပေးထားတဲ့ ရေိယာတွေကိုပဲ ကောက်ပါတယ်။ တစ်နည်းအားဖြင့် ဒီဇယ်မီးစက်တွေနဲ့ တစ်နေ့ကို နာရီပိုင်းပဲ မီးပေးတဲ့ အိမ်ထောင်စုတွေကို မကောက်ပါဘူး။ အဲဒီလိုပဲ ၂၄ နာရီ ဓာတ်အားပေးထားပေမယ့် လတိုင်း လတိုင်းမှာ ဘယ်လောက်ပဲ သုံးစွဲမှုရှိတယ် ဆိုတာကို အခြေပြုလိုက်တာဖြစ်ပါတယ်။ ဒါကြောင့် ယူနစ် ၃၀ အောက်သုံးတဲ့ မီးပေးထားတဲ့ အိမ်ထောင်စု စုစုပေါင်း ၄ သန်းကျော်ထဲမှာ ၁ သန်းကျော်ဟာ ယူနစ် ၃၀ အောက်ပဲသုံးပါတယ်။ ကျွန်တော်တို့ အပြောင်းအလဲလုပ်မယ်ဆိုရင် သူတို့ကို မူလနှုန်းထားဖြစ်တဲ့ ၃၅ ကျပ်နှုန်းနဲ့ ဆက်ရောင်းမယ်ဆိုတဲ့အတွက် လက်ရှိ မီးရပြီးသူရဲ့ ၂၅ ရာခိုင်နှုန်းဟာ နှုန်းထားအပြောင်းအလဲဖြစ်တဲ့ အစီအစဉ်မှာ သူတို့အတွက် ဘာမှထိခိုက်မှုမရှိအောင် ဦးစားပေးစဉ်းစားခဲ့ပါတယ်။

### ဘယ်နေရာတွေမှာ နေထိုင်ကြသလဲဆိုတာ လေ့လာကြ

အဲဒီလို လေ့လာတဲ့အခါမှာ တစ်နိုင်ငံလုံးစာရင်းကောက်တယ်ဆိုသည့်တိုင်၊ ယူနစ် ၃၀ အောက်စာရင်းတွေ ပေါ်လာတဲ့အချိန်မှာ ဘယ်မြို့နယ်၊ ဘယ်နေရာတွေမှာ နေထိုင်ကြသလဲဆိုတာ လေ့လာကြပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ နေထိုင်ကြတဲ့ လှိုင်သာယာ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ လှည်းကူး ရန်ကုန်တိုင်းဒေသကြီးထဲမှာရှိတဲ့ မြို့နယ်အသီးသီးမှာလည်း ဒီပမာဏကို သုံးစွဲတဲ့ အိမ်ထောင်စုတွေအများကြီး ရှိတယ်ဆိုတာ တွေ့ရှိခဲ့ရပါတယ်။

*စာမျက်နှာ ၂၁ သို့*

**“ကျွန်တော်တို့ လွန်ခဲ့တဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်တွေမှာ ကျွန်တော်တို့က အချိန်ပြည့် တစ်နှစ်ပတ်လုံး ၂၄ နာရီ လျှပ်စစ်ဓာတ်အားပေးထားတဲ့ ရေိယာတွေကိုပဲ ကောက်ပါတယ်။ တစ်နည်းအားဖြင့် ဒီဇယ်မီးစက်တွေနဲ့ တစ်နေ့ကို နာရီပိုင်းပဲ မီးပေးတဲ့ အိမ်ထောင်စုတွေကို မကောက်ပါဘူး။ အဲဒီလိုပဲ ၂၄ နာရီ ဓာတ်အားပေးထားပေမယ့် လတိုင်း လတိုင်းမှာ ဘယ်လောက်ပဲ သုံးစွဲမှုရှိတယ် ဆိုတာကို အခြေပြုလိုက်တာဖြစ်ပါတယ်။ ဒါကြောင့် ယူနစ် ၃၀ အောက်သုံးတဲ့ မီးပေးထားတဲ့ အိမ်ထောင်စု စုစုပေါင်း ၄ သန်းကျော်ထဲမှာ ၁ သန်းကျော်ဟာ ယူနစ် ၃၀ အောက်ပဲသုံးပါတယ်။ ကျွန်တော်တို့ အပြောင်းအလဲလုပ်မယ်ဆိုရင် သူတို့ကို မူလနှုန်းထားဖြစ်တဲ့ ၃၅ ကျပ်နှုန်းနဲ့ ဆက်ရောင်းမယ်ဆိုတဲ့အတွက် လက်ရှိ မီးရပြီးသူရဲ့ ၂၅ ရာခိုင်နှုန်းဟာ နှုန်းထားအပြောင်းအလဲဖြစ်တဲ့ အစီအစဉ်မှာ သူတို့အတွက် ဘာမှထိခိုက်မှုမရှိအောင် ဦးစားပေးစဉ်းစားခဲ့ပါတယ်”**

# မြို့နယ်များ၌ သဘာဝဘေးဖြစ်စဉ်များကြောင့် စာသင်ကျောင်းများ ပိတ်ထားရပြီး နေအိမ်အဆောက်အအုံများပျက်စီး

### ကျောက်တံခါး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၄ ကျောင်းကို ဇူလိုင် ၉ ရက်မှ စတင်ကာ ခေတ္တယာယီပိတ်ထားခဲ့ရပြီး တံတားသုံးစင်းမှာလည်း ပျက်စီးခဲ့သည်။

ကျောက်တံခါးမြို့နယ်အတွင်းရှိ တောကျွဲအင်း၊ ပဲနွယ်ကုန်း၊ ကျောက်တံခါး၊ ဖဒို၊ မြို့ချောင်းဒေသများရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ ဇူလိုင် ၇ ရက်မှစတင်ကာ မိုးရေများဝင်ရောက်ခဲ့၍ ကုန်းနိမ့်ပိုင်းလယ်မြေများ ရေနစ်မြုပ်နေပြီး လမ်းမများပေါ်သို့ ရေများကျော်နေကြောင်း၊ ဌာနဆိုင်ရာရုံးအဆောက်အအုံနှင့် စာသင်ကျောင်းများ၌လည်း ရေများဝင်နေခြင်းကြောင့် အခြေခံပညာကျောင်းပေါင်း ၁၄ ကျောင်းကိုလည်း ခေတ္တပိတ်ထားရသည်။

တောင်ကျရေကြောင့် ဖဒိုဒေသဝိုင်းကြီး ကျေးရွာအုပ်စုရှိ ရဲနွယ်ချောင်းကူး အုတ်ဖိုသစ်သား တံတားတစ်စင်းမှာ ရေထဲမျောပါခဲ့ပြီး ဆီဆုံကုန်းကျေးရွာအုပ်စု အောက်ဘုန်းမဲဇာရွာလယ်တံတားတစ်စင်းနှင့် ပဲနွယ်ကုန်းမြို့နှင့် ဇရပ်ခင်ရွာသို့ ဆက်သွယ်ထားသော ကျေးလက်တံတားတစ်စင်းတို့မှာ ရေတိုက်စား ပျက်စီးခဲ့သည်။

ရေကြီးမှုကြောင့် ရပ်ကွက်၊ ကျေးရွာများ၌စေတနာရှင်ပြည်သူများ၊ ပရဟိတအဖွဲ့များ စုပေါင်းကာထမင်းထုပ်များ လှူဒါန်းခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးစာရင်းများ ကောက်ယူလျက်ရှိကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

### ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အရှေ့လေးအိမ်ကျေးရွာအုပ်စု မြင်းခြံစုကျေးရွာနှင့် နန်းတော်ကျွန်းကျေးရွာအုပ်စု ထူးကျေးရွာတို့တွင် ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ဧရာဝတီမြစ်ကမ်းပါးပြိုကျလာမှုကြောင့် လူနေအိမ် ၂၃ လုံး ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းခဲ့ရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။



ကျောက်တံခါးမြို့နယ်၌ ရေဝင်မှုကြောင့်ပိတ်ထားရသည့် စာသင်ကျောင်းတစ်ကျောင်းကို တွေ့ရစဉ်။

ယနေ့ နံနက်ပိုင်းက ဧရာဝတီမြစ်ကမ်းပါးပြိုကျလာမှုကြောင့် မြင်းခြံစုကျေးရွာတွင်လူနေအိမ် ၁၉လုံး၊ ထူးကျေးရွာတွင် လူနေအိမ် လေးလုံး စုစုပေါင်းရွှေ့ပြောင်းရသည့် လူနေအိမ် ၂၃ လုံးအား ဒေသခံကျေးရွာနေပြည်သူများနှင့် ကျေးရွာရှိ လူမှုကူညီရေး အသင်းဝင်များကဝိုင်းဝန်း ပူးပေါင်း၍ ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေ့ပြောင်းရသည့် လူနေအိမ် ၂၃ လုံးမှ အိမ်ထောင်စုဝင်များကို နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ယာယီတည်းခိုနေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားသည်။ အဆိုပါ ကျေးရွာများသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည့် ကျေးရွာများဖြစ်သည့်အတွက် ယခုကဲ့သို့ မြစ်ကမ်းပါးပြိုကျမှုဒဏ်ကို နှစ်စဉ်ကြုံတွေ့နေရကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### မအူပင်

မအူပင်ခရိုင် မအူပင်မြို့နယ်အတွင်း ဇူလိုင် ၈ ရက်ညနေပိုင်းက လေပြင်းတိုက်ခတ်သဖြင့်ပေကုန်းကျေးရွာ၊ စစ်ချောင်း ကျေးရွာ၊ နတ်စဉ်ကျေးရွာအုပ်စုများတွင် နေအိမ် ၄၄ လုံးပြိုကျပျက်စီးပြီး ၄၆ လုံး အမိုးလန်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၉၀ တွင် နေထိုင်ကြသည့် လူဦးရေ ၃၇၀ အား ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ စီစဉ်မှုဖြင့် ဘုန်းတော်ကြီးကျောင်းများ၊ နီးစပ်ရာဆွေမျိုးများ၏နေအိမ်များတွင် ခေတ္တနေထိုင်ကြပြီး လူ၊ တိရစ္ဆာန်သေဆုံးမှု မရှိကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)**

### ဆင်ပေါင်ဝဲ

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ထောက်မကျေးရွာတွင် ဇူလိုင် ၈ ရက် ည ၁၁ နာရီက မိုးရွာသွန်းမှုကြောင့် တံတားနှင့်လူနေအိမ်များ ပျက်စီးခဲ့ကြောင့် သိရသည်။

မိုးရွာသွန်းမှုကြောင့် ထောက်မကျေးရွာအုပ်စု ထောက်မကျေးရွာဘေးရှိ သံကူကွန်ကရစ်တံတားတစ်စင်း၊ ကျောင်းဆရာဆရာမများနေထိုင်သည့် နေအိမ်နှစ်လုံးနှင့် ထောက်မကျေးရွာအုပ်စု ဂွေးချိုကျေးရွာတွင် နေအိမ်တစ်လုံးတို့သည် ချောင်းရေမျောပါခြင်းနှင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါပျက်စီးနေအိမ်နှင့်မိသားစုဝင်များအား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ရပ်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေခြည်(ဆင်ပေါင်ဝဲ)**

### ခန္တီး

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ တိုင်းထွာချက်အရ ၈၄၄ စင်တီမီတာသို့ ရောက်ရှိနေပြီး မိုးဆက်လက်ရွာသွန်းပါက ခန္တီးမြို့၏ ချင်းတွင်းမြစ်ရေသည် စိုးရိမ်အမှတ် ၁၃၆၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း သိရသည်။

“မြစ်ရေတက်လာတာမြန်တယ်။ ဒီဒေသမှာတော့ မိုးတွင်းဆိုရင် နှစ်တိုင်းလိုလို ရေကြီးရေလျှံမှုဖြစ်နေတော့ ဒေသခံပြည်သူတွေကလည်း ရေဘေးကြိုတင်ပြင်ဆင်နေပါတယ်။ ခန္တီးမြို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသုတစိုးနှင့် ဌာနဆိုင်ရာများက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ဇာတ်တိုက်လေ့ကျင့်အသိပေးထားပါတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

မိုးဆက်လက်ရွာသွန်းနေမှုကြောင့် မြေနိမ့်ပိုင်းရှိ အိမ်ထောင်စုများတွင် တောင်ကျရေများ ဝင်ရောက်လျက်ရှိရာ ဒေသခံပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ ရေဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့လျက်ရှိကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

### ရေစကြို

ရေစကြိုမြို့နယ် ညောင်စောက်ကျေးရွာအုပ်စု ပေါက်တောကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုနေသဖြင့် ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ကြိုတင်ကာကွယ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်စောက်ကျေးရွာအုပ်စု ပေါက်တောကျေးရွာတွင် ကမ်းပါးပြိုနေမှုကို ရေစကြိုမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးညီညီအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ရေစကြိုမြို့နယ် ရဲတပ်ဖွဲ့မှ နယ်ထိန်း ပြည့်ဖြိုးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်ခိုင်နှင့် ကြက်ခြေနီတပ်ဖွဲ့များက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟန်ညွန့်နှင့် ကျေးရွာနေပြည်သူများနှင့်အတူ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နွယ်နွယ်အောင်**

## တာတမံထိန်းသိမ်းစောင့်ရှောက်ရန် နည်းလမ်းများ လက်တွေ့သရုပ်ပြ

**တိုက်ကြီး ဇူလိုင် ၉**

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ မိုးရာသီကာလ မြစ်ရေကြီးမှု ဖြစ်ပေါ်လာပါက တာတမံထိန်းသိမ်းစောင့်ရှောက်ရန်



တာတမံထိန်းသိမ်းစောင့်ရှောက်ရေးနည်းလမ်းများ လက်တွေ့သရုပ်ပြစဉ်။

ရေဘေးအန္တရာယ် ကာကွယ်ရေးလက်တွေ့သရုပ်ပြပွဲကို ဇူလိုင်လ ပထမပတ်က ဧရာဝတီအရှေ့ဘက်ကမ်းတာ (အဖျောက်တာ) တာမိုင် (၄၆/၅) အနီး၌ ပြုလုပ်သည်။

သရုပ်ပြပွဲတွင် တိုက်ကြီးမြို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်း၊ မြို့အုပ်ချုပ်ရေးမှူး ဦးချမ်းမင်းစိုးတို့က တာတမံထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးနှင့် ရေဘေးကာကွယ်ရေး လုပ်ငန်းများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုက်ကြီးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မျိုးထွန်းက မြစ်ရေကြီးချိန်တွင် သတိပြုရမည့် တာပေါ်ရေကျော်ခြင်း၊ ရေပေါက်ပေါက်ခြင်း၊ တာအိခြင်း၊ ထူးပေါက်မှုများနှင့် သဲဗွက်ထခြင်းများ ဖြစ်ပေါ်လာပါက ကာကွယ်ရန်နည်းလမ်းများကို ဒေသခံပြည်သူများ နားလည်စေရန် သရုပ်ပြရှင်းလင်းခဲ့ပြီး ရေဘေးအန္တရာယ်ကာကွယ်ရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်မွေး**

## လှိုင်ကော်မြို့နယ်မှ ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ငွေပေးအပ်

**လှိုင်ကော် ဇူလိုင် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်အရ နိုင်ငံတစ်ဝန်းလုံးရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ကယားပြည်နယ် လှိုင်ကော်မြို့နယ်အတွင်းမှ အဘိုး ၉၈ ဦးနှင့် အဘွား ၁၈၃ ဦးကို ထောက်ပံ့ ငွေကျပ် ၃၀၀၀၀ ကို မြို့နယ် OSS ရုံး၌ ယမန်နေ့က ပေးအပ်ခဲ့သည်။

**လှိုင်ကော်သား**

## မိုးစပါးမျိုးစေ့ထုတ် စံပြကွက်များအတွက် မျိုးစေ့များထောက်ပံ့ပေးအပ်

**ကျွန်းလှ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းမှ မိုးစပါး မျိုးစေ့ထုတ်စံပြကွက်စိုက်ပျိုးသည့် တောင်သူများအတွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်း၌ ကျင်းပရာ မိုးစပါးစံပြကွက် ၁၀ ဧက စိုက်ပျိုးထားသည့် တောင်သူ ခြောက်ဦးကို မျိုးသန့်မျိုးပွားစေ့အဆင့် ရောမင်း စပါးမျိုး ၁၀ အိတ်ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

**မျိုးဝင်းညို(ကျွန်းလှ)**

*စာမျက်နှာ ၂၀ မှ*

ဒါ့ကြောင့် ကျွန်တော်တို့က တစ်နိုင်ငံလုံးကို ခြုံပြီး မျှမျှတတစဉ်းစားခဲ့တာဖြစ်ပါတယ်။ ဆရာခုနက မေးသလို ဘာလို့ အလွှာတွေများသွားသလဲဆိုရင် အခြေခံဝင်ငွေ အားနည်းတဲ့ မိသားစုတွေ မထိခိုက်အောင် မူလ ၃၅ ကျပ်အတိုင်း ဆက်ပြီးထားတဲ့အခါမှာ မူလက subsidy ပမာဏဟာ ဆက်လက်ကြီးမားနေမှာ ဖြစ်ပါတယ်။ subsidy တွေလျော့ဖို့ဆိုရင် တချို့သုံးစွဲသူတွေကိုတော့ ဓာတ်အားခ အနည်းငယ်ပြောင်းလဲဖို့ လိုအပ်ပါတယ်။ အနည်းငယ်ပြောင်းလဲဖို့ စဉ်းစားတဲ့အခါ ချက်ချင်းနှုန်းထား တစ်ခုကို ၃၅ ကျပ်ကနေ ၈၀၊ ၉၀၊ ၁၀၀ ကို ဆွဲမြှင့်လိုက်ရင် ချက်ချင်းကွာဟမှုအကြီးကြီးပေါ်သွားပါမယ်။

ဒါကြောင့် နောက်ထပ် ဒုတိယအုပ်စုအဖြစ် ယူနစ် ၅၀ အောက်သုံးတဲ့ သုံးစွဲသူအုပ်စုကို ထပ်ပြီးခွဲချလိုက်တဲ့အခါမှာ အဲဒီအုပ်စုက အိမ်ထောင်စုပေါင်း ၃ ဒသမ ၆ သိန်းလောက်ရှိပါတယ်။ မီးရရှိပြီးသူရဲ့ ၉ ရာခိုင်နှုန်းလောက်က အဲဒီ Range ထဲမှာဆက်လက်ရှိပါတယ်။ အဲဒီပြည်သူတွေအတွက်ကို ကျွန်တော်တို့က အရင် ၃၅ ကျပ်ကနေ ယခု ၅၀ ပြောင်းလဲတဲ့အတွက်ကြောင့် တစ်ယူနစ်မှာ ၁၅ ကျပ်လောက် တိုးသွားပါတယ်။ ယူနစ် ၂၀ အတွက် အဲဒီ မိသားစုက တစ်လမှာ ငွေ ၃၀၀ ကျပ်တိုးပြီးဆောင်ရမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။

၅၁ ယူနစ်ကနေ ၇၅ ယူနစ်ကြားကို သုံးတဲ့ အိမ်ထောင်စုပေါင်းက ၄ ဒသမ ၄ သိန်းရှိတယ်ဆိုတာ ကောက်ခံတွေ့ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဓာတ်အားခနှုန်းထား ပြောင်းလိုက်တဲ့ အချိန်မှာ တစ်လတစ်လ သူတို့ရဲ့ထပ်ပြီး ကုန်ကျစရိတ်က ၁၁၇၅ ကျပ် ပိုလာမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ ၇၆ ယူနစ်ကနေ ၁၀၀ ယူနစ်အကြား စားသုံးသူဦးရေကိုတွက်တဲ့အခါ ၄ သိန်းခန့်ရှိပါတယ်။ အဲဒါကလည်း ၁၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ အဲဒီလိုတွက်ချက်တဲ့အတွက် အလွှာတွေများသွားပါတယ်။

အိမ်ထောင်စုတွေမှာ လျှပ်စစ်ပစ္စည်းတွေ တော်တော်ကိုပြည့်စုံတဲ့ မိသားစုတွေသုံးတဲ့ ပမာဏကို လေ့လာလိုက်တဲ့အခါ သူတို့က လျှပ်စစ်ပစ္စည်းတွေလည်း များတယ်၊ လျှပ်စစ်လည်းအသုံးများတယ်၊ လျှပ်စစ်ပစ္စည်းတွေ များများစားစားသုံးနိုင်တဲ့ စွမ်းရည်လည်းရှိတယ်။ သူတို့တွေရဲ့လျှပ်စစ်ဓာတ်အားခ နှုန်းထားကိုတော့ ပိုပြီးမြှင့်ခဲ့ရပါတယ်။

ဒီလိုနှုန်းတွေ အများကြီးဆောင်ရွက်လိုက်တဲ့အတွက် လျှပ်စစ်ဓာတ်အားခတွက်တဲ့အခါ မခက်ဘူးလားဆိုတာကိုလည်း ကျွန်တော်တို့ စဉ်းစားခဲ့ရပါတယ်။ စဉ်းစားတဲ့အခါမှာ ဘာလုပ်လဲဆိုရင် Computer Program တွေ ရေးရပါတယ်။ မီတာခ တွက်တဲ့အခါ တစ်လ ယူနစ် ၃၀ ဆိုရင် ဘယ်လောက်ကျမလဲဆိုတာ တွက်ချက်တဲ့ ကွန်ပျူတာ ဆော့ဝဲရေးပါတယ်။ ဒါတွေကို ရုံးတွေအားလုံးဖြန့်ပေးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကွန်ပျူတာနဲ့ ငွေကောက်ခံနိုင်တဲ့ စနစ်မရှိတဲ့ ကျေးလက်က ရုံးတွေအတွက်ကိုလည်း အသင့်သုံး ဇယားလေးတွေ တည်ဆောက်လိုက်ပါတယ်။

ဆိုလိုချင်တာက အိမ်တစ်အိမ်မှာ သူတို့သုံးတဲ့ယူနစ်က ယူနစ် ၆၀ ကိုကြည့်လိုက်ရင် တစ်ဖက်မှာ ကောက်ခံရမယ့် ယူနစ်ဘယ်လောက်လဲကြည့်ပြီး တစ်ဖက်မှာ ငွေပမာဏ ဘယ်လောက်ကျသင့်တယ်ဆိုတဲ့ လော်ဂရစ်သမ်လို ဇယားပုံစံမျိုး ဆောင်ရွက်ခဲ့ပါတယ်။ ယူနစ် ဘယ်လောက်လဲ၊ ကျသင့်ငွေ ဘယ်လောက်လဲဆိုတာကို ငွေကောက်ရမယ့် စာရေးတွေ ဝန်ထုပ်ဝန်ပိုးမဖြစ်ရလေအောင် ဆောင်ရွက်တဲ့နည်းတစ်နည်းဖြစ်ပါတယ်။

နောက်တစ်နည်းက အသင့်သုံးနိုင်တဲ့၊ အင်မတန်လွယ်တဲ့ Formula ကို ဂဏန်းတွက်စက်နဲ့ တွက်လို့ရအောင် ဖန်တီးပေးထားပါတယ်။ ဒါတွေကို အများပြည်သူသိဖို့အတွက် ရုံးတွေမှာ ချိတ်ထားပေးမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဝန်ထမ်းတွေမှာလည်း အခက်အခဲမရှိရလေအောင်၊ တွက်ချက်မှုတွေလည်း မမှားအောင်၊ ပြည်သူတွေဘက်မှာလည်း နစ်နာမှုတွေမရှိအောင် ဒါတွေကိုတော့ ကြိုတင်စဉ်းစား ဆောင်ရွက်ထားပါတယ်။

**ရှင်မင်း**

*(ဆက်လက်ဖော်ပြပါမည်)*

**စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် ၂၀၁၉-၂၀၂၀ ဗုဒ္ဓဂယာ စရိတ်ငြိမ်း ခရီးစဉ်များ (စရံငွေချေဦးရာလုစနစ်)**

၈ ရက် - ဒေါ်လာ ၆၂၅
၁၀ ရက် - ဒေါ်လာ ၆၇၅
၁၂ ရက် - ဒေါ်လာ ၇၂၅
၁၅ ရက် - ဒေါ်လာ ၇၇၅
၁၅ ရက် (ကိုလ်ကတ္တားပါ) - ဒေါ်လာ ၈၂၅
စရံ (၂) + သိန်း

ယခင်နှစ်အတိုင်း ဈေးနှုန်းမတက်ဘဲ မြတ်စွာဘုရား၏ ခြေတော်များ ကိန်းဝပ်တော်မူရာ ရာမဂါမ (ခ) ရာမဂါမ်စေတီ ကုန်းတော်ရာ နှင့် ရောဟိဏီမြစ် စသည့်ဘုရားဌာနများအား ထပ်မံပို့ဆောင်ပေးပါမည်။ ဇူလိုင်လအတွင်း စရံ(၂)သိန်း နှင့် ဒေါ်လာ ၁၀၀ ပေးသွင်း၍ နေရာယူပါက တစ်ဦးလျှင် ၅၀၀၀၀ိ/- လျှော့ပေးပါမည်။ သီတင်းကျွတ်နှင့် တန်ဆောင်တိုင်ခရီးစဉ်များအတွက် ကြိုတင်နေရာယူနိုင်ပါပြီ။ ရက်တို ၊ ဟိုတယ် နှင့် မိသားစုသီးသန့် ခရီးစဉ်များ စီစဉ်ပေးပါသည်။ သီရိလင်္ကာစွယ်တော်ဖွင့်ပွဲ (ဟိုတယ်တည်း/စား) ဩဂုတ်(၅)ရက်နေ့ထွက်မည်။ တစ်ဦးလျှင် - ၁၃၀၀ ဒေါ်လာ

ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃
ရုံးခွဲ - အမှတ်(၁၁၀)၊ မြေညီထပ်၊ (၁၉)လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။ ၀၁-၂၄၀၀၄၇၊ ၀၉-၅၃၂၁၀၀၂ ရန်ကုန်မြို့တွင်း Home Service
Website : www.khinnandartravel.com Facebook Page - ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ Email : khinnandartravels@gmail.com

## ဖခင်အမည်မှန်

မုဒုံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မလမင်းပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးအောင် ၁၀/မဒန(နိုင်)၁၁၁၆၁၆ ဖြစ်ပါကြောင်း။

**ဦးစိုးအောင်**

## အမည်ပြောင်း

မုဒုံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးမြင့်ဇော်၏သမီး နန်းမေဇင်မိုးအား မမေဇင်မိုး ၁၀/ကမရ(နိုင်)၁၈၄၈၉၆ ဟု ပြောင်းလဲခေါ်ပါရန်။

**မမေဇင်မိုး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၇၇၅၊၄၇၇၆၊၄၇၉၁၊၄၇၉၂) ဧရိယာ ၀ ဒသမ ၄၄၀ ဧကရှိ ဦးစည်သူလင်းအမည်ပေါက် ပါမစ်မြေကွက်(၄)ကွက်အား ဦးကျော်ဦး (ဘ)ဦးကာဒမွန် ၁၂/ပဘတ(နိုင်)၀၃၀၀၅၅ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# လုပ်ငန်းအမှတ်တံဆိပ်မူပိုင်ခွင့် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အခန်း(၂-ဘီ)၊ MTP Tower၊ အမှတ် ၁၁၅၊ ပြည်လမ်းတွင်တည်ရှိသော Partner Associates Int'l Co.,Ltd. (Reg. No.116713055) သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်ကို မူပိုင်ဖြစ်ကြောင်း မြွက်ဟကြေညာချက် ပြုလုပ်ကာ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့တွင် (၄/၂၁၂၅၃) (၁၈-၆-၂၀၁၉)အရ တရားဝင်မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

iBMC
integrated Border Management & Control

၄/၂၁၂၅၃ (၁၈-၆-၂၀၁၉)

အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်ကို Partner Associates Int'l Co.,Ltd. မှ လေဆိပ်များ၊ ရေကြောင်း ဝင်/ထွက်ပေါက်များနှင့် နယ်စပ်ဖြတ်ကျော်ဂိတ်များတွင် နယ်မြေဖြတ်ကျော် ခရီးသွားလာမှု (Border Control လုပ်ငန်းစဉ်)များ၊ လေကြောင်းခရီးသွားဝန်ဆောင်မှုနှင့် ပတ်သက်သော နည်းပညာလုပ်ငန်းရပ်များအတွက် (iBMC)အမည်ရှိ နည်းပညာ Platform အား တပ်ဆင်၍ နည်းပညာဆိုင်ရာဝန်ဆောင်မှု အမျိုးမျိုးအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းအမှတ်တံဆိပ်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တစ်နည်းနည်းဖြင့် တုပလျက် အသုံးပြုကြောင်း တွေ့မြင်ကြားသိပါက ကျူးလွန်သူအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေအောင်ခိုင် (အထက်တန်းရှေ့နေ) (စဉ်-၄၃၉၃၈)**
**ဖုန်း-၀၉-၄၂၁၇၃၆၃၈၈**

**အောင်ကမ္ဘာ**
(အိမ်၊ခြံ၊မြေ) ရောင်းဝယ်ရေး
ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရှိ ပေါက်ဈေး မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096144
09-450096155

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၁၇၅၃၈ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၀/ကထန(နိုင်)၁၁၈၈၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## ကန့်ကွက်နိုင်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြို့သစ်ရပ်နေ ဦးကိုကိုဦး ၉/မတရ(နိုင်)၁၂၁၁၉၅ မှ လက်ရှိပိုင်ဆိုင်လုပ်ကိုင်လျက်ရှိသော (၂၈၈-ခ/၂)၊ မတ္တရာအရှေ့ကွင်း၊ ဦးပိုင်အမှတ်(ပ-၉/၂)၊ မြေဧရိယာ ၀ဒသမ၀၂၉ ဧကရှိမြေအား မြေငှားဂရန်အသစ်(စက်မှု/စီးပွား)မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်လိုသူရှိပါက အထောက်အထားစုံလင်စွာဖြင့် မတ္တရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မတ္တရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ အလယ်ရပ် ဦးကျော်ရွှေ-ဒေါ်တင်တင်အေးတို့၏ သား မိုးကျော်သူ ၅/မရန(နိုင်)၂၄၅၄၁၆ သည် မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် သူနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ရွှေ**
**ဒေါ်တင်တင်အေး**

## ဖခင်အမည်တစ်ဦးတည်းဖြစ်ကြောင်း

လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ခဲ့သော မပန်းအိအိဇင်၏ ဖခင်အမည်မှန်မှာ ဦးသက် ၁၄/လပတ(နိုင်)၁၃၆၁၆၉ နှင့် ဦးဇော်မြင့်လတ်မှာ တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးသက်(ခ)ဦးဇော်မြင့်လတ်**

## ပျောက်ဆုံးကြောင်း

ကလေးဝမြို့နယ်၊ မစိန်ကျေးရွာနေ ဦးဌေးလွင် ၅/ကလဝ(နိုင်)၀၁၀၉၇၅ ပိုင်ဆိုင်သော ရွှေညီနောင်ရေယာဉ် ရညန/စက/၆၅၄ နှင့် လုပ်ငန်းလိုင်စင်အမှတ် ရညန/လငလစ/က-5/၁၈၀၏ လိုင်စင်/လုပ်ငန်းလိုင်စင်များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဦးဌေးလွင်-ဒေါ်အေးနိုင် ဖုန်း-၀၉-၄၀၀၅၃၀၇၅ သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မ၏ Cyber City Co.,Ltd သည် သွင်းကုန်ကြေညာလွှာ ID-A 27269 (29-6-2019)၊ ID-A 28331 (1-7-2019) မူရင်းများမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

**ဆက်သွယ်ရန်-**
**မသိမ့်သိမ့်အောင်**
**ဖုန်း-၀၉-၄၀၃၇၀၉၆၈၀**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပဲခူးခရိုင်တရားမရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၃၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၈ခုနှစ် တရားမဇာရီမှုအမှတ်-၄၄**

ဦးအုန်းလှိုင် နှင့် ၁။ ဒေါ်ခင်မာဦး
၂။ ကိုဖိုးဇော်
၃။ ကိုဇော်မျိုးထွန်း
၄။ ဒေါ်ခင်အုန်းမြင့်

(ဒီကရီအနိုင်ရသူ) (တရားရှုံးများ)

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အေးချမ်းရပ်နေ ကိုဇော်မျိုးထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၃၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးအုန်းလှိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၉ခုနှစ် ဇူလိုင် ၂၂ရက် (၁၃၈၁ခုနှစ် ဝါဆိုလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၉ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းနွယ်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးရဲထွန်း၏သား ထိရောက်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဇဗ်မင်းထွန်းအား မောင်ထွန်းမြတ်လင်းဟု ပြောင်းလဲခေါ်ပါရန်။

## လူပျောက်ကြော်ငြာ

ကျွန်တော် ဦးအားဂျူး ၁၃/ကတန(နိုင်)၁၂၃၃၁၈ ၏ ဇနီးဖြစ်သူ ဒေါ်ဘူးယု ၁၃/ကတန(နိုင်)၁၉၃၅၄၃ ကလေး(၃)ယောက်မိခင်သည် ၂၆-၆-၂၀၁၉ ရက်ညတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းခေါ်ဆောင်ထားပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးအားဂျူး**
**ဖုန်း-၀၉-၄၀၄၇၂၆၀၂၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း) အိမ်အမှတ် ၃၁၄၊ ရတနာပုံလမ်း၊ (၁၀၆)ရပ်ကွက်နေ ဦးဇော်မင်း-ဒေါ်အေးအေးမော်တို့၏သမီး မအိနှင်းဖြူနှင့် မအိသက်ပိုင် ၁၂/ဒဂတ(နိုင်)၀၅၁၉၁၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဦးစိုးဦး (ဘ)ဦးပွားမောင် ၅/အတန(နိုင်)၀၀၀၅၃၆ နှင့် 3M/2299 Volkswagen Golf မော်တော်ယာဉ်လက်ဝယ်ရှိသူတို့ သိရှိစေရန်

ကျွန်တော် ဦးတင်ဇော်ဦး ၁/ရကန(နိုင်)၀၂၃၀၄၀ အမည်ပေါက်ပိုင်ဆိုင်သည့် 3M/2299 VW မော်တော်ယာဉ်နှင့် ယာဉ်မှတ်ပုံတင်စာအုပ်တို့အား ရောင်းချရေးအလို့ငှာ ဦးစိုးဦးထံ အပ်နှံထားရှိခဲ့သော်လည်း ရောင်းချငွေကိုသော်လည်းကောင်း၊ မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ယနေ့အချိန်ထိ ပေးအပ်ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ အမြန်ဆုံးလာရောက်အပ်နှံဖြေရှင်းပါရန်နှင့် လိုက်နာခြင်းမရှိပါက တရားဥပဒေအရ ဆက်လက်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးတင်ဇော်ဦး**
**၁/ရကန(နိုင်)၀၂၃၀၄၀**

## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက (၆)၊ ဆဋ္ဌမတန်း (B)မှ မောင်သော်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးနိုင်ထွေး ၁၂/လသယ(နိုင်)၁၁၀၃၅၉ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ဂျုတ်ချောင်လေးကျေးရွာနေ ကျောင်းဝင်အမှတ် ၂၂၅၄(၂၀၁၈-၂၀၁၉) ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖဖထ-၁၀၂၃ ဖြင့် အောင်မြင်ခဲ့သော မအိအိဖြိုး ၈/ဆဖန(နိုင်)၁၀၈၀၉၀ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၈/ဆဖန(နိုင်)၀၅၇၉၂၅ ဖြစ်ပါကြောင်း။

**ဦးအောင်ဝင်း**

## ပတ်စ်ပို့ပျောက်

ကျွန်မ မစန္ဒာဆိုင်းပန် ၁/မကန(နိုင်)၂၀၆၉၆၈ ၏ ပတ်စ်ပို့နံပါတ် (M.876502) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၈၈၉၁၉**

## အမည်မှန်

စစ်တွေမြို့၊ ထက်မြတ်ထွန်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းအဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးကျော်ဇံလှ၏ သား မောင်လှနီအောင်၏အမည်မှန်မှာ မောင်သူရိန်လင်း ၁၁/ပတန(နိုင်)၁၂၉၀၈၉ ဖြစ်ပါကြောင်း။

မီး သတိပြု

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၈/မြိုင်သာယာ)၊ ဦးပိုင်အမှတ် (၁၈၅)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၀ ဧကရှိမြေသည် အခွန်အမှုတွဲအမှတ် (V)၈/၁၉၉၇-၁၉၉၈ အရ ဒေါ်မြညွန့်နှင့် ဦးစံဘတို့နှစ်ဦး အမည်ဖြင့် နှစ်၃၀အငှားဂရန်ရရှိထားပြီး၊ ဂရန်သက်တမ်းမှာ ၂၄-၂-၂၀၂၈ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ ခင်ပွန်း ဦးစံဘသည် ၂၈-၁-၂၀၁၄ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဇနီးဒေါ်မြညွန့်မှပိုင်ဆိုင်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ် (၁၀/၁၃၃)ဖြင့် ကျမ်းကျိန်ဆိုပြီး မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၁၃/၂၀၁၈)အရ မှတ်ပုံတင်ကာ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် (၃၁၄/၂၀၁၈)အရ တရားဝင်ပိုင်ဆိုင်လာပါသည်။ ဒေါ်မြညွန့်ကိုယ်စား ဆောင်ရွက်နိုင်ရန်အတွက် ဒေါ်လှလှဝေအား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၃၉၈/၂၀၁၈)အရ လွှဲအပ်ထားပြီး၊ လျှောက်ထားသူ ဒေါ်ယမင်းဆုမွန်နှင့် ဒေါ်ဆုမြတ်သီတာလှိုင်တို့နှစ်ဦးသည် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ် (၃၁၀/၂၀၁၉)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်လာ၍ မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ အထက (ကျိုက္ခမီ)၊ နဝမတန်းမှ မောင်အောင်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးစောသက်ဦး ၁၀/သဖရ(နိုင်)၀၆၈၂၄၇ ဖြစ်ပါကြောင်း။

**ဦးစောသက်ဦး**

## မွေးသက္ကရာဇ်အမှန်

ဦးအောင်ဆန်း၏သမီး မော်လမြိုင်မြို့၊ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ် က/၀၁၄၇၃ မချောရွှေရည်သိမ့်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၁၂-၂၀၀၃ ဖြစ်ပါကြောင်း။

**မချောရွှေရည်သိမ့်**

## မြစ်ကြီးနားမြို့ အေးမြသာယာအဆင့်မြင့်ဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများ ဝယ်ယူသူများနှင့် အများသိစေရန်ကြေညာချက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ရွှေလမ်းမဘေးရှိ အေးမြသာယာအဆင့်မြင့်ဈေးဆိုင်ခန်းများနှင့်ပတ်သက်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မဥ္ဇူသာဆောက်လုပ်ရေးကုမ္ပဏီမှ အေးမြသာယာဈေး(အဆင့်မြင့်ဈေး)တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပါသည်။ ယခုအခါတွင် အဆိုပါအေးမြသာယာဈေးကြီးအား စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ရေးအတွက် မဥ္ဇူသာကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိရာ အဆိုပါအေးမြသာယာအဆင့်မြင့်ဈေးဆိုင်ခန်းများကို ဝယ်ယူထားသူများအနေဖြင့် မဥ္ဇူသာကုမ္ပဏီနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ရန် အေးမြသာယာဈေးကြီး မြေညီထပ်တွင် ဖွင့်လှစ်ထားရှိသော ကုမ္ပဏီရုံးခန်းအတွင်းသို့ လာရောက်ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၂၇၃၈/၈၄**
**အမှတ် ၃/၁၄**
**မော်ဝမ်းရပ်၊ ဖားကန့်မြို့**
**ဖုန်း-၀၉-၄၇၀၃၆၄၆၁**

**လွှဲအပ်ညွှန်ကြားသူ**
**အေးမြသာယာဈေးကော်မတီ**
**ရွှေလမ်းမဘေး၊ မြို့သစ်ကြီးရပ်ကွက်**
**မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်**
**ဖုန်း-၀၉-၇၇၀၆၀၇၅၂၈**
**ဖုန်း-၀၉-၄၂၄၈၄၂၅၅၂**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြစ်ငယ်(၅)လမ်းရှိ မြေကွက်အမှတ် ၁၇၁၀၊ ဧရိယာ ၀ ဒသမ ၀၈၈ ဧက ကျယ်ဝန်းသော နှစ် ၃၀ မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးမြင့်အောင် ၁၂/မဂဒ(နိုင်)၀၄၆၄၁၀၊ ဒေါ်စန်းစန်း ၁၂/မဂဒ(နိုင်)၀၄၆၄၁၄ လင်မယားနှစ်ဦးမှ မိမိတို့သာလျှင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူများဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါနေအိမ်ဝိုင်းခြံမြေကွက်အား ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ဝင်း LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၄)**
**အမှတ် (၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၄၀၁၅၃၄၆၆၈၊ ၇၉၇၇၀၄၄၅၇**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါက်တာရဲထက်အောင် မန်နေဂျင်းဒါရိုက်တာ NEW SHWE MYINT MO Co.,Ltd ၏ လွှဲအပ်တောင်းဆိုချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေက နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းပွဲရုံတိုက်တန်း၊ အမှတ် (ပ-၂၀၇)၊ (ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၉-၄၄၄၆၁၀၀၅၄) တွင် NEW SHWE MYINT MO Co.,Ltd၏ ရုံးခွဲဖွင့်လှစ်ပြီး လုပ်ငန်းတာဝန်ခံမန်နေဂျာအဖြစ် ဦးကောင်းမြတ်သူ (ခ) ဦးရန်အောင်စိုးအား တာဝန်ပေးစေခိုင်းခဲ့ရာတွင် ဦးကောင်းမြတ်သူ(ခ)ဦးရန်အောင်စိုးသည် လုပ်ငန်းနှင့်ပတ်သက်သည့် ကိစ္စရပ်များတွင် မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ ဦးကောင်းမြတ်သူ(ခ)ဦးရန်အောင်စိုးအား လုပ်ငန်းတာဝန်ခံမန်နေဂျာအဖြစ်မှ ရပ်စဲထုတ်ပယ်ပြီး ၃၀-၆-၂၀၁၉ ရက်တွင် သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ခဲ့ရာ ဦးကောင်းမြတ်သူ(ခ)ဦးရန်အောင်စိုးမှာ အမှုကို လာရောက်ရင်ဆိုင်ဖြေရှင်းခဲ့ခြင်းမရှိပါ။

သို့ပါ၍ ဦးကောင်းမြတ်သူ(ခ)ဦးရန်အောင်စိုးမှ အထက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များအား အသုံးပြု၍ NEW SHWE MYINT MO အမည်ဖြင့်ဖြစ်စေ၊ အခြားအမည်ဖြင့်ဖြစ်စေ ပြုလုပ်ဆောင်ရွက်သည့် လုပ်ငန်းကိစ္စများရှိပါက ဖြစ်ပေါ်လာသောကိစ္စအရပ်ရပ်တို့သည် ဦးကောင်းမြတ်သူ(ခ)ဦးရန်အောင်စိုးနှင့် လက်ခံဆောင်ရွက်သူတို့၏ တာဝန်သာဖြစ်ကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်တောင်းဆိုချက်အရ-**
**ဦးထွန်းဝင်း D.AH.,B.Sc.,H.G.P,R.L.,D.BL**
**တရားလွှတ်တော်ရှေ့နေ(အမှတ်စဉ်-၄၇၇၈/၉-၁-၁၉၈၉)**
**အခန်း-၀၃၊ တိုက်-၈၊ ကံ့ကော်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၂၅၂၅၆၅၃၃၇၊ ၀၉-၇၉၇၉၉၈၅၈၈**

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး

## ဦးသက်ညွန့် (ပန်းချီ)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်အထက် (၁၃)လမ်း၊ အမှတ် (၄၇၂/ခ)နေ (ဦးထွန်းလွင်-ဒေါ်ခင်မေ)တို့၏သား၊ (ဦးစိန်လွင်-ဒေါ်ကျင်ကောက်)တို့၏ညီ၊ ဒေါ်လှကြည်၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်ညွန့်၊ ဒေါ်ရီရီညွန့်၊ ဦးပေါ်ဦးထွန်း(ခ)ဦးမင်းကိုနိုင်-ဒေါက်တာသီရိလွင်၊ ဦးအေးထွန်းဦး-ဒေါ်သန္တာညွန့်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မမွေ့သဲစံ၊ မောင်လင်းပြည့်စုံအောင်၊ မခွန်းဆက်သံသာတို့၏အဘိုးဖြစ်သူသည် ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ၁၃-၇-၂၀၁၉ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဝဇီရာရုံနှင့် ၃၃ လမ်းထိပ်၊နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) (၁၆/၄ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ၆၅၄(လေးလွှာ)၊ ဧငြိမ်း/ပွင့်ရုံးမှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာရန်စီစဉ်ထားပါသည်။)

[ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းစသောဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှအတန်းပေးဝေမည်ဖြစ်ပါသဖြင့် ၁၅-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်အေးမြင့် (ကျောက်တန်း)

**အသက်(၉၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အနောက်ပိုင်းရပ်ကွက်၊ ဦးမင်းလွင်လမ်း၊ အမှတ်(၄)နေ (ဦးဘညွန့်-ဒေါ်စိန်ရှင်)တို့၏သမီး၊ (ဦးအောင်မြင့်-ဒေါ်မေသန်း)တို့၏ညီမ၊ (ဦးထွန်းအုံ-ဒေါ်တင်မြင့်)၊ (ဦးအောင်ဝင်း-ဒေါ်သန်းရီ)၊ ရဲမှူးကြီးဦးစိန်ထွန်းအောင်(ငြိမ်း)-ဒေါ်ထွေးညွန့်၊ ဦးခင်ညွန့်-ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့၏အစ်မ၊ တူ၊ တူမ ၁၅ယောက်၊ မြေး၃၀ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ပါဒကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်နီလာဆွေ (မင်္ဂလာဒုံ)

**အသက်(၅၅)နှစ်**

တောင်သာမြို့၊ (၆)ရပ်ကွက်နေ (ဦးကံလှ)-ဒေါ်အုံးလှတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးကျော်ဆွေ-ဒေါ်စန်းရီ)တို့၏သမီး၊ ဦးအောင်ကြီးစိန်-ဒေါ်မေရီဆွေ၊ (ဦးရန်နိုင်ဆွေ)-ဒေါ်ဒေစီ၊ ဦးခင်မောင်ဆွေ-ဒေါ်ကြည်ကြည်မြင့်၊ (ဦးစံအောင်ရွှေ)တို့၏ညီမ၊ ဗိုလ်မှူးအောင်ခိုင်မင်း(ငြိမ်း)-ဒေါ်ယဉ်ယဉ်မွန်တို့၏အစ်မ၊ မောင်ကျော်ရဲခေါင်၊ မကေသီအောင်(စားသုံးသူရေးရာဦးစီးဌာန၊ လားရှိုး)၊ မောင်ပြည့်ဖြိုးဇော်တို့၏မိခင်၊ ဗိုလ်ကြီးကြည်မြင့်(ငြိမ်း)ဦးစီးအရာရှိ(ဟိုတယ်ခရီး) ၏ဇနီးသည် ၈-၇-၂၀၁၉ရက်ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် နံနက် ၁၁နာရီတွင် စစ်ကိုင်းမြို့၊ ယုန်ဖြူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(စစ်ကိုင်းမြို့သစ်၊ အနောက်ပိုင်းဟိုတယ်/ခရီး ရုံးဝင်းအတွင်းမှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြမျိုးညွန့်

**အသက်(၈၉)နှစ်**

(ပျော်ဘွယ်ဦးမြ-ဒေါ်ခင်မြကြီး)တို့၏သမီး၊ [ဗိုလ်မှူးချုပ်သောင်းဒန်(လေ)]၏ဇနီး၊ ဦးမျိုးဒန်(ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂေါက်ကွင်းပညာရှင်များအသင်းဆပ်ကော်မတီ-ဥက္ကဋ္ဌ)၏မိခင် ဒေါ်မြမျိုးညွန့်သည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**နာယကများနှင့်**
**ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်းဒါယကာကြီး

## ဦးမျိုးနိုင် (MD အောက်ထက်လွင်ကုမ္ပဏီ)

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၅/ခ)နေ (ဦးညွန့်တင်-ဒေါ်သိန်းရွှေ)တို့၏သား၊ (ဦးသန်း-ဒေါ်အေးဟန်)တို့၏သားသမက်၊ ဦးမြင့်သန်း-ဒေါ်ခင်ဌေးမြင့်၊ ဦးသန်းအောင်-ဒေါ်ချိုချိုမာ၊ (ဦးမျိုးသိန်း)-ဒေါ်ခင်ခင်စိုး၊ ဦးမင်းအောင်-ဒေါ်ပိုပိုမာ၊ ဒေါ်ရီရီဝင်းတို့၏ညီ/မောင်၊ ဦးအောင်မျိုးဝင်း-ဒေါ်ဌေးဌေးဝင်း၊ ဦးမင်းဇော်အောင်-ဒေါ်စန်းစန်းမွေးတို့၏အစ်ကို၊ မောင်အောင်ထက်လွင်-မခိုင်ဆုမွန်၊ မောင်ကောင်းဆက်လွင်၊ မောင်နောင်ထက်လွင်၊ မခင်ရတနာဆုတို့၏ဖခင်၊ ဒေါ်ခင်သစ်လွင်၏ချစ်လှစွာသောခင်ပွန်းသည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# အနိစ္စ

## ဦးမောင်မောင်ဇင်

**(ပုလော/မန္တလေး)**

**BE.Mechanical(1983)R.I.T**

**စက်မှုလယ်ယာ(ငြိမ်း)**

**အသက်(၆၁)နှစ်**

မန္တလေးမြို့၊ သဘော်တန်းရပ်နေ ဦးဘီမောင်-ဒေါ်ခင်ရီတို့၏သား၊ ပုလောမြို့နယ်၊ ပလမြို့နေ ဦးရွှေငယ်-(ဒေါ်အုန်းရီ)တို့၏သားသမက်၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၂×၂၃လမ်း၊ ၈၇×၈၈လမ်းကြား၊ ထွန်းတောက်ကျော်တိုက်ခန်း၊ အမှတ် A(2)နေ ဒေါ်ခင်ခင်စီ(လယ်/ပြ-ငြိမ်း)၏ခင်ပွန်း၊ မသူသူထက်ဇင်၊ မဖူးပွင့်ခိုင်ဇင်(History COE, MU)တို့၏ဖခင်၊ ဗိုလ်မှူးလှမောင်အေး(ငြိမ်း)-ဒေါ်မြမြရီ(စာရင်းစစ်၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)၊ ဦးအင်ကြွယ်-ဒေါ်သန်းအေး၊ ဦးခင်ရှင်-ဒေါ်သီတာလှ၊ ဦးအောင်မင်း-ဒေါ်ခင်ခင်ရီတို့၏မောင်၊ ဒေါ်မူမူအေး(အထက-၁၊ ဒဂုံ)၏အစ်ကို၊ ဦးမောင်မောင်ဇင်သည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စမ်းစမ်းအောင်

**ဦးစီးအရာရှိ**

**အသက်(၄၂)နှစ်**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စစ်တွေခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအောင်သည် ၉-၇-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၆း၄၀နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

## ဦးတင်အေး (ကျောင်းဆရာ)

**ကျောက်တန်းမြို့နယ်**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ ဈလမ်း၊ အမှတ် ၈၇/ခနေ (ဦးအုန်းလေး -ဒေါ်တင့်)တို့၏သား၊ (ဦးမြို့-ဒေါ်တင်ဥ)တို့၏သားသမက်၊ ဒေါ်တင်တင်အုန်း၏ခင်ပွန်း၊ ဦးအောင်ဆန်းဦး-ဒေါက်တာပပထွန်း(တွဲဖက်ပါမောက္ခ၊ သင်္ချာဌာန-ဘားအံတက္ကသိုလ်)တို့၏ဖခင်၊ မောင်စည် သူဟိန်း၏အဘိုးသည် ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့)နံနက် ၄း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၉ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဒေါ်နန်းလှဝင်း

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၁၆/၆၀၊ တော်ဝင်လမ်းနေ (ဦးရှမ်းဟိန်-ဒေါ်နန်းနွယ်) တို့၏သမီး၊ ဒုဗိုလ်မှူးကြီးစန်းအောင်(ငြိမ်း)(B.Sc Eng.)၏ဇနီး၊ ဦးဝင်းမောင်သိန်း၊ ဒေါ်နန်းစန္ဒာဝင်း၊ ဒေါက်တာသူရအောင်တို့၏မိခင်၊ ဒေါက်တာကျော်ဆန်းလင်း၊ မနန်းအိမွန်တို့၏အဘွားသည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဗိုလ်ကြီးကျော်ဇော(ငြိမ်း) B.Sc(Zoology)

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၈)သီဟတပ်ခွဲ**

**မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်**

**အထွေထွေအတွင်းရေးမှူး**

**Libra Life Co.,Ltd(Managing Director)**

**အသက်(၆၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နေ (ဦးကျင်ဖုန်-ဒေါ်စန်း)တို့၏သား၊ ပဲခူးမြို့နေ ဦးကျော်စွာ၊ ဒေါ်အေးမြင့်၊ ဦးဉာဏ်နိုင်၊ ဦးရဲအောင်၊ ဦးစန်းနိုင်၊ ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်သဇင်နွယ်၊ ဒေါက်တာဒေါ်ယဉ်ယဉ်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့နယ်၊ ကုန်းဘောင်လမ်းသွယ်(၁)၊ အမှတ် (၁၄/၅/၂၀၁၈)နေ ဦးထွန်းလှဖြူ-ဒေါ်ဖြူတို့၏သားသမက်၊ ဒေါ်ဖြူဖြူဦး၊ ဒေါ်အေးကျော့နု၊ ဒေါ်ဖြူဖြူဝင်း၊ဒေါ်သန်းသန်းအေး-ဦးကိုကိုအောင်၊ ဒေါ်တင်တင်ထူး-ဒေါက်တာကျော်စွာအေး၊ဒေါ်ထွေး ထွေးမူတို့၏အစ်ကို၊ မသင်းသင်းမြတ်၊ မောင်စိုင်းတင်ဌေးတို့၏ဖခင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၇လမ်း၊ အမှတ် ၁၁၅၊ မြေညီထပ်နေ ဒေါ်ယွန်းရတီထွန်း၏ခင်ပွန်းသည် ၆-၇-၂၀၁၉ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်၍ ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးတင်မောင်ဇော် (တပ်မတော်-လေ၊ ငြိမ်း)

**B.E Mechanical**

**O.T.S(61)**

**ARCTIC Engineering Co.,Ltd**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းတနော်လမ်း၊ အမှတ် ၃၁ (ပထမထပ်)နေ ဒေါ်ဝင်းနွဲ့ကြိုင်၏ခင်ပွန်း၊ ဗိုလ်ကြီးတင်မောင်ဇော်(ငြိမ်း)သည် ၈-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**O.T.S(61) မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဦးအောင်ခိုင် [Second Mate(F.G)မဟာနဒီကုမ္ပဏီ]

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့နေ (ဦးစောထွန်း)-ဒေါ်အေးခင်တို့သား၊ (ဦးမြသိန်း-ဒေါ်အမာ)တို့၏သားသမက်၊ ဒေါက်တာ ခင်မောင်ကြီး-ဒေါ်တာသန်းသန်းအေး၊ဒုဗိုလ်မှူးကြီးစောမောင်(ငြိမ်း)-ဒေါ်ခင်ခင်စု၊ ဒေါက်တာစံသာကျော်-ဒေါ်တင်တင်ဝင်းတို့၏ညီမောင်၊ ဒေါ်စံသာ၊ဒေါက်တာ ဒေါ်စံအေး၊ ဦးစိန်သန်း၊ ဒေါက်တာဒေါ်စံခိုင်တို့၏အစ်ကို၊ ဒေါ်ဝင်နီသိန်း၏ချစ်လှစွာသောခင်ပွန်း၊ မစောဝင့်ရည်ခိုင် (23 Batch MBA)၏ ချစ်လှစွာသောဖခင် ဦးအောင်ခိုင်သည် ၉-၇-၂၀၁၉ရက် ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၉ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၁၀၊ ဒုတိယထပ်၊ ကွက်သစ်လမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသြဘာသ (ပုလော/ရွှေလုံးအော်ကျောင်း)

**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၂)ဝါ**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ဇမ္ဗူပြင်ရွာ၊ ရွှေလုံးအော်ကျောင်းဆရာတော်၊ ခမည်းတော် ဦးဘိုးစိန်-မယ်တော် ဒေါ်ကြင်တို့၏သား၊ ဦးစိန်သင်း၊ ဒေါ်နီ၊ ဦးဘကြီး၊ ဦးဘငယ်တို့၏ညီ၊ ဒေါ်ချစ်၊ ဦးနိုးလှိုင်တို့၏အစ်ကိုသည် (၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ရက်) (တနင်္ဂနွေနေ့) ညနေ ၄း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ အန္တိမဈာပနပူဇာသဘင်အခမ်းအနားကို (၁၃၈၁ခုနှစ်၊ ဝါဆိုလမ်း ၁၃ရက်) ၁၄-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ဈာပနဖြစ်မြောက်ရေးကော်မတီ**
**ရွှေလုံးအော်ကျောင်း၊ ပုလောမြို့နယ်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အင်ဇီပေါ (ပင်လုံ)

**အသက်(၉၃)နှစ်**

(ဦးရန်ပင်-ဒေါ်ယိန်း)တို့၏သမီး၊ (ဦးချိန်ချောင်မြင့်)၏ဇနီး၊ ဦးအုန်းဆွေ-ဒေါ်အေးလမ်၊ (ဦးမောင်ကြီး-ဒေါ်စန်းလွင်)၊ (ဦးမောင်ငယ်)-ဒေါ်ရင်မေ၊ ဦးမောင်ခင်(ခ)ချင်ကျင်းဟွေး-ဒေါ်ရွှေဝါ၊ ဦးလွန်းစိန်-ဒေါ်နန်းခမ်းညွန့်၊ ဦးကျော်မောင်-ဒေါ်မြင့်မြင့်ဌေးတို့၏မိခင်၊မြေး ၂၇ယောက်၊ မြစ် ၁၉ယောက်တို့၏အဘွားသည် ၉-၇-၂၀၁၉ရက် မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၅ ရပ်ကွက်၊ ၁၂လမ်း၊ အမှတ် ၃၈ နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဦးကျော်လှိုင် (ညောင်တုန်း)

**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်**

**(ညောင်တုန်း၊ဓနုဖြူ၊ အထက၊ ကန်တော့ခံဆရာကြီး)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၀)ရပ်ကွက်၊ အင်းတိမ်ယာနေ (ဦးသောင်းမောင်-ဒေါ်ငြိမ်းခင်)တို့၏သား၊ (ဦးသိန်းကြွယ်-ဒေါ်သန်း)တို့၏သားသမက်၊ (ဦးကျော်မြင့်)၊(ဒေါ်ရင်မေ)တို့၏ ညီ/မောင်၊ ဦးကျော်ဆိုင်-ဒေါ်ဖြူဖြူ၊ (ဒေါ်စန်းမေ)၊(ဦးကျော်ခိုင်)တို့၏အစ်ကို၊ ဒေါ်ခင်ညိုညို၏ခင်ပွန်း၊ ဦးစိုးမိုးကျော်-ဒေါ်နီနီလှိုင်၊ ဦးကျော်ကျော်မိုး-ဒေါ်ယဉ်ယဉ်ထွေးတို့၏ဖခင်၊ မစိုးစန္ဒာလှိုင်၊ မောင်စည်သူစိုးတို့၏အဘိုး၊ မောင်ကောင်းထက်ကျော်၏ဘိုးဘိုးကြီးသည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဒေါ်ထွေးတင်

**(ရမည်းသင်း)**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ ဖိုးရာဇာလမ်း၊ အမှတ် ၂၁နေ (ဦးဘသန်း-ဒေါ်သန်းပု)တို့၏သမီး၊ ပါမောက္ခ ဦးအောင်သိန်း-ပါမောက္ခဒေါ်ခင်ဆွေဆွေကြူတို့၏အဒေါ်၊ ဗိုလ်ကြီးဉာဏ်လင်းအောင်(တပ်မတော်-ဆေး)၊ မရည်မွန်အောင်(Software Engineer)၊ မဆုမွန်အောင်တို့၏အဘွားသည် ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံဒါယကာကြီး

## ဦးစောဝင်း (စစ်တွေမြို့)

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ ပတ္တာမြားနှင်းဆီလမ်း၊ အမှတ် ၈၆နေ (ဦးအဝင်း-ဒေါ်စောတင်)တို့၏သား၊ (ဦးခွတ်လပ်-ဒေါ်ကျင်စိန်)တို့၏သားသမက်၊ ဒေါ်ကျင်နွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာစောဆုမွန်၏ဖခင်သည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးထွန်းထွန်းဦး

**Htoo Group of Companies**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီရာ(၃)လမ်း၊ အမှတ် ၂၉၁နေ [ဦးစိုးတင့်(ဒုအရာခံဗိုလ်)-ဒေါ်ခင်လေးရီ(အထက်တန်းကျောင်းအုပ်-ငြိမ်း)]တို့၏သား၊ (ဦးတင်ရွှေ)-ဒေါ်သိန်းဟန်တို့၏သားသမက်၊ (ဦးသူရစိုး)-ဒေါ်စန်းစန်းဝေ၊ ဦးကျော်ဇေယျ-ဒေါ်စန်းစန်းချိုတို့၏အစ်ကို၊ မအေးမြတ်သူ၊ မောင်စိတ္တနိုင်တို့၏ဦးလေး၊ ဒေါ်ဌေးဌေးအောင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်နန္ဒအောင်၊ မောင်အာကာအောင်(ခေတ္တကိုးရီးယား)တို့၏ဖခင်သည် ၇-၇-၂၀၁၉ရက် ည ၇း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၉ရက် ည၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ရက် နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် ကေအဲန်ယူတို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ - ၈

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမေရိကန်မြို့တော် ဝါရှင်တန်တွင် ရေလွှမ်း

စာမျက်နှာ - ၁၄

# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းကို ကစားသမား ၄၅ ဦးဖြင့် ဖွဲ့စည်း

**ရန်ကုန် ဇူလိုင် ၉**

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၄၅ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၂ အသင်းတွင် ယခင်ဖွဲ့စည်းခဲ့သည့် အသင်းမှ ကစားသမားအများစုပါဝင်လာသလို လူငယ်လိဂ်ပြိုင်ပွဲနှင့်ပထမတန်းပြိုင်ပွဲမှ ကစားသမားအချို့လည်း ရွေးချယ်ခံခဲ့ရသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ဩဂုတ်လလယ်တွင် စခန်းဝင်လေ့ကျင့်မည်ဖြစ်သော်လည်း ယခုလတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့များ၌ လေ့ကျင့်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ကလပ်အသင်းများတွင် ပုံမှန်ပွဲထွက်ခွင့်မရသည့် ကစားသမားများအတွက် ရည်ရွယ်ကာ ဇူလိုင် ၁၀၊ ၁၇၊ ၂၄၊ ၃၁ ရက်တွင် လေ့ကျင့်သွားမည်ဖြစ်သည်။ နည်းပြချုပ် ပိုပေါ့ဗ်သည် ညနေ ၃ နာရီမှ ၆ နာရီထိ သုံးနာရီကြာ

စာမျက်နှာ ၇ ကော်လံ ၅ ◆



မြန်မာ ယူ-၂၂ အသင်း ဇွန်လ က လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ဒိန်းမတ်နိုင်ငံ၌ လေ့ကျင့်နေ

**ရန်ကုန် ဇူလိုင် ၉**

မြန်မာကြက်တောင် အားကစားမယ် သက်ထားသူဇာသည် ဘီနင်နှင့် အိုင်ဗရီကို့စ်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက်ပိုင်း ဒိန်းမတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်လျက်ရှိသည်။

သက်ထားသူဇာသည် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ၏ အစီအစဉ်ဖြင့် ဒိန်းမတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်နေခြင်းဖြစ်ပြီး နှစ်လကြာမြင့်မည်ဖြစ်ကာ လေ့ကျင့်နေစဉ်ကာလအတွင်း ဩဂုတ်လ၌ ကျင်းပမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ သက်ထားသူဇာသည် ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် ပြင်ဆင်နေခြင်းဖြစ်ပြီး ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်လျက်ရှိသည်။



သက်ထားသူဇာကို မြန်မာနိုင်ငံတွင် လေ့ကျင့်စဉ်က တွေ့ရစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ ၂၀၁၉ ခုနှစ် ဧပြီမှ ၂၀၂၀ ပြည့်နှစ် ဧပြီအထိ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံတကာပြိုင်ပွဲများမှ ရမှတ်များနှင့် ကမ္ဘာ့အဆင့်အပေါ် တွက်ချက်၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သောကြောင့် သက်ထားသူဇာအနေဖြင့် ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

သက်ထားသူဇာသည် ဘီနင်နှင့် အိုင်ဗရီကို့စ်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အိုင်ဗရီကို့စ်နိုင်ငံမှ ဒိန်းမတ်နိုင်ငံသို့ ထွက်ခွာသွားကာ စက်တင်ဘာ ၆ ရက်မှသာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

သက်ထားသူဇာသည် ငယ်စဉ်ကတည်းက နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလို ၂၀၁၈ အောက်တိုဘာတွင် ပြည်ပပြိုင်ပွဲများ၌ အောင်မြင်မှုရပြီးနောက်ပိုင်း ပရိသတ်နှင့် ရင်းနှီးကျွမ်းဝင်လာသလို အောင်မြင်မှုများ ဆက်တိုက်ရလာသောကြောင့် ပိုမိုနာမည်ကြီးလာခြင်းဖြစ်သည်။ သက်ထားသူဇာသည် ၂၀၁၈ အောက်တိုဘာမှ ၂၀၁၉ ဇူလိုင်အထိ နိုင်ငံတကာပြိုင်ပွဲများ၌ ချန်ပီယံဆု ခြောက်ကြိမ်၊ ဒုတိယဆု တစ်ကြိမ်ရရှိထားသည်။

**ညီမြတ်သော်တာ**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ၂၀၁၉ အာဆီယံပြိုင်ပွဲအတွက် ပြန်လည်လေ့ကျင့်

**ရန်ကုန် ဇူလိုင် ၉**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် ဇူလိုင် ၈ ရက်မှစ၍ ပြန်လည်လေ့ကျင့်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၂၈ ရက်မှ ဇူလိုင် ၅ ရက်အထိ ပြည်တွင်းခြေစမ်းခရီးစဉ် သွားရောက်ခဲ့ပြီး နှစ်ရက်ကြာလေ့ကျင့်မှုရပ်နားကာ ပြန်လည်လေ့ကျင့်နေခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းခြေစမ်းခရီးစဉ်အပြီးတွင် ပဏာမလူစာရင်းမှ ဒဏ်ရာရနေသည့် ဂိုးသမားဇာဇာမြင့်နှင့် တိုက်စစ်မှူး မြတ်နိုးခင်တို့ကို ဆေးကုသရန် ပြန်လည်စေလွှတ်ပေးခဲ့ပြီး ကစားသမား ၂၄ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ဇူလိုင်လ နောက်ဆုံးပတ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ သွားရောက် လေ့ကျင့်မည်ဖြစ်ပြီး ယင်းခရီးစဉ်မတိုင်မီ ပြည်တွင်း၌ ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် တရုတ်ခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်ပြီး ကစားသမား ၂၄ ဦးစလုံး ခေါ်ဆောင်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးသို့ ခြေစမ်းပွဲသွားရောက်ကစားခဲ့ပြီး ခြေစမ်းပွဲလေးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

**ရဲရင့်ရှိုင်း**



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့မှာ သံမဏိတွေနဲ့ ပထမဆုံးတည်ဆောက်ထားတဲ့ အထပ်မြင့်အဆောက်အအုံသစ်



မောင်ချစ်ကြည်၊ ဓာတ်ပုံ-ကေဇင်သွယ်သင်း

**ရန်ကုန်မြို့ရဲ့နေရာအနှံ့ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာကိုကြည့်လိုက်ရင် အထပ်မြင့် အဆောက်အအုံတွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မြို့ကြီးတွေမှာ အထပ်မြင့်မိုးပျံ အဆောက်အအုံတွေပေါ်များတာကလည်း ရန်ကုန်မြို့ပဲ ဖြစ်ပါတယ်။ ဒီလိုအထပ်မြင့်အဆောက်အအုံတွေ အများအပြားရှိနေတဲ့ ရန်ကုန်မြို့မှာ သံမဏိတွေနဲ့ တည်ဆောက်ထားတဲ့ M Tower အဆောက်အအုံကို လာမယ့် ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှာ ဖွင့်လှစ်နိုင်ဖို့ ကြိုးစားဆောင်ရွက်နေတယ်လို့ သိရပါတယ်။**

"ဒီအဆောက်အအုံရဲ့ အမြင့်ကို လက်ရှိစည်းကမ်းသတ်မှတ်ချက်အရ ၁၁၂ မီတာအထိသာ ဒီဇိုင်းရေးဆွဲဆောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အခုလိုစီမံကိန်းတွေ တည်ဆောက်နေမှုက ရန်ကုန်မြို့ရဲ့လူနေမှုဘဝကို အဆင့်မြှင့်တင်ပေးနိုင်ဖို့ အထောက်အကူပြုမှာဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပေါ်ပေါက်လာစေမှာဖြစ်ပါတယ်" လို့ M Tower အဆောက်အအုံကို တာဝန်ယူတည်ဆောက်နေတဲ့ မုတ္တမဟိုဒင်းကုမ္ပဏီဥက္ကဋ္ဌ ဦးရန်ဟိုက ဇွန် ၂၉ ရက်က ပြုလုပ်တဲ့ မီဒီယာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

အခုတည်ဆောက်နေတဲ့ M Tower အထပ်မြင့်အဆောက်အအုံက အမှတ် ၅၂၇ ပြည်လမ်း ကမာရွတ်မြို့နယ် လှည်းတန်းစင်တာနဲ့ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်အကြား မြေနေရာမှာ အကောင်အထည်ဖော်တည်ဆောက်နေတာဖြစ်ပါတယ်။ ထူးခြားတာကတော့ ရန်ကုန်မြို့မှာ သံမဏိတွေအသုံးပြုပြီး အထပ်မြင့်တည်ဆောက်ထားတဲ့ ပထမဆုံးအဆောက်အအုံပဲဖြစ်ပါတယ်။

ဒီအဆောက်အအုံဟာ မြေအကျယ် ၃၀၀၀ စတုရန်းမီတာပေါ်မှာ တည်ဆောက်နေတာဖြစ်ပြီး အထပ်ပေါင်း ၂၆ ထပ်ရှိပါတယ်။ မူလက အထပ်ပေါင်း ၃၀ ဒီဇိုင်းနဲ့ တည်ဆောက်ဖို့ စီစဉ်ခဲ့ပေမယ့် သတ်မှတ်ထားတဲ့ ရန်ကုန်မြို့ရဲ့ အဆောက်အအုံအမြင့် စည်းမျဉ်းစည်းကမ်းတွေကြောင့် အထပ်လျှော့ပြီး တည်ဆောက်နေတာဖြစ်ပါတယ်။

အဆောက်အအုံတစ်ခုလုံးကို စတီးဖရိန်တွေနဲ့ တပ်ဆင်တည်ဆောက်နေပြီး မြေအောက်နှစ်လွှာကိုတော့ ခိုင်ခံ့မှုပိုမိုကောင်းမွန်အောင် သံကူကွန်ကရစ်နဲ့ တည်ဆောက်နေတာလည်း ဖြစ်ပါတယ်။ ဒီအဆောက်အအုံစီမံကိန်းဟာ အမေရိကန်ဒေါ်လာ သန်း ၈၀ ခန့် ကုန်ကျခံနိုင်မယ်လို့လည်း ခန့်မှန်းထားပါတယ်။ **အချပ်ပို (ယ) သို့**

**အဆောက်အအုံတစ်ခုလုံးကို စတီးဖရိန်တွေနဲ့ တပ်ဆင်တည်ဆောက်နေပြီး မြေအောက်နှစ်လွှာကိုတော့ ခိုင်ခံ့မှုပိုမိုကောင်းမွန်အောင် သံကူကွန်ကရစ်နဲ့ တည်ဆောက်နေတာလည်း ဖြစ်ပါတယ်။ ဒီအဆောက်အအုံစီမံကိန်းဟာ အမေရိကန်ဒေါ်လာ သန်း ၈၀ ခန့် အကုန်အကျခံနိုင်မယ်လို့လည်း ခန့်မှန်းထားပါတယ်**



## ရန်ကုန်မြို့ ရေစီးရေလာ ၇၅ ရာခိုင်နှုန်း တိုးတက်ကောင်းမွန်လာ

အချပ်ပို (ခ)



## စိတ်အေးချမ်းသာစီးနင်းစရာ ရန်ကုန်အဝါရောင်ကျောင်းကားလေးပါ

အချပ်ပို (ဂ)

# ရန်ကုန်မြို့ရေစီးရေလာ ၇၅ ရာခိုင်နှုန်း တိုးတက်ကောင်းမွန်လာ

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်

မြန်မာ ပြည်တစ်ဝန်း မိုးများဖြိုင်ဖြိုင်ရွာသွန်းလာပြီဖြစ်သည်။ ရန်ကုန်မြေတွင် မိုးဦးလေဦး၌ အချို့သော မြို့နယ်တို့တွင် သစ်ပင်ကြီးများ ပြိုလဲမှု တွေ့လာရသော်လည်း ယခုနှစ်တွင် နှစ်စဉ်ရေလျှံလေ့ရှိတတ်သော မြို့နယ်အချို့တွင် ကားလမ်းများပေါ်၌ ရေကြီးရေလျှံခြင်း၊ အိမ်များအတွင်းသို့ ရေများစီးဝင်ခြင်း သတင်းများကို ကြားသိတွေ့မြင်ရခြင်းမရှိပေ။

မိုးသည်းသည်နှင့် နှစ်စဉ်နှစ်တိုင်း ကားလမ်းပေါ်သို့ အချိန်ကြာမြင့်စွာ ရေများတင်၍ ကားများ အသွားအလာ၊ ခရီးသည်များ အသွားအလာ အခက်အခဲဖြစ်လေ့ရှိခဲ့သော စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့်ဗားကရာလမ်းဆုံတွင်လည်းကောင်း၊ တာမွေမြို့နယ် ဗလီမှတ်တိုင်ဝန်းကျင်တွင်လည်းကောင်း၊ တာမွေမြို့နယ် ယုဇနပလာဇာ ဝန်းကျင်တွင်လည်းကောင်း၊ ယခုနှစ်တွင် အထက်ကဆိုခဲ့သော အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့မှ သိရသည်။

**မြေအောက်မြောင်း ရှင်းလင်းနိုင်ခဲ့**

နှစ်စဉ်မိုးရွာလာသည်နှင့်ကားလမ်းပေါ်တွင် ရေပင်လယ်ဖြစ်ခဲ့သည့် စမ်းချောင်းမြို့နယ် ဗားကရာလမ်းနှင့်ဗဟိုလမ်းဆုံအနီးရှိ ဆိုက်ကားဂိတ်မှ အနေးယာဉ်လုပ်သားတစ်ဦးက "ဒီနှစ်မိုးရာသီ အစမှာကတည်းက မိုးများပေမယ့် ဒီလမ်းဆုံတွေမှာ ရေတင်ပြီး ကားအသွားအလာ၊ ခရီးသည်အသွားအလာ အခက်အခဲတွေ မတွေ့ရတော့ဘူးဗျ။ လမ်းသားတွေလည်း မြင့်တက်လာတယ်။ အင်္ဂလိပ်လက်ထက်ကတည်းကရှိခဲ့တဲ့ မြေအောက်မြောင်းကြီးကိုလည်း ရှင်းလင်းနိုင်ခဲ့တဲ့အတွက် ရေစီးရေလာ ကောင်းသွားပါပြီ" ဟု ၎င်း၏ အမြင်ကို ပြောသည်။



ယခုနှစ်မိုးရာသီ ရန်ကုန်မြို့တွင် မြောင်းများရှင်းလင်းထားမှုကြောင့် ရေစီးရေလာကောင်းမွန်လာမှုကို တွေ့ရစဉ်။

ယင်းကဲ့သို့ ရန်ကုန်မြို့ကြီးမှ မြို့နယ်အတော်များများ ရေစီးရေလာတိုးတက်ကောင်းမွန်လာမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် (၁၁)၊ ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှု လုပ်ငန်းတာဝန်ခံအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဟန်နှင့် တွေ့ဆုံခဲ့သည်။

**ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်**

ယခုအခါ မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့နေပြည်သူတို့အကျိုး ပိုမိုဆောင်ရွက်နိုင်ရန်အလို့ငှာ လုပ်ငန်းတာဝန်ခံအဖွဲ့ ခုနစ်ဖွဲ့နှင့် ဌာနကြီးသုံးခုဖြင့် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

အဓိကသိချင်သော အကြောင်းအရာနှင့် ပတ်သက်၍ ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှုတွင် မြို့နယ် ၃၃ မြို့အား မြို့တော်စည်ပင်သာယာရေးကော်မတီဝင် (၁၁) က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး မြို့နယ်အလိုက် မြို့နယ်စည်ပင်ဥက္ကဋ္ဌ၊ ကော်မတီဝင်နှစ်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနမှ ဒုတိယဦးစီးမှူး တစ်ဦးတို့က အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး မြို့နယ်စည်ပင် EO က အတွင်းရေးမှူးအဖြစ် ပါဝင်သောအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်နေကြောင်း သိရသည်။

**၇၅ ရာခိုင်နှုန်း တိုးတက်ကောင်းမွန်လာ**

လုပ်ငန်းတာဝန်ခံအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဟန်က "မြို့တော်ကြီး ရေစီးရေလာကောင်းမွန်ဖို့အတွက် အခုလိုမိုးမရောက်ခင်ကတည်းက ကျွန်တော်တို့ စည်ပင်မှာ စတင်တာဝန်ယူစဉ်ကတည်းက ဆောင်ရွက်လာခဲ့တာပါ။ အခုဆို ၇၅ ရာခိုင်နှုန်းလောက် တိုးတက်ကောင်းမွန်လာပြီလို့ ပြောလို့ရပါပြီ" ဟု ရှင်းပြသည်။ ***အချပ်ပို (ဃ) သို့***



ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ထမ်းများက ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များဆယ်ယူရှင်းလင်းနေမှုကို တွေ့ရစဉ်။

**မိုးသည်းသည်နှင့် နှစ်စဉ်နှစ်တိုင်း ကားလမ်းပေါ်သို့ အချိန်ကြာမြင့်စွာ ရေများတင်၍ ကားများ အသွားအလာ၊ ခရီးသည်များ အသွားအလာ အခက်အခဲဖြစ်လေ့ရှိခဲ့သော စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့် ဗားကရာလမ်းဆုံတွင်လည်းကောင်း၊ တာမွေမြို့နယ် ဗလီမှတ်တိုင်ဝန်းကျင်တွင် လည်းကောင်း၊ တာမွေမြို့နယ် ယုဇနပလာဇာ ဝန်းကျင်တွင်လည်းကောင်း၊ ယခုနှစ်တွင် အထက်ကဆိုခဲ့သော အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီ"**

# စိတ်အေးချမ်းသာစီးနင်းစရာ ရန်ကုန်အဝါရောင်ကျောင်းကားလေးပါ

● ရှင်နော်၊ ဓာတ်ပုံ- ထိန်လင်း




> “ရန်ကုန်မြို့ရဲ့လက်ရှိအခြေအနေနဲ့ နှိုင်းယှဉ်ပြီး ပြောရမယ်ဆိုရင် အဝါရောင်ကျောင်းကားများဟာ လိုအပ်နေဆဲပါ။ သယ်ယူပို့ဆောင်ရေးနဲ့ လုံခြုံရေးနည်းပညာအဆင့်မြှင့်ထားတဲ့ အဝါရောင်ကျောင်းကားများ အစီးရေတိုးပွားလာမှသာ ကိုယ်ပိုင်ကားနဲ့ ကျောင်းလာတက်သူတွေ၊ ကျောင်းသားဦးရေအနည်းငယ်နဲ့ ပြေးဆွဲနေတဲ့ ကျောင်းကားတွေ လျော့ပါးသွားမှာပါ။ ကားအစီးရေနည်းသွားလို့ လမ်းပေါ်မှာယာဉ်ကြောကျပ်တည်းမှု နည်းသွားသလို၊ လုံခြုံရေးနည်းပညာအဆင့်မြှင့်တင်ထားတဲ့ စမတ်ကတ်များကြောင့် လုပ်ငန်းခွင်ဝင်နေရတဲ့ မိဘများအနေနဲ့လည်း ကျောင်းသားကျောင်းသူများအတွက် တစ်ဖက်တစ်လမ်းက စိတ်အေးရမှာ ဖြစ်ပါတယ်”

ရန်ကုန်မြို့တော်ကြီးဟာတစ်နေ့နဲ့ တစ်နေ့မတူညီတဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အထင်သာအမြင်သာဆုံးဖြစ်တဲ့ ကားဟောင်းကြီးတွေကနေ ကားသစ်ကြီးတွေအဖြစ် ပြောင်းလဲသွားတာ၊ အကိုင်းအခက်အရွက်အလက်တို့နဲ့ ဖုံးလွှမ်းနေတဲ့ အများပြည်သူသုံးပန်းခြံကြီးများဘဝကနေ မြက်ခင်းစိမ်းစိမ်းဝင်ကြေးအခမဲ့နဲ့ စိတ်ကြည်နူးစရာမြင်ကွင်းအဖုံဖုံကိုပေးစွမ်းနိုင်တဲ့ ပန်းခြံများအဖြစ်ပြောင်းလဲသွားတာတွေ၊ မိုးရွာစဉ် ရေပြည့်နေတဲ့ လမ်းဆုံကြီးတွေမှာ ရေဖုံးလွှမ်းမှုတွေမတွေ့ရတော့တာတွေက မြို့တော်ရန်ကုန်ရဲ့ ပြောင်းလဲမှုအပိုင်းအစတွေပဲ ဖြစ်ပါတယ်။

**အဝါရောင်ကျောင်းကားများ**

ဒီလိုပြောင်းလဲမှုအပိုင်းအစတွေကို နေ့စဉ်ရက်ဆက် စောင့်ကြည့်နေခဲ့ရာမှာ အမှတ်တမဲ့မကြည့်ဖြစ်ခဲ့တဲ့ ပြောင်းလဲမှုများလဲပါဝင်ခဲ့ပါတယ်။ နှစ်စဉ်နှစ်တိုင်းအခြေခံကျောင်းများ ဖွင့်ချိန်မှာ ကျောင်းသားကျောင်းသူလေးများရဲ့ကျောင်းတက်မှုအခြေအနေနဲ့ ပတ်သက်ပြီးဂရုတစိုက်ရေးသားလာခဲ့ပေမယ့် ဒီနှစ်မှာတော့ သတိမမူဖြစ်ခဲ့ပါဘူး။ စာရေးသူအနေနဲ့ စတင်သတိထားမိတဲ့အချက်ကတော့ ကျောင်းသား ကျောင်းသူလေးများကို ယခင်လိုလမ်းပေါ်မှာမတွေ့ရတော့တဲ့ အခြေအနေတစ်ရပ်ပါပဲ။ သတိတရနဲ့ စုံစမ်းမိတဲ့အခါမှာကျောင်းတက်ချိန်များ ပြောင်းလဲထားတယ်လို့ သိရပါတယ်။ နောက်တစ်ခုထူးခြားတာကတော့ ကျောင်းကားများပါ။ ကျောင်းကားများကို ပုဂ္ဂလိကပိုင် အဝါရောင်ကျောင်းကားများ တွေ့မြင်ရသလို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်နဲ့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က တာဝန်ယူပြေးဆွဲပေးနေတဲ့ ကျောင်းကားများကိုလည်း တွေ့မြင်ရပါတယ်။

တိုက်ဆိုင်မှုလို့ပဲဆိုရမှာပါ။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) က ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲ (၄/၂၀၁၉) ကို တက်ရောက်ဖြစ်ခဲ့ပါတယ်။ အဲဒီသတင်းစာရှင်းလင်းပွဲမှာ YRTA ရဲ့ မန်နေဂျင်းဒါရိုက်တာဖြစ်တဲ့ ဦးအောင်ညီညီမော်က အဝါရောင်ကျောင်းကားများကိစ္စနဲ့ ပတ်သက်ပြီး အခုလိုရှင်းလင်းပြောကြားခဲ့ပါတယ်။

**ကျောင်းကားတွေတိုးချဲ့ပေးဖို့ စီစဉ်**

“ကျွန်တော်တို့အနေနဲ့ ကျောင်းကားအရေအတွက်ကိုထပ်မံတိုးချဲ့သွားဖို့ ရှိပါတယ်။ လက်ရှိပြေးဆွဲနေတဲ့ ကျောင်း ၁၂ ကျောင်းအပြင် ထပ်မံတောင်းခံလာတဲ့ ကျောင်းတွေအပေါ်မှာလည်း ညှိနှိုင်းပြီး ဆောင်ရွက်သွားဖို့ အခြေအနေရှိပါတယ်။ လက်ရှိပြေးဆွဲနေတဲ့ ကျောင်း ၁၂ ကျောင်းမှာမှ တစ်နေ့တစ်နေ့ ပိုမိုတိုးလာနေတဲ့ ကျောင်းသားအရေအတွက်ကို ကျွန်တော်တို့ကျောင်းကားပေးနိုင်ရေး စနည်းနာတဲ့ အခြေအနေရှိပါတယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့က ကျောင်းကားရဲ့ လမ်းကြောင်းပေါ်မှာ မူတည်ပြီးအစီးရေကိုခွဲပြီးတော့ ထပ်မံပြေးဆွဲပေးဖို့ လက်ရှိပြေးဆွဲနေတဲ့ ကျောင်းတွေနဲ့ စီစဉ်ဆောင်ရွက်နေတာရှိသလို နောက်ထပ်အခြားကျောင်းကို ဥပမာ- မြို့ထဲက ကျောင်းတွေကလည်း ကျွန်တော်တို့ဘက်ကို ပြန်ပြီးပြောလာတာတွေ ရှိပါတယ်။ သို့ပေမယ့် ကျွန်တော်တို့အနေနဲ့ကနဦးကျောင်းမှာ သွားရောက်ပြီး ဆွေးနွေးပါ့မယ်။ ပြီးရင်ကျောင်းသားအရေအတွက်ရယ်၊ ပြေးဆွဲပေးရမယ့် လမ်းကြောင်းရေယာရယ် သတ်မှတ်ပေးပြီးတဲ့အခါကျရင် ဒီလုပ်ငန်းကိုရှေ့ဆက်တိုးချဲ့သွားဖို့ အစီအစဉ်ရှိပါတယ်။

ကျောင်းကားကို စီးနင်းလိုက်ပါလာတဲ့ ကျောင်းသား ကျောင်းသူများရဲ့ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးအတွက်ကိုလည်း နည်းပညာအသုံးပြုတဲ့ အခြေအနေတွေကို တိုးမြှင့်ဆောင်ရွက်သွားဖို့ ရှိပါတယ်။ ဒီနေရာမှာသုံးစွဲသွားနိုင်မယ့် ကျောင်းကားပေါ်မှာသွားမယ့် ကတ်စနစ်ကိုလည်း ဒီထက်ပိုမိုကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပြီးတော့ ကတ်စနစ်မှာအသုံးပြုမယ့် သတင်းအချက်အလက်တွေကိုလည်း ကျောင်းသားတွေရဲ့ မိဘအုပ်ထိန်းသူများထံပေးပို့ကောက်ခံသွားဖို့ အစီအစဉ်များကိုလည်း လက်ရှိဆောင်ရွက်လျက်ရှိပါတယ်။ ဒါကို ဒီလအတွင်းမှာ ပေးပို့ဆောင်ရွက်သွားမှာဖြစ်ပြီး သတင်းအချက်အလက် ကောက်ယူပြီးတာနဲ့ တစ်ပြိုင်နက်တည်းမှာ ကျောင်းသားကျောင်းသူတွေဟာ ကျောင်းကားကိုအတက်အဆင်းမှာပါ အသုံးပြုနိုင်မယ့် စမတ်ကတ်စနစ်နဲ့သွားမှာ ဖြစ်ပါတယ်။

**ကျောင်းကားစီးမှု အတက်အဆင်းသိနိုင်**

ဒါဆိုရင် ဒီကျောင်းကားကို စီးနင်းလိုက်ပါလာမယ့် ကျောင်းသားကျောင်းသူများရဲ့ ကျောင်းကားပေါ်အတက်အဆင်းအချိန်တွေကိုလည်း မိဘများဟာ မိုဘိုင်းအက်ပလီကေးရှင်းကနေ တစ်ဆင့်သိရှိရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာနည်းပညာပိုင်းကိုအထောက်အပံ့ပြုနေတဲ့ ကုမ္ပဏီကိုလည်း ပြောကြားထားပြီးဖြစ်ပါတယ်။ အဓိကအချက်အလက်ကတော့ ကျောင်းသားရဲ့ကိုယ်ရေးအချက်အလက်ကို ဒီကတ်ထဲမှာ ထည့်သွင်းဖို့ရှိပါတယ်။ ဒါမှလည်း ဘယ်ကျောင်းသား၊ ဘယ်ကားပေါ်မှာ၊ ဘယ်အချိန်လိုက်ပါတယ်။ ဘယ်အချိန်စီးနင်းတယ်။ ဘယ်အချိန်ပြန်ဆင်းသွားတယ် ဒါကို အတိအကျ သိရမှာဖြစ်ပါတယ်။ အဲဒီအတွက်ကို ဒီလအတွင်းမှာအချက်အလက်တွေ ကောက်ယူပြီးလို့ရှိရင် မကြာခင်ကာလအတွင်းမှာစတင်ဆောင်ရွက်ပါမယ်။ စက်ပစ္စည်းကိရိယာတွေအနေနဲ့က ကျောင်းကားတွေပေါ်မှာ စီစီတီဗွီအပါအဝင်၊ အတက်အဆင်းဖတ်နိုင်တဲ့ Reader တွေဟာ မနှစ်ကတည်းကတပ်ဆင်ပြီးဖြစ်ပါတယ်။ ကျောင်းသားလေးတွေ အသုံးပြုမယ့်ကတ်ကို ပုံစံရေးဆွဲပြီးဖြစ်ပါတယ်။ အဲဒီအတွက် အချက်အလက်ကို ကနဦးကောက်ယူပါမယ်။ ကောက်ယူပြီးစတင်သုံးစွဲမယ့်အခြေအနေကိုလည်း ပြန်ပြီးပြောပါမယ်။ အက်ပလီကေးရှင်းသုံးတဲ့အခါမှာ အသုံးပြုမှုကိစ္စရပ်တွေကို လွယ်ကူအောင် ထောက်ပံ့ပေးနေတဲ့ ကုမ္ပဏီကိုဆက်သွယ်ပြီး မေးမြန်းလာရင် ဖြေကြားနိုင်အောင် စီမံဆောင်ရွက်ပေးထားမှုရှိပါတယ်။ ဒါမှကျောင်းသားမိဘတစ်ယောက်က ဒီအက်ပလီကေးရှင်းကို ဘယ်လိုအသုံးပြုရမလဲလို့ မေးတဲ့အခါမှာ လွယ်လင့်တကူပြောနိုင်မှာပါ။ လိုအပ်ရင် အသုံးပြုမှုလမ်းညွှန်တွေကိုလည်း ပေးပို့ဆောင်ရွက်သွားဖို့ ရှိပါတယ်။ ဒါက ကျွန်တော့်အနေနဲ့ ကျောင်းကားပေါ်မှာအသုံးပြုနေတဲ့ နည်းပညာပိုင်းနဲ့ ပတ်သက်ပြီးတင်ပြခြင်းဖြစ်ပါတယ်” ဟု ပြောသည်။

ရန်ကုန်မြို့ရဲ့လက်ရှိအခြေအနေနဲ့ နှိုင်းယှဉ်ပြီး ပြောရမယ်ဆိုရင် အဝါရောင်ကျောင်းကားများဟာ လိုအပ်နေဆဲပါ။ သယ်ယူပို့ဆောင်ရေးနဲ့ လုံခြုံရေးနည်းပညာအဆင့်မြှင့်ထားတဲ့ အဝါရောင်ကျောင်းကားများ အစီးရေတိုးပွားလာမှသာ ကိုယ်ပိုင်ကားနဲ့ ကျောင်းလာတက်သူတွေ၊ ကျောင်းသားဦးရေအနည်းငယ်နဲ့ ပြေးဆွဲနေတဲ့ ကျောင်းကားတွေ လျော့ပါးသွားမှာပါ။ ကားအစီးရေနည်းသွားလို့ လမ်းပေါ်မှာ ယာဉ်ကြောကျပ်တည်းမှု နည်းသွားသလို၊ လုံခြုံရေးနည်းပညာအဆင့်မြှင့်တင်ထားတဲ့ စမတ်ကတ်များကြောင့် လုပ်ငန်းခွင်ဝင်နေရတဲ့ မိဘများအနေနဲ့လည်း ကျောင်းသားကျောင်းသူများအတွက် တစ်ဖက်တစ်လမ်းကစိတ်အေးရမှာဖြစ်ပါတယ်။ လက်ရှိမှာ ကျောင်းကား ၉၈ စီးနဲ့ ကျောင်းသားဦးရေ ၁၈၀၀ ကျော်ကိုသယ်ယူပို့ဆောင်ပေးလျက်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ရဲ့ ရန်ကုန်စာမျက်နှာမှာ ရန်ကုန်ကျောင်းသား ကျောင်းသူလေးများ လုံခြုံစိတ်ချအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးဆောင်ရွက်ပေးနေတဲ့ YRTA အဖွဲ့ကြီးအား ရန်ကုန်ကျောင်းကား အစီအစဉ်ကို ရှေ့ဆက်ဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြု ပြောပါရစေ။



ရန်ကုန်မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် စည်ပင်ဝန်ထမ်းများ ရေမြောင်းအတွင်းမှ အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုကို တွေ့ရစဉ်။

*အချပ်ပို (ခ) မှ*

"တစ်ခုတော့ရှိတယ်။ ရေထရက်၊ ဒီရေတက်တဲ့အချိန် မြစ်ရေကလည်း တက်လာမယ်။ မိုးကလည်း ကောင်းကောင်းရွာလာမယ်။ အဲဒီလို တိုက်ဆိုင်မှုရှိလာရင် အဲဒီနေရာတစ်ဝိုက်မှာတော့ ရေပြန်ကျသွားဖို့က တစ်နာရီလောက်တော့ကြာတတ်တယ်။ နောက်တဖြည်းဖြည်းနဲ့ မြစ်ထဲကို ပြန်ဆင်းသွားတတ်ပါတယ်" ဟု ရှင်းပြသည်။

ထပ်မံ၍ "အခုလိုလုပ်နေရတာက အရင်မလုပ်ဘဲ ကျန်နေခဲ့တဲ့နေရာတွေကို ဦးစားပေးပြီး ပြည်သူလူထုနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေရတာဖြစ်ပါတယ်။ အချို့မြောင်းတွေအပေါ်မှာ အသေခင်းထားတဲ့ ကွန်ကရစ်အခင်းတွေကို ပြန်ဖြိုနေရပါတယ်။ အရင်က ရေစီးရေလာနဲ့ ပတ်သက်ရင် လမ်းတံတားဌာနက ဆောင်ရွက်တာပါ၊ အခုပြန်လည်ဖွဲ့စည်းလိုက်တဲ့အခါ စက်ယန္တရား လုံလုံလောက်လောက်မရှိဘဲ ရှိတဲ့လူအင်အားနဲ့ ကြိုးစားဆောင်ရွက်နေရတာဖြစ်ပါတယ်၊ ရှေ့ကိုတိုးဖို့ရာမှာ အခက်အခဲတွေရှိတာ အမှန်ပါပဲ" ဟု ရှင်းပြသည်။

**လူဦးရေ ခုနစ်သိန်းနီးပါး အထိရှိလာ**

ရန်ကုန်မြို့တော်ကြီးအား မြို့ကွက်ဖော်တည်ဆောက်ရာ၌ ယခင်စတင်တည်ဆောက်ခဲ့သော အင်္ဂလိပ်အစိုးရအနေဖြင့် မြို့ရှိလူဦးရေ ၄၀၀၀၀ မျှလောက်အတွက်သာ စီမံဆောင်ရွက်ခဲ့ပြီး ယနေ့ ရန်ကုန်မြို့တွင် လူဦးရေ ခုနစ်သိန်းနီးပါး အထိရှိလာပြီဖြစ်ရာ မြို့တွင်း မြို့နယ်တို့အတွက် မိလ္လာတွန်းစက်(လေမှုတ်စက်) ပင်လျှင် နှစ်ပေါင်း ၁၃၁ နှစ်ရှိပြီဖြစ်ကြောင်း၊ ရေဆင်းမြောင်းများကိုလည်း ထိုနည်းအတိုင်း တွက်ချက်ခဲ့ခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးမင်းဟန်က ပြောသည်။

မြို့ပေါ်၌ ရေများလျှံရခြင်း၊ တင်ကျန်နေရခြင်း အကြောင်းနှင့် ပတ်သက်၍ "အရင်က မြို့နယ်အသီးသီးမှာ သဘာဝရေကန်တွေ၊ ရေအိုင်တွေရှိတယ်။ အဲဒီရေကန်၊ ရေအိုင်တွေကို စီးပွားရေးသမားတွေက မြေတွေဖို့ပြီး အထပ်မြင့်အဆောက်အအုံတွေဆောက်ကြတယ်။ စက်ရုံတွေဆောက်ကြတယ်။ နောက်--- အိမ်ကြားတွေ၊ နောက်ဖေးလမ်းကြားတွေက အရင်က မြေသားတွေရှိကြတယ်။ မိုးရွာရင် မိုးရေက မြေသားထဲကို စိမ့်သွားတယ်။ အခုက ကွန်ကရစ်တွေ ခင်းထားကြတယ်။ မိလ္လာကန်တွေပြုလုပ်ထားကြတယ်။ အဲဒါကြောင့် မိုးရေတွေက အိမ်ရှေ့မြောင်းတွေထဲ၊ နောက်ဖေးမြောင်းတွေထဲ စီးဝင်သွားကြတယ်။ အရင်က ပြုလုပ်ထားခဲ့တဲ့ မြောင်းတွေက တိမ်တယ်။ ကျဉ်းတယ်။ ဒါကြောင့် ရေလျှံမှုတွေဖြစ်လာရခြင်း အကြောင်းတစ်ခုပါ။ နောက်လူတွေရဲ့စည်းကမ်းမဲ့ အမှိုက်ပစ်မှုတွေကြောင့် မြောင်းတွေ ပိတ်ဆို့မှုတွေ ဖြစ်လာတယ်။ ဆက်စီးလို့မရတော့ ရေတွေက လမ်းမပေါ်တက်လာတယ်။ နိမ့်တဲ့အိမ်တွေထဲ စီးဝင်တယ်" ဟု ရှင်းပြသည်။

အဖွဲ့အနေဖြင့် ယခင်က ရှိခဲ့ပြီးသော မြေအောက်မြောင်းကြီးများအတွင်းရှိ အမှိုက်များကိုပါ ရှင်းလင်းရပြီး ရေစီးရေလာကောင်းမွန်ရေးအတွက် လူအင်အားကိုသာ အဓိကထားရှင်းလင်းနေကြရခြင်းဖြစ်သည်။ စက်ယန္တရားများကို တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်နှင့်အညီ ဘတ်ဂျက်အရ နိုင်ငံခြားမှ မှာယူထားလျက်ရှိကြောင်း သိရသည်။

အဓိကလုပ်ငန်းအနေဖြင့် စည်းကမ်းမဲ့သူတို့ မြောင်းအတွင်းသို့ စွန့်ပစ်သော အမှိုက်များ တစ်ခါသုံးပစ္စည်းကို နေ့စဉ်နှင့်အမျှ ရှင်းလင်းနေကြရခြင်းဖြစ်သည်။

**အလေးထား ဆောင်ရွက်**

ဥက္ကဋ္ဌ ဦးမင်းဟန်က "ကျွန်တော်တို့အနေနဲ့ ဒီလုပ်ငန်းစဉ်ကို မိုးတွင်းတစ်ချိန်တည်းသာ လုပ်တာမဟုတ်ပါဘူး။ ကျန်တဲ့ရာသီလပါ ဆက်တိုက်လုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် နောင်နှစ်မိုးကာလရောက်ရင် အဆင်ပြေသွားမှာပါ။ ကျွန်တော်တို့ အဖွဲ့ရဲ့အကြွေးတွေကို နောက်လူတွေအတွက် မကျန်ခဲ့စေဖို့ ကျွန်တော်တို့အလေးထား ဆောင်ရွက်သွားမှာပါ" ဟု ပြောသည်။

မြို့တော်နေပြည်သူများအားလုံးက မိမိတို့မြို့တော်ကြီးအား အစဉ်ထာဝရ သန့်ရှင်းလှပစေချင်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ပါ၍ ဤနေရာတွင် အတွေးအခေါ် အသိအမြင်တစ်ခုသည် မိမိစိတ်အစဉ်ဝယ် အမြဲကိန်းအောင်နေဖို့ လိုအပ်ပေသည်။ မိမိတစ်ယောက်တည်းက ပစ်လိုက်သော အမှိုက်တစ်ခုသည် ဘာမျှမဖြစ်လောက်ဟုဆိုသော်လည်း မိမိမှ နောက်တစ်ယောက်၊ နောက်တစ်ဦးဆိုပါက များပြားလာသော အမှိုက်များဖြစ်လာမည်ကို သိမြင်ဖို့ လိုပေသည်။

**အမှိုက်တွေမပစ်ကြပါနဲ့**

သို့အတွက် ဥက္ကဋ္ဌ ဦးမင်းဟန်က "ကျွန်တော်တို့ကို ပြည်သူအများက အသိတရားနဲ့ ဝိုင်းဝန်းကူညီကြပါ။ မြောင်းတွေထဲ နောက်ဖေးလမ်းကြားတွေမှာ အမှိုက်တွေမပစ်ကြပါနဲ့၊ မိမိအိမ်ရှေ့ မိမိနောက်ဖေးမြောင်းတွေမှာ တစ်ပိုင်တစ်နိုင်အနေနဲ့ မြောင်းဖုံးတွေပြုလုပ်ကြပါ။ ကုသိုလ်စိတ်၊ ပရဟိတစိတ်နဲ့တစ်လတစ်ခါလောက်ကို မိမိအိမ်ရှေ့ အိမ်နောက် မြောင်းတွေထဲက အမှိုက်တွေကို ဆယ်ကြပါ။ မြောင်းချေးတွေကို ဆယ်ထုတ်ကြပါ။ ဒါဆို မြို့တော်ကြီးမှာ ရေကြီးရေလျှံမှုတွေ ကင်းဝေးပြီး သန့်ရှင်းတဲ့ မြို့တော်ကြီးဖြစ်လာမှာပါ။ အဲဒီအခါ ဌာနက ကုန်ကျမယ့်ငွေကြေးက မြို့တော်ကြီးအတွက် အခြားသော ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အထောက်အပံ့ဖြစ်လာနိုင်တာမို့ မြို့နေပြည်သူအပေါင်းက ဝိုင်းဝန်းကူညီမှုတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်" ဟု နိဂုံးချုပ်ခဲ့သည်။ ။

# လူငယ်အသံဖိုရမ်- ၂၀၁၉ ကျင်းပမည်

အပြည်ပြည်ဆိုင်ရာ ကျောင်းသားလူငယ်အဖွဲ့အစည်းက စီစဉ်ကျင်းပသော လူငယ်အသံဖိုရမ် ၂၀၁၉ ကို ဇူလိုင် ၁၆ ရက်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖိုရမ်တွင် အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်(ရန်ကုန်)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများ အဓိကပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လူငယ်အသံဖိုရမ်အစီအစဉ်သည် ၂၀၁၈ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် ၆ ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ လူငယ့်အသံဖိုရမ်ကို မန္တလေးမြို့၌လည်း ဇူလိုင် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ကျန်းမာပျော်ရွှင်တဲ့ လူမှုအဖွဲ့အစည်းတစ်ခုကို ထူထောင်ချင်တဲ့သဘောပါ။ ကျွန်တော်တို့ နိုင်ငံမှာက ပွင့်လင်းလာတဲ့အခါမှာ အလုပ်တွေကပိုများလာပြီ။ ပိုများလာတဲ့အခါမှာ စိတ်ဖိစီးမှုများလာတယ်။ လူငယ်တွေအနေနဲ့ ကျောင်းမှာကတည်းက ဒီကိစ္စရပ်ကို ပြင်ဆင်ထားတဲ့အခါကျတော့ နောက်ပိုင်းလုပ်ငန်းခွင်ရောက်တဲ့အခါမှာ အောင်မြင်မယ်။ အဲဒီလို လုပ်ငန်းခွင်မှာ အောင်မြင်တာဟာ ကျွန်တော်တို့ရဲ့နိုင်ငံကို ပြန်ပြီးအကျိုးပြုပါတယ်" ဟု လူငယ်အသံဖိုရမ်ဖြစ်မြောက်ရေးအတွက် ဦးဆောင်စီစဉ်သူ ကိုမင်းမြင့်မော်က ပြောသည်။

လူငယ်အသံဖိုရမ် ၂၀၁၉ တွင် အလုပ်ရုံဆွေးနွေးပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်ပြီး ရန်ကုန်မြို့တွင် ကျင်းပမည့်ဖိုရမ်၌ ဒေါက်တာဖြိုးသီဟ၊ ကိုအောင်ခန့်၊ မသန္တာလှိုင်နှင့် ကိုရီးယားနိုင်ငံမှ မီးပြတိုက် လူမှုအဖွဲ့အစည်း ထူထောင်သူတစ်ဦးဖြစ်သည့် Aya Terasawa တို့ ပါဝင်ဆွေးနွေးမည်ဖြစ်ပြီး မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပမည့် ဖိုရမ်တွင် အကယ်ဒမီဆွေဇင်ထိုက်၊ ဒေါက်တာမျိုးထက်၊ Parami Institute Founder Dr Kyaw Moe Tun၊ မန္တလေးလူငယ်စွန့်ဦးတီထွင်သူများ အသင်းမှ ဇင်ဇင်ခိုင်တို့ ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ရန်ကုန်မြို့မှာ သံမဏိတွေနဲ့ ပထမဆုံးတည်ဆောက်ထားတဲ့ အထပ်မြင့်အဆောက်အအုံသစ်......မှ**

အဲဒီသံမဏိအထပ်မြင့်အဆောက်အအုံကို ၂၀၁၆ ခုနှစ် ဇွန်လမှာ စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းဖြစ်တဲ့ ဧပြီလထဲမှာ ဖွင့်လှစ်နိုင်ဖို့ မျှော်မှန်းထားပါတယ်။ အဆောက်အအုံရဲ့ မြေပေါ်အမြင့်ကတော့ ၁၁၂ ဒသမ ၂ မီတာရှိပြီး မြေအောက်အနက် ၁၁ ဒသမ ၂ မီတာရှိတယ်လို့ စီမံကိန်းဆိုင်ရာ အချက်အလက်တွေမှာ ဖော်ပြထားပါတယ်။

ရန်ကုန်မြို့မှာ ပထမဆုံး သံမဏိဖရိန်သုံး အမြင့်ဆုံးအော့ဖစ်တာဝါဖြစ်လာမယ့် ဒီအထပ်မြင့်အဆောက်အအုံဟာ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ နှုန်း တိုက်ခတ်မှုကို ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားတာဖြစ်သလို လုံခြုံမှုအပိုင်းအနေနဲ့ အပြင်ပိုင်းကို အရည်အသွေးမြင့်မားတဲ့ မှန်နံရံတွေ သုံးထားပြီး အတွင်းပိုင်းကိုလည်း အရည်အသွေးမြင့်တဲ့ မှန်နံရံတွေနဲ့ အသုံးပြုထားတာ ဖြစ်ပါတယ်။ ဒါကြောင့် အပူချိန်နဲ့ အသံဆူညံမှုတွေက သက်သာလျော့နည်းစေမှာ ဖြစ်ပါတယ်။

အဲဒီအဆောက်အအုံမှာ အသုံးပြုတဲ့ ကုန်ကြမ်းပစ္စည်းတွေကိုလည်း တရုတ်၊ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတွေက တင်သွင်းကာ တည်ဆောက်ထားတာဖြစ်သလို ဂျပန်နည်းပညာနဲ့ သံမဏိတန်ချိန်ရှစ်ထောင်ကျော်ကို အသုံးပြုထားတယ်လို့ ဆိုပါတယ်။ အထပ် ၂၀ မြင့်တဲ့ ဒီအဆောက်အအုံမှာ ကားအစီးရေ ၂၆၅ စီး ရပ်နားနိုင်တဲ့ ကားပါကင်လည်း ထည့်သွင်းထားပါတယ်။

ဒီအဆောက်အအုံကို နိုင်ငံသားပိုင် မုတ္တမဟိုဒင်းကုမ္ပဏီလီမိတက်က ၅၁ ရာခိုင်နှုန်းနဲ့ ဟောင်ကောင်အခြေစိုက် Mutual Profit ကုမ္ပဏီ လီမိတက်မှ ၄၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံကာ အကျိုးတူပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာတော့ အထပ်မြင့်အဆောက်အအုံတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ စက်မှုဇုန်တွေနဲ့ သီလဝါအထူးစီးပွားရေးဇုန်မှာတော့ ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနဲ့ ပြည်တွင်းပြည်ပ ပူးပေါင်းရင်းနှီးမြှုပ်နှံမှုတွေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေကြတာ အများအပြားပါပဲ။

ရန်ကုန်မြို့အပါအဝင် တစ်နိုင်ငံလုံးမှာ အထပ်မြင့်အဆောက်အအုံတွေ တည်ဆောက်တဲ့အခါ အမြင့်ဆုံး ၃၄ ထပ်အထိသာ ခွင့်ပြုထားတယ်လို့ အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့က သတ်မှတ်ထားပါတယ်။ ရန်ကုန်မြို့မှာတော့ ၃၄ ထပ်မြင့်တဲ့ အဆောက်အအုံနှစ်လုံးသာရှိပြီး တစ်လုံးကတော့ အင်းလျားလိတ်ဟိုတယ်အနီး ဦးထွန်းငြိမ်းလမ်းမှာ ဒိုင်းမွန်းအင်းယားပဲလေ့စ် ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ ၃၃ ထပ်မြင့်တဲ့ အဆောက်အအုံတွေ၊ ၂၉ ထပ်မြင့်တဲ့ အဆောက်အအုံတွေလည်း တည်ဆောက်ပြီး တည်ဆောက်ဆဲအနေအထားတွေ ရှိနေပါတယ်။ အထပ်မြင့်အဆောက်အအုံတွေဟာ တည်ဆောက်ရင် ပိုင်ရိုက်ဖောင်ဒေးရှင်းစနစ်နဲ့သာ ခွင့်ပြုထားပြီး ရိုးရိုးဖောင်ဒေးရှင်းနဲ့ တည်ဆောက်ဖို့ ခွင့်မပြုထားပါဘူး။ ပိုင်ဖောင်ဒေးရှင်းက ငလျင်ဒဏ်ခံနိုင်မှုရှိတယ်လို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတွေက ပြောထားပါတယ်။

အခုလည်း ရန်ကုန်မြို့ရဲ့ ဒုတိယမြို့လယ်ကောင် တစ်ခုအဖြစ် တည်ရှိလာတဲ့ လှည်းတန်းလိုနေရာမှာ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်သစ်တစ်ခု ဖြစ်လာမယ့် M Tower ဟာ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ထွက်ပေါ်လာဖို့ ရှိနေပါတယ်။ လက်ရှိတည်ဆောက်ရေးအပိုင်းကာလမှာလည်း လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေနေပါတယ်။

ငလျင်ဒဏ်ခံနိုင်မှု၊ လေပြင်းတိုက်ခတ်ဒဏ်ခံနိုင်မှု၊ အရည်အသွေးမီ တည်ဆောက်မှုဒီဇိုင်းထူးခြားမှုနဲ့အတူ မြန်မာနိုင်ငံရဲ့ စီးပွားရေးကိုမြို့တော် ရန်ကုန်မှာတော့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက်ရော၊လူငယ်တွေအတွက်ပါ အကျိုးပြုနိုင်မယ့် ပထမဆုံးသံမဏိဖရိန်သုံး အထပ်မြင့်အဆောက်အအုံတစ်ခုပဲဖြစ်ပါတယ်။ ။